www.burmeseclassic.com

ပို့ရဆန်းကြယ်လုံးချင်းဝတ္ထု

# ကြိုခတ္တ (၂)

## ကျောက်ဘီလူးကျွန်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်တွင်ပါဝင်သည့်အခန်းများ


အခန်း (၁) - ငွေတစ်ကျပ်ဖြင့် ချမ်းသာမည့်နည်းကို ဝယ်ရခြင်း။
အခန်း (၂) - ရတနာဒီပကျွန်း၌ တွေ့ရသူ။
အခန်း (၃) - ကြောင်တစ်ရာကို ရှာမည်သူ... ။
အခန်း (၄) - ပြတ်နေသော လှိုဏ်ဂူကွင်းဆက်။
အခန်း (၅) - အီစတာကျွန်းမှ ကျောက်ရုပ်ကြီးများ။
အခန်း (၆) - ပဟေဠိဆန်သော ပုစ္ဆာ...။
အခန်း (၇) - စောင့်ကြိုနေသည့် အန္တရာယ်များ။
အခန်း (၈) - ကျောက်ဘီလူးကျွန်းမှ အန္တရာယ်...။
အခန်း (၉) - ကျောက်ဘီးလူးရုပ်မှ လှိုဏ်ဂူချက်။
အခန်း (၁၀) - ပင်လယ်ပြင်မှလာသော ထူးဆန်းသည့်လူ...။
အခန်း (၁၁) - ပျောက်ဆုံးနေသည့် ဂျိုရှနယ်မြေ။
အခန်း (၁၂) - ပင်လယ်ဓုန်းလား မီးစုန်းလား။
အခန်း (၁၃) - ရုပ်ထုတစ်ရာမြောက်ကျောက်ဘီလူး။
အခန်း (၁၄) - ဘီလူးခံတွင်းမှထွက်လာသောလူ။
အခန်း (၁၅) - ရတနာများကိုတွေ့ရလေပြီ... ။
အခန်း (၁၆) - မဂ္ဂဒီယရောင်ပြန်။
အခန်း (၁၇) - သိင်္ဂါရနိဒါန်းအစ...။




## အခန်း (၁)

*(ငွေတစ်ကျပ်နှင့် ချမ်းသာမည့်နည်းကိုဝယ်ရခြင်း)*

တစ်နေ့သ၌ ကျွန်ုပ်သည် လုံးချင်းဝတ္ထုစာအုပ်တစ်အုပ်ကို အောင်အောင်မြင်မြင်နှင့် ပြီးဆုံးအောင် ရေးသားပြီးလျှင် ထုတ်ဝေသူလက်ထဲသို့ အပ်နှံပြီးခဲ့သည့်နောက်တွင် ကလေးတစ်ယောက်ကို မွေးဖွားပြီးသွားသည့် မိန်းမတစ်ယောက်ကဲ့သို့ စိတ်ထဲ၌ လွတ်လပ်ပေါ့ပါးလျက်ရှိ နေလေသည်။

စိတ်လွတ်လူလွတ်ဖြစ်နေသောကာလတွင် လူတို့၏ သဘာဝအတိုင်း ဟိုနေရာသွားချင်သလို ဒီဟာလုပ်ချင်သလိုလိုဖြစ်နေတော့သည်။

ထိုအချိန်တွင် နံနက်ပိုင်း တပည့်မကျော်မောင်တိုးအောင် စီစဉ်ပေးသော ငါးထပ်ကြီးဘုရားကုန်းဘက်မှ အညာသားလက်ဖက်ရည်၊ မောင်ရွှေဘိန်းမုန့်နှင့် လက်ဖက်ခြောက်များများ ခတ်ထားသော လက်ဖက်ရည် ခါးခါးသောက်ရင်း နံနက်ပိုင်းရောက်ရှိ

www.burmeseclassic.com



နေသည့် သတင်းစာနှင့် စာစောင်များကို ခေါင်းကြီးပိုင်းမှအစ ကြော်ငြာပါမကျန် လိုက်လံ ဖတ်ရှုလျက်ရှိနေသည်။

သတင်းစာ၊ စာဆောင်များတွင် ကျွန်ုပ်စိတ်ဝင်စားသော သတင်းများမှာ စာပေရေးရာအကြောင်းများ၊ စာရေးဆရာတို့၏ အာဘော်များ၊ စာအုပ်ကြော်ငြာများ၊ မြင်းပြိုင်ပွဲသတင်းများနှင့် ရုပ်ရှင်သတင်းများပင် ဖြစ်လေသည်။ ကျွန်ုပ်ဖတ်နေသည့် သတင်းစာမှာ တာဝန်ခံ အယ်ဒီတာ ဦးသိမ်းမောင်စီစဉ်ထုတ်ဝေသော ပြည်ထောင်စုနေ့စဉ် သတင်းစာပင် ဖြစ်သည်။ထိုခေတ် ထိုအခါကထွက်သော ပြည်ထောင်စုသတင်းစာမရှိ၊ လင်းယုန်ဂျာနယ်၊ မြန်မာ့အလင်း၊ အိုးဝေ ဂျာနယ်၊ ဗမာ့ခေတ်သတင်း မှ၊ မိုးကြိုးဂျာနယ်၊ ရှုခေါင့်ဂျာနယ်၊ ရွှေတူဂျာနယ် အစရှိသော လူကြိုက်များလှသည့်စာစောင်တစ်ခုပင် ဖြစ်ပေသည်။

အချိန်မှာ ၁၃၂၂ (၁၉၆၀-၆၁) ခုနှစ်ဝန်းကျင်ဖြစ်သော ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာလည်း မတည်မငြိမ်ဖြစ်နေသည့်ကာလဖြစ်ရာ သတင်းစာ၊ ဂျာနယ်၊ စာစောင်များက နိုင်ငံရေးနှင့် ပတ်သက်သောသတင်းများအား အသားပေးကာရေး သားဖော်ပြကြလေသည်။

ကျွန်ုပ်ဖတ်ရှုနေသည့် သတင်းစာမှာ ၁၄ နှမ်မြောက် လွတ်လပ်ရေးနေ့က ကြိုအတွက်ထုတ်ဝေထားသော စာစောင်ဖြစ်ရာ





လွတ်လပ်ရေးနှင့်ပတ်သက်သော သတင်းအများအပြားကို ဦးစား ပေးဖော်ပြထား လေသည်။

ထို့နှင့်အတူ လွတ်လပ်ရေးနေ့တွင် မြင်းပြိုင်ကွင်းတွင် ကျင်းပမည့် မြင်းပွဲများအကြောင်းကိုလည်း စာမျက်နှာတစ်မျက် နှာ ကော်လံအပြည့် ကြော်ငြာထားလေသည်။

*လွတ်လပ်ရေးနေ့ မြင်းပွဲ*

ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ ရန်ကုန်မြင်းပြိုင်ကွင်း တွင် မြင်းပွဲ ၁၄ ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဖိုးကပ်ပွဲကို ၁ ပွဲ၊ ၃ ပွဲ၊ ၅ ပွဲ၊ ၇ ပွဲ၊ ၁၃ ပွဲတို့ဖြစ်ပြီး ၃ ကောင်ဖိုးကပ်ပွဲကို ၁၄ ပွဲ ကျင်းပပြုလုပ်ပေးမည် ဖြစ်ကြောင်း။

*ယနေ့စတီးစပ်လျှိုကြီး*

စည်သူဦးဖိုးဖျော့ တရားသူကြီး ဦးအောင်ခိုင်၊ ဦးထွန်းဦး ၃ ကောင်ပွဲကို ၆ ပွဲ၊ ၁၁ ပွဲ၊ ၁၂ ပွဲတို့ဖြင့် ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊

*မြင်းပရိသတ်စောစောကြွ*

ယနေ့ လွတ်လပ်ရေးနေ့မြင်းပွဲတွင် တရုတ်သမ္မတနိုင်ငံမှ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့်အဖွဲ့မှ လာရောက်ကြမည်ဖြစ်သော ကြောင့် မြင်းပွဲလာ ပရိသတ်များသည် စောစောကြွမှ နေရာ ရမည်ဖြစ်၏။

*ယနေ့မြင်းပွဲ ၁၀ နာရီခွဲစမည်*



www.burmeseclassic.com

www.burmeseclassic.com



စီးမည့်ဂျော်ကီနှင့် နိုင်ကောင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါ ကြောင်းဟု အစချီကာ စီးမည့်ဂျော်ကီများ မြင်းများနှင့် ပွဲစဉ်များကို ဝေဝေဆာဆာ ရေးသားဖော်ပြထားလေသည်။

ကျွန်ုပ်သည် ဘိန်းမှန်တစ်ကိုက် လက်ဖက်ရည်တစ်ကျိုက်နှင့် သတင်းစာဖတ်နေစဉ် ခြံဝန်းထဲသို့ မောင်းဝင်လာသော မော်တော်ကား စက်သံကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်သော အခါ ဒေါက်တာမင်းထင်ကျော်၏ကားဖြစ်မှန်းသိရသဖြင့် မျက်နှာဝမ်းသာသွားလေ သည်။

ဒေါက်တာမင်းထင်ကျော်က ကားကိုတစ်နေရာမှာရပ်ထားပြီး နောက် ကားတံခါးကိုဖွင့်ကာ ဆင်းလာလေသည်။ အနားသို့ ရောက်လာ သောအခါ...

"ဘာသတင်းတွေများ စိတ်ဝင်တစား ဖတ်နေတာလဲ ဆရာရဲ့၊ အမေရိကန်တွေ ဒုံးပျံစခန်းလုပ်တဲ့ကိစ္စကို ဆိုဗီယက်ဝန်ကြီးချုပ် ကရုရှော့(ဖ်)က မလိုလား ဘဲ့အကြောင်း သတင်း လား"

ဟုပြောကာ ကုလားထိုင်တွင် ဝင်ထိုင်လေသည်။

"မဟုတ်ပါဘူးဗျာ ကျုပ်က နိုင်ငံရေးကိစ္စတွေကို သိပ်စိတ်မဝင်စားလှပါဘူး အခုဖတ်နေတာ မြင်းပွဲသတင်းတွေပါ"

"ဆရာက မြင်းပွဲကို စိတ်ဝင်စားလို့လား"





"ကျုပ်က မြင်းပွဲရယ်မဟုတ်ပါဘူး ယှဉ်ပြိုင်အနိုင်လုရတဲ့ ကိစ္စ တွေမှန်သမျှ ဘယ်သူနိုင်မယ် ဘယ်သူရှုံးမယ်ဆိုတာကို ကြိုတင်ပြီး ခန့်မှန်းရတာကို စိတ်ဝင်စားတာပါ"

ဒေါက်တာမင်းထင်ကျော်က ၎င်း၏ကုတ်အကျႌအတွင်းမှ ကပ္ပိတန်စီးကရက်ဗူးကိုထုတ်၍ ထိုအထဲမှ စီးကရက်တစ်လိပ်ကို ယူကာ မီးညှိ၍ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

"အမှန်တော့ မြင်းပွဲရယ်မဟုတ်ပါဘူး၊ ပြိုင်ဆိုင်မှု ယှဉ်ပြိုင်မှု ပါတဲ့ ကိစ္စတိုင်းမှာ စိတ်လှုပ်ရှားစရာပါတာပါပဲ။ ဆရာစာရေးတဲ့ အခါမှာလည်း ယှဉ်ပြိုင်မှုပါတာပဲ မဟုတ်လား"

"ကျုပ်က တစ်ယောက်တည်း စာရေးတဲ့ကိစ္စမှာ ဘယ်သူနဲ့ ယှဉ် ပြိုင်ရမှာလဲ မောင်ထင်ကျော်ရဲ့"

ဒေါက်တာမင်းထင်ကျော်က စီးကရက်ကိုဖွာရင်း တစ်ချက်ပြုံးလိုက်သည်။

"တခြားဘယ်သူနဲ့ ပြိုင်စရာလိုသေးလို့လဲ ဆရာရဲ့ ဆရာဖန်တီးတဲ့ ဇာတ်ကောင်အချင်းချင်း အားပြိုင်ရတာလောက် စိတ်လှုပ်ရှားစရာ ကောင်းတာဘာရှိသေးလဲ။ သာမန်အမျှ ဝတ္ထုတွေမှာတောင် အချစ်နဲ့ အမုန်းဆိုပြီး အားပြိုင်မှုထည့်ရသေးတာ မဟုတ်လား၊ အဲဒါတွေမပါဘဲရေးရင် ဘယ်ဝတ္ထုမဆို ပျင်းစရာကြီး ဖြစ်နေမှာပေါ့။ တကယ်တော့ လောကကြီးမှာ ကောင်းတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတာက အမြဲဒွန်တွဲနေပြီး အမြဲတမ်း ပြိုင်ဆိုင်နေကြတာပဲ”

“ဘယ်လို အဓိပ္ပာယ်လဲ မောင်ထင်ကျော်ရဲ့”

“တခြားမကြည့်နဲ့လေ လောဘအကျိုး လူသားတွေရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူတဲ့ ဗုဒ္ဓရဲ့အနားမှာတောင် ဒေဝဒတ်လို ဆန့်ကျင်ဘက်ပြုတဲ့ လူတွေက အမြဲတမ်းရှိနေခဲ့တာပဲ မဟုတ်လား။ ဒီလို ဆန့်ကျင်ဘက်တွေရှိနေရလည်း လှုပ်ရှားမှုတွေနဲ့ အမြဲတမ်းရှင်သန်နေမှာပေါ့ မဟုတ်ရင် ပျင်းစရာကြီးဖြစ်နေမှာပေါ့ ဆရာရယ်”

ဟုပြောလေသည်။

“ဒါထက် မောင်ထင်ကျော်ဒီကိုလာဘာ ကိစ္စအထွေအထူးများရှိလို့လား”

“မနက်ဖြန် လွှတ်လပ်ရေးနေ့ မဟုတ်လား ဆရာရဲ့၊ တစ်မြို့လုံးမှာ လွှတ်လပ်ရေးအထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲတွေ ပြပွဲတွေ အများကြီး ရှိတယ်လေ။ လွှတ်လပ်ရေးပန်းခြံအနီးတဝိုက်မှာ အနယ်နယ် အရပ်ရပ်ကလာပြီး ထူးထူးဆန်းဆန်း ပစ္စည်းတွေ ရောင်းတဲ့လူတွေလည်းရှိတယ် သွားကြည့်ရအောင် ညနေပိုင်း ရောက်တော့ တရုတ်တန်းဘက် သွားပြီး တစ်ခုခုစားကြတာပေါ့”

“အင်း ကောင်းသားပဲ”

ထိုသို့ တိုင်ပင်ပြီးနောက် ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်





ကျော်တို့သည် ၎င်း၏ကားကလေးစီး၍ မြို့လည်ပိုင်းသို့ ထွက်ခဲ့ကြလေသည်။

ကျွန်ုပ်နေထိုင်ရာ ရွှေခုံတိုင် (ရွှေဂုံတိုင်) ငါးထပ်ကြီးဘုရားကုန်းမှ မြို့လည်သို့လာရသည်မှာ မဝေးလှပေ။ လမ်းတလျှောက်မှာတော့ လွှတ်လပ်ရေး အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲအတွက် မုခ်ဦးအတော်များများ ပြုလုပ်ထားကြလေသည်။

တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းရောက်နေသောကြောင့် အချို့ မုခ်ဦးများမှာ မြန်မာမုခ်ဦးနှင့် တရုတ်မုခ်ဦးတို့ ယှဉ်တွဲ၍ ပြုလုပ်ထား သည်ကိုလည်း တွေ့ရသည်။

လွှတ်လပ်ရေးကျောက်တိုင်ရှိသည့် လွှတ်လပ်ရေးပန်းခြံ (မဟာဗန္ဓုလပန်းခြံ) ပတ်လည်တဝိုက်မှာတော့ လက်လှဲ့ပွဲ၊ မျက်လှည့်ပွဲ၊ ကြည့်ချင်ပွဲများအပြင် ဈေးရောင်းဈေးဝယ်လူများဖြင့် စည်ကားများ ပြားလျက် ရှိလေသည်။

လွှတ်လပ်ရေးပွဲတော်တွင် မိမိတို့အရပ်ဒေသမှ ထွက်သော ပစ္စည်းများကို လာရောက်ရောင်းချကြသည့် ဈေးသည်များမှာ မနည်းလှပေ။

ထိုပန်းခြံတဝိုက်တွင် ဖျာခင်း၊ ဆိုင်းဘုတ်တစ်ချပ်ထောင်ကာ စားပွဲတစ်လုံးရှေ့ချထားပြီးနောက် ကြွေဇောင်၊ လက္ခဏာဖတ်ခြင်း၊ ဗေဒင် ဟောသူအများအပြားရှိကြ သည့်အထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



စာလေးဗေဒင် စာ႑က်ရောင်းချသည့် ကုလားမများပင် ဖါလေသည်။

အချို့ဗေဒင်ဆရာများမှာ ပညာရပ်အားကိုး၍ ဗေဒင်မဟောပဲ ဘိုးတော်ယောင်ယောင် ငှိမ္မာယောင်ယောင် အကြားအမြင်ပေါက်သူဟန် ဆောင်ကာ ဆိုင်းဘုတ်များကိုပင် တခမ်းတနားချိတ်ဆွဲထားလေသည်။

ဗေဒင်ပညာ၊ လက္ခဏာဖတ်ခြင်း အတတ်ပညာမှာ ယခုမှပေါ်လာခြင်းမဟုတ်ပဲ ဘုရားမပွင့်မီရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့သော ပညာရပ်များပင်ဖြစ်၏။

ထိုပညာရပ်များသည် လူတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အကြောင်းများနှင့် ပတ်သက်ပြီး ဖြစ်ပျက်မှုများကို ညွှန်ပြပေးနိုင်သော ပညာရပ်များဖြစ်သောကြောင့် လူတို့၏ အားကိုးယုံကြည်မှုပြုရသော ကျမ်းများပင်ဖြစ်တော့မည်။

၁။ သာမဗေဒင်။ ။ နေလတို့သွားရာ ကောင်းကင်လမ်းကို ၁၂ ရာသီ ပြုလုပ်၍ မည်သည့်ရာသီတွင် မည်သည့်ဂြိုဟ်ရပ်တန့်မည်ကိုကြည့်ပြီး အဆိုးအကောင်းညွှန်ပြရသောကျမ်း။

၂။ ယဇုဗေဒင်။ ။ ကောင်းသောဘေးအန္တရာယ်တို့မှ လွတ်ကင်းရန် ဂြိုဟ်နတ်စသည်တို့ကို မည်သို့မည်ပုံ ပူဇော်ရမည်ကို ညွှန်ပြရသည့်ကျမ်း။





၃။ ဣရုသျှုဗေဒင်။ ။ နေကြပ် လကြပ်ကိုကြည့်ရှုပြီး အချိန်အခါကိုတွက်၍ ဖြစ်ပေါ်လာမည့် ကံကြမ္မာများကို ညွှန်ပြရသည့်ကျမ်း။

၄။ အာတပ္ပနဗေဒင်။ ။ ပြုစားနည်းကျမ်းဟုခေါ်ရလောက်အောင် လူတို့၏ အနာဂတ်ကံကြမ္မာများကို ညွှန်ပြနိုင်သည့်ကျမ်း။

လူတစ်ယောက်မွေးဖွားသည်မှ သေဆုံးသည့်အချိန်အထိ ဘဝ ကံကြမ္မာအကြောင်းများကို ညွှန်ပြနိုင်သည့်ကျမ်းပင်ဖြစ်သည်။

ထိုအာတပ္ပနဗေဒင်ကျမ်းမှာ မြတ်စွာဘုရားဖွားမြင်တော်မူစက ကောဏ္ဍပုဏ္ဏားဟောသည့် ဗေဒင်ကျမ်းဖြစ်သည်။ ယခုအခါမှာတော့ ထိုဗေဒင်ကျမ်းမှာ မသမာသူများမှားယွင်းစွာ အသုံးပြုကြသောကြောင့် သမ္မာဒေဝနတ်များက ကွယ်ဖျောက်ထားခဲ့လေပြီ။

အမှန်တော့ လက္ခဏာဖတ်သော ပညာနှင့် ဗေဒင်ပညာရပ်များမှာ အားကိုးယုံကြည်ထိုက်သော ပညာရပ်များဖြစ်သော်လည်း မသမာသူများက အကျိုးစီးပွားအတွက် အသုံးချကြသောကြောင့် အထင်အမြင် သေးစရာဖြစ်တော့သည်။

ကျွန်ုပ်တို့ လျှောက်ဝင်ကြည့်ကြစဉ် လမ်းဘေး၌ ဆိုင်းဘုတ်ထောင်ကာ ဗေဒင်ဟောနေကြသူများမှာ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ကြည့်လျှင် ဟောပြောခ ငါးမတ်ထက်မပိုကြပေ။

"သင့်ဘဝရဲ့ အနာဂတ်ကံကြမ္မာအကြောင်းများကို သိလိုပါသလား ဆရာ့ရှေ့ကိုရောက်တာနဲ့ ဒ င်သိချင်တာအားလုံးကို ဖန်သားပြင်ပေါ်မှာ ကြည့်ရသကဲ့သို့ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း သိရစေရမည်" ဟူကတစ်မျိုး

"သင်က ဆရာ့ကို ယုံကြည်အားကိုးဖို့သာလိုပါသည်၊ သင့်ရဲ့ အနာဂတ်ကို ဆရာက တာဝန်ယူပေးပါမည်" ဟူက တစ်ဖုံ

"ငွေတစ်မတ်နဲ့အတူ သင့်ရဲ့ လက်ဝါးနှစ်ဖက်ကို ဆရာ့ရှေ့က စားပွဲပေါ်ကို ပြလိုက်ပါ သင်သိချင်တဲ့ အနာဂတ်အရေးကိစ္စတွေကို ချက်ချင်းသိရစေပါမည်" စသည့် ကြော်ငြာဆိုင်းဘုတ်ကလေးများ ချိတ်ဆွဲကာ စီးပွားရှာနေကြသော လမ်းဘေးဗေဒင်ဆရာများကို တွေ့ ကြရလေသည်။

ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့မှာ နဒပှိ သွားလာနေကြသော လူများကို တိုးဝှေ့ရင်း ပစ္စည်းများရောင်းသော ဈေးတန်းဘက်သို့ ထွက်လာခဲ့ကြသည်။

ဈေးသည်အတော်များများတို့မှာ ပန်းခြံပတ်ပတ်လည် တစ်ဝိုက်တွင် တန်းစီနေရာယူ၍ ရောင်းချနေကြလေသည်။ မြို့ပေါ်တွင် ဆိုင်များ ရှိသော တရုတ်ဆိုင်၊ ကုလားဆိုင်များကလည်း ယာယီဈေးဆိုင်များထိုး ၍ ရောင်းချနေကြသလို ဒေါပုံ





ဒလနှင့် ရန်ကုန်မြစ်အနောက်ဘက်ကမ်းတွင် နေထိုင်ကြသူများသာမက ဆိပ်ကြီး၊ ခနောင်တိုနှင့် တွံတေးဘက်မှ ဈေးသည်များပင် လာရောက်ကြ၍ ဒေသထွက်ကုန်များ လာရောက်ရောင်းချကြလေသည်။

ရန်ကုန်မြစ်အနောက်ဘက် ကြည့်မြင်တိုင်တဖက်ကမ်းရိုးတန်း တလျှောက်တွင် ငါးဖမ်းသောအလုပ်ဖြင့် အသက်မွေးကြသည့် ပိုက်တဲများရှိကြရာ ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်များစသည်တို့ပင် လာရောက် ရောင်းချကြလေသည်။

ကျွန်ုပ်တို့နှစ်ယောက်မှာ ပွဲဈေးဘက်လျှောက်ကြည့်ကြရင်း ဆူးလေ ဘုရားရှိရာဘက် ညောင်ပင်ကြီးတစ်ပင်အနီးသို့ ရောက်သောအခါ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် လူကြီးတစ်ယောက်ထိုင် နေသည်ကို တွေ့ရ သည်။

ထိုလူကြီးမှာ ပုဆိုးအဟောင်း ဖရဲစာကုတ်အင်္ကျီအဟောင်းကြီးကို ဝတ်ထားပြီး ဦးခေါင်းမှ သက္ကလပ်ဦးထုပ်ကြီးကို ခပ်စိုက်စိုက်ဆောင်း ထားလေသည်။ ၎င်းဝတ်ဆင်ထားသည့် ကုတ်အင်္ကျီမှာအရောင်အဆင်းပင်မရှိတော့ပဲ ကြွက်ကိုက်ရာများကဲ့သို့ အပေါက်များက ဗရပွနှင့်ဖြစ်သည်။

၎င်း၏ရှေ့တွင် အခြားဗေဒင်ဟောသူများကဲ့သို့ စားပွဲခုံများချထားခြင်းမရှိပဲ ကဒ်ထူပြားတစ်ချပ်ပေါ်၌ မြေဖြူဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မညီမညာရေးထားသည့် ဆိုင်းဘုတ်တစ်ချပ်ထောင်ထားလေသည်။ ကဒ်ထူပြားပေါ်တွင် ရေးထားသည့် စာများမှာ ....

"စွန့်စားလိုသူများ အသက်စွန့်သူများအတွက် ကြီးပွားချမ်းသာနိုင်သည့် နည်းလမ်းကောင်းပေးမည်။

နည်းလမ်းကောင်းသိလိုသူများ ငွေတစ်ကျပ်ပေး၍ လာရောက် မေးမြန်းနိုင်သည်" ဟူ၍ ဖြစ်သည်။

ၾင်းရေးထားသည့်စာများမှာ အခြားသူများရေးသားထားသော စာများနှင့်မတူပဲ တမူထူးခြားနေလေသည်။

လမ်းသွားလမ်းလာတို့မှာ ငွေတစ်ကျပ်ဟူသော ငွေကြေးကြောင့် မေးမည့်သူမရှိလှပဲ တစ်မတ်၊ ငါးမူးဖြင့် မေးချင်ရာမေးနိုင်သော အခြား ဗေဒင်ဟောသူများဘက်သို့သာ ခြေဦးလှည့်ကြလေသည်။

ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ အတန်ကြာအောင် ထိုနေရာတွင် ရပ်တန့်နေသည်ကို သတိပြုမိဟန်ရှိသော ထိုလူကြီးက မော့ကြည့်လေသည်။

"ဗေဒင် မေးမလို့လား"

ဟု အသံသြသြကြီးနှင့်မေးရာ ကျွန်ုပ်တို့က ခေါင်းညိတ်ပြပြီး သူခင်းထားသော သဘော့ဖျာပေါ်သို့ နှစ်ယောက်သားဝင်ထိုင်လိုက်ကြသည်။





ထိုအခါ လူကြီးက အကဲခတ်သလိုတစ်ချက်ကြည့်လိုက်ပြီး

"မောင်တို့က စုံထောက်တွေများလား"

ဟု မေးမြန်းသည်။

"မဟုတ်ပါဘူး စွန့်စားချင်သူတွေပါ"

ဟု ဒေါက်တာမင်းထင်ကျော်က ပြန်ပြောလိုက်သည်။

"ကျုပ်ကလည်း အဲဒီလို လူတွေကို တွေ့ချင်နေတာပဲ ဒါထက် အသက်နဲ့စွန့်တန်စွန့်ရမယ့် ကိစ္စမျိုးဆိုရင်ကော စိတ်ဝင်စားရဲ့လား"

ဟု ထပ်မေးပြန်သည်။

"အကျိုးရှိမယ့်အလုပ်မျိုး ဆိုရင်တော့ အသက်စွန့်ရလည်း ဝန်မလေးပါဘူး"

"ဒီလိုဖြင့် ငွေတစ်ကျပ်အရင်ပေးပါ"

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က တစ်ကျပ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။

ထိုအခါလူကြီးက ငွေတစ်ကျပ်ကိုယူပြီး ၎င်း၏ကုတ်အင်္ကျီအဟောင်းကြီး၏ ဘေးအိတ်ထဲမှ စာအိတ်အညိုရောင်စာအိတ်တစ်လုံး ကို ထုတ်ကာကမ်းပေးလေသည်။

"အဲဒီအဟဲမှာ ကြီးပွားချမ်းသာနိုင်တဲ့ နည်းလမ်းရှိတယ်၊ အိမ်ရောက်မှ ဖွင့်ကြည့်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ရှေ့မှာထောင်ထားသည့် ကဒ်ထူပြားကို ခေါက်သိမ်းပြီးနောက် နေရာမှထွက်သွားလေရာ ကျွန်ုပ်တို့နှစ်ယောက်လည်း နေရာ၌ ကျန်ခဲ့ကြလေသည်။

ထိုအချိန်တွင် ဈေးတန်းဘက်မှ တီးမှုတ်လိုက်သော ဆိုင်းသံဗုံသံများက ပြန့်လွင့်လာနေလေတော့သည်။

ရှေ့ ရှေ့ ရှေ့





အခန်း (၂)

*(ရတနာဒီပကျွန်း၌ တွေ့ရသူ)*

ကျွန်ုပ်တို့နှစ်ယောက်သည် တရုတ်တန်းဘက်သို့သွားကာ ညနေစာ စားသောက်ပြီးမှ နေအိမ်သို့ ပြန်ခဲ့ကြရာ ညဦးပိုင်း အချိန်လောက်မှ ပြန်ရောက်ခဲ့ကြသည်။ အိမ်သို့ ရောက်သည်နှင့်......

"ကိုင်း ငွေတစ်ကျပ်ပေးပြီး ဝယ်ခဲ့ရတဲ့ ချမ်းသာနည်းစာရွက်ကလေး ဖောက်ကြည့်ပါဦး"

ဟုပြောလိုက်ရာ ဒေါက်တာမင်းထင်ကျော်က ရင်းကွတ်အကျီထဲ မှ စာအိတ်ကိုထုတ်၍ ထိပ်ဝကိုဆုတ်ဖြဲကာ အတွင်းမှ စာရွက်ကို ထုတ်ယူလိုက်သည်။

ချမ်းသာမည့်နည်းလမ်းကိုသိချင်ရင် ည ၉ နာရီအချိန်



www.burmeseclassic.com

www.burmeseclassic.com



လောက်တွင် တာမွေတရုတ်သင်္ချိုင်းထဲက ဖရဲပျက်ကြီးကို လာခဲ့ပါဟူ၍ ရေးထားသဖြင့် ကျွန်ုပ်တို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့် လိုက်ကြသည်။

"ဘယ်လိုလဲ မောင်ထင်ကျော် ဒီကိစ္စက စုံထောက်ကြီးဦးစံရှားဆီမှာ အကူအညီသွားတောင်းရမယ့် ကိစ္စမျိုးလား"

"ဒီလောက်လည်း မဟုတ်သေးပါဘူး ဆရာရယ်၊ ကျွန်တော်စဉ်းစားကြည့်တာကတော့ သူမှာလူသိမခံချင်တဲ့ လျှို့ဝှက်ချက်တစ်ခုခုရှိလို့ ဖြစ်မှာပါ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"သူပြောတဲ့အတိုင်း တာမွေသင်္ချိုင်းထဲကို သွားလိုက်ကြရုံရှိတာပေါ့"

"ဖြစ်ပါ့မလား"

"ဘာကြောင့်မဖြစ်ရမှာလဲ ထူးခြားတဲ့အဖြေတစ်ခုခုတော့ သိရမှာပါ"

"ကိုင်း ဒါဖြင့်လည်း သွားကြတာပေါ့ မောင်ရင့်မှာ သေနတ်ကလေး ဘာလေးပါရဲ့မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ၎င်း၏ကုတ်အင်္ကျီအိတ်အတွင်းသို့ လက်ဖြင့်ပုတ်ပြသဖြင့် ကျွန်ုပ်လည်း အနွေးထည်တစ်ထပ်ဝတ်ရင်း နာရီကြည့်လိုက်တော့ ည (၈) နာရီကျော်နေပြီ၊





သို့ကြောင့် နှစ်ယောက် သားထွက်လာခဲ့ကြသည်။

ကျွန်ုပ်နေသော ရွှေဂုံတိုင်ဒေါ်းထပ်ကြီးဘုရားကုန်းနှင့် တာမွေတရုတ် သင်္ချိုင်းမှာ မဝေးလှသောကြောင့် ကားပင်မယူတော့ပဲ ခြေလျင်လျှောက် လာခဲ့ကြသည်။

နှစ်ယောက်သား ရွှေဂုံတိုင်လမ်းအတိုင်း လျှောက်လာကြရာ တာမွေအဝိုင်းကြီးနားရောက် တော့ လက်ယာဘက်တွင် ကုက္ကိုပင်ကြီး များ အုံ့အုံ့ဆိုင်းဆိုင်းနှင့် တရုတ်သင်္ချိုင်းကို လှမ်းမြင်ရသည်။

ကျွန်ုပ်တို့ သင်္ချိုင်းအစပ်နားရောက်တော့ ခါးကုန်းကုန်းနှင့် လက်တစ်ဖက်က တောင်ဝှေး လက်တစ်ဖက်က ရေနံဆီမီးအိမ်ကို ကိုင်ထား သည့် သင်္ချိုင်းစောင့်အဘိုးကြီးက ထွက်လာသည်။

"အရှိန်မတော်ကြီး ဘာလာလုပ်ကြတာလဲ လူသေမြှုပ်ဖို့လား"

ဟုမေးသည်။

"မဟုတ်ပါဘူး မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့လာတွေ့တာပါ"

"သင်္ချိုင်းထဲ အချိန်မတော်ဝင်ချင်ရင် ကျုပ်ကို ငါးမူးပေးရမယ်"

"ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသက်မရှိတဲ့လူဆိုရင် တစ်မတ်၊ အသက်ရှိတဲ့လူဆိုရင် ငါးမူးယူတယ် ဘာကြောင့်လဲဆိုတော့ အသက်မရှိတဲ့လူက ဘာပြဿနာမှ မရှိဘူး၊ အသက်ရှိတဲ့လူတွေက ပြဿနာများတယ်"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ရယ်ရယ်မောမောနှင့် ပိုက်ဆံငါးမူးစေ့တစ်စေ့ထုတ်ပေးလိုက်တော့မှ သချိုင်းအတွင်းသို့ လျှောလျှောလျူလျူ ဝင်ခွင့်ရလေသည်။ တာမွေ ဂရုတ်သချိုင်းမှာ ကြီးမားလှသော ကုက္ကိုပင်ကြီးများဖြင့် အုပ်ဆိုင်းလျက်ရှိရာ မည်းမှောင်လျက် ရှိလေသည်။ သချိုင်းအတွင်းတွင် မီးရောင်က မရှိပေ။

တာမွေအဝိုင်းဘက်ဆီတွင်လည်း မီးရောင်ရှိသော်လည်း ကုက္ကိုဝင်ရိုပ်များဖုံးနေသောကြောင့် သချိုင်းအတွင်းသို့ အလင်းရောင်မရောက်ပေ။

လရောင်မှိန်မှိန်ဝါးဝါးက သစ်ပင်ရိပ်များကြားမှ မြေပေါ်သို့ ကျိုးတို့ကျဲကျဲ ဖြာဆင်းကျနေသည်။

မြို့ပုတ်ကလေးများကြားမှ ပေါ်ထွက်နေသော ဂူများမှာ အမှောင်ထဲ၌ ပုံသဏ္ဌာန် အမျိုးမျိုး ရှိနေကြသည်။

ဒေါက်တာ မင်းထင်ကျော်က ကုတ်အင်္ကျီအတွင်းမှ သေနတ်ကို လက်ဖြင့်စမ်းလိုက်ပြီး လက်နှိပ်မီးချောင်းကို အသုံးပြုကာ





အုတ်ဂူများကြားမှ ဖြတ်လျှောက်လာကြသည်။ ဇရပ်ပျက်ကြီးများမှာ ကုက္ကိုပင်ကြီးများ အုပ်မိုးထားသော သချိုင်းအလယ်လောက်၌ရှိပေသည်။

ကျွန်ုပ်၏စိတ်ထဲ၌မူ ဦးဘသော်ဆိုသောလူကြီးပြောသွားတာ ဟုတ်မှဟုတ်ပါ့မလားဟု သံသယဖြစ်နေမိသည်။ ဇရပ်အနီးသို့ ရောက်သောအခါ ဇရပ်ပေါ်တွင် ဆေးလိပ်မီးတရဲရဲနှင့် မှုန်နေသည်ကို အရင်မြင်ရသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးအလင်းချောင်းဖြင့် လှမ်းထိုးကြည့်လိုက်သောအခါ ဇရပ်တိုင်တစ်လုံးကို မှီထိုင်ကာ အေးအေးဆေးဆေး ဆေးလိပ်သောက်နေသည့် လူတစ်ယောက်၏ ပုံသဏ္ဌာန် ကို လှမ်းမြင်ရသဖြင့် နှစ်ယောက်သားဇရပ်ပေါ်သို့ တက်သွားကြလေသည်။

"ဦးဘသော် မဟုတ်လား"

"ဟုတ်ပါ့ဗျာ"

"ဘယ့်နှယ် ကြဲကြဲဖန်ဖန် အချိန်မတော်ကြီး ဇရပ်ပေါ် ချိန်းရတယ်လို့ဗျာ"

"ကျုပ်က ခြေသလုံးအိမ်တိုင်လျှောက်သွားနေတဲ့လူ၊ နေစရာ အိမ်မှမရှိတာ ဘယ်သူမှ မပိုင်ချင်တဲ့ဇရပ်ပေါ် မချိန်းလို့ ဘယ်နေရာ ချိန်းရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အေးအေးဆေးဆေး ပြောလေသည်။

ရွှန့်ပ်တို့နှစ်ယောက်က အလောင်းများချ၍ သရေအာဂုံတင်ပေးသော ဇရပ်ပေါ်တွင် မထိုင်လိုသဖြင့် မတ်တတ်ရပ်မြဲရပ်နေကြရာ ဦးဘ ထော်ဆိုသောလူကြီးက ...

"ထိုင်ကြလေ"

ဟု လှမ်းပြောလိုက်သည်။

"မထိုင်တော့ပါဘူး"

"ဘာလဲ ဇရပ်ပေါ် ထိုင်ရမှာ မသတီလို့လား ညကလပ်တွေမှာရှိတဲ့ ထိုင်ခုံတွေထက်စာရင် ဇရပ်ပေါ် ကကြမ်းပြင်တွေကပိုပြီး အန္တရာယ်ကင်းပါတယ်"

ဟု ပြောသဖြင့် နှစ်ယောက်သား မနီးမဝေးနေရာမှာဝင်ထိုင်လိုက်ကြသည်။

"ဦးဘထော်ပြောတဲ့ ချမ်းသာမယ့်နည်းလမ်းရှိမယ်ဆိုတာ တကယ် ပဲလားဟင်"

"မောင်ရင်တို့က ချမ်းသာချင်ရုံပဲလား"

"မဟုတ်ဘူး ကျွန်တော်တို့က စွန့်စားရတဲ့ အတွေ့အကြုံအသစ်ကို ရှာချင်ကြတာ"

"ကြိုက်ပြီ ကျုပ်ကလည်း အဲသည်လိုလူမျိုးတွေကိုပဲ လိုက်ရှာနေတာ အခုမှပဲ တွေ့ရတော့တယ်"





ဟုပြောကာ ဖွာလက်စဆေးပြင်းလိပ်ကြီးကို အောက်သို့ချလိုက်လေသည်။

"ဦးဘထော်ဆီမှာရှိတဲ့ ချမ်းသာမယ့် နည်းကဘာယ်လိုဟာလဲဗျ တဆိတ်လောက် ပြောပြပါဦး"

"ပြောပါတယ် ဒီအကြောင်းကိုပြောရင် အစကနေပြောမှ လိပ်ပတ်လည်မှာဗျ ကျုပ်က ဒီနယ်ကမဟုတ်ပါဘူး။ မြစ်ဝကျွန်းပေါ်ဘက်ကပါ"

ဦးဘထော်နေထိုင်သော အရပ်မှာ မြစ်ဝကျွန်းပေါ် ဒေသရှိ က နကဒိ ရွာကလေး၌ ဖြစ်သည်။ ကနပဒိရွာမှာ ဘိုကလေးမြစ်ဝအဆုံး ကပ္ပလီ ပင်လယ်အစပ်၌ ရှိလေသည်။

ရှေးနှစ်ပေါင်းများစွာက မှုင်ထိုးသူများလာရောက်စခန်းချမှ တစ်စတစ်စ လူနေအိမ်ခြေများလာပြီး ရွာကလေးအဖြစ်မှ ရွာကြီးအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်၏။

အများအားဖြင့်တော့ ငါး၊ ပုဇွန်ရှာသူများသာရှိကြပြီး ချောင်းတွင်းပိုင်းဘက်မှာတော့ မီးသွေးဖုတ်သောမီးသွေးဖိုများ ရှိလေသည်။

နောက်တော့ ငါးကွင်းရုပ်စက်လှေ ငါးဖမ်းလှေများဖြင့် ငါးဖမ်းသော လုပ်ငန်းရှင်များ ရောက်လာကြသည်။ ဦးဘထော်သည် ကဒုံကဒို ရွာသားတစ်ယောက်ဖြစ်ပြီး ငါးဖောင်တစ်ဖောင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပင်လယ်ပြင်ထွက်ကာ ငါးဖောင်ဖြင့် မျှင်ပုဇွန်များထောင်လေ့ရှိသည်။ တစ်နေ့တော့ ငါးဖောင်ချထားစဉ် မုန်တိုင်းတိုက်ခတ်မှုကို ခံကြရသဖြင့် ပင်လယ်ပြင်အနှံ့ ငါးဖမ်းဖွက်နေသောစက်လှေများ၊ လှေများ၊ ဝါးဖောင်များ မုန်တိုင်းဒဏ်ကြောင့် ပင်လယ်ပြင်သို့ လွင့်မျောပါသွားကြလေတော့သည်။

ဝါးဖောင်မှာ ဝိုးပိုးဝါးများဖြင့် တွဲချည်ထားသော ဖောင်ဖြစ်သောကြောင့် လှေ၊ သင်္ဘောများကဲ့သို့ ပေါက်ကွဲနစ်မြုပ်မှာမပူရပေ။

လှိုင်းဖုံး၍ ရေအောက်ရောက်သွားလျှင်လည်း ခဏသာပင်အချိန်တန်လျှင် ပြန်ပေါ်လာမြဲပင်။ ငါးဖောင်တစ်စစီ မပျက်မချင်းအားကိုးအားထား ပြုလုပ်နိုင်သော အသက်ကယ်ဗောတစ်ခုပမာပင်။

ဦးဘထော်သည် ဝါးဖောင်ပေါ်ရှိ တဲကလေးပေါ်၌ မိမိကိုယ်ကို လှိုင်းပုတ်သည့်ဒဏ်ကြောင့် လွင့်မကျသွားစေရန် ကြိုးတစ်စဖြင့် ချည်ထားရင်း ဖောင်မျောရာနောက်သို့ ပါသွားလေတော့သည်။

သူ့အတွက် ကံကောင်းသည့်အချက်က တဲခေါင်မိုးပေါ်တွင် ကြိုးဖြင့်ချည်ထားသော ရိက္ခာထုတ်ကလေးမှာ လွင့်ပါမသွားသောကြောင့် အစားအသောက်များကို အနည်းငယ်စီ စား





သောက်နေနိုင်ခြင်းပင် ဖြစ်၏။

သောက်ရေဖူးကတော့ ပင်လယ်ထဲလွင့်ကျသွားပြီဖြစ်သောကြောင့် သောက်စရာရေမရှိတော့ပေ။ သို့သော်လည်း မုန်တိုင်းနှင့်အတူ မိုးသီးမိုးပေါက်များက ပါလာသောကြောင့် တဲခေါင်မိုးထနိဖက်များမှ စီးကျလာသည့် မိုးရေစက်များကိုခံကာ ရေဆာပြေရုံသောက်နှင့်ရနေသေး၏။

ရက်အတန်ကြာသောအခါ ပင်လယ်ပြင်၌ မုန်တိုင်းကစဲသွားခဲ့လေသည်။

သို့စေကာမူ ဝါးဖောင်ဆိုသည်မှာ ရွက်မရှိ တက်မရှိ စက်မရှိသောကြောင့် ရေစီးကြောင်းအတိုင်း လိုက်သွားရုံမှတစ်ပါးအခြားဘာယ်လိုမှ လုပ်မရပေ။ သို့ကြောင့် ဝါးဖောင်ပေါ်ရှိ တဲအတွင်းမှာ ထလိုက်ထိုင်လိုက် အိပ်လိုက်ရှိတဲ့ အစားအသောက်ကလေးကို ချွေတာစားလိုက် ရာသီဥတုသာယာသောအချိန်တွင် ဝါးဖောင်တဲအပြင်သို့ထွက်ကာ ရေပတ်လည် ဝန်းရံလျက်ရှိသော ပင်လယ်ပြင်အနှံ့သို့ မိမိအား ကယ်တင်နိုင်မည့် သင်္ဘောဒါမှမဟုတ် အခြားစက်လှေတစ်စင်းတစ်လေများ တွေ့လို တွေ့ငြား ထွက်ကြည့်နေတတ်သည်။

အဝေးမှကြည့်လျှင် မြင်နိုင်ရန် ဝါးဖောင်ထိပ်၌ ဝါးလုံးတစ်လုံးကို ပုဆိုးတစ်ထည်ဖြင့် အလံပုံသဏ္ဌာန်ချည်ကာ ထောင်



www.burmeseclassic.com

www.burmeseclassic.com



ထားသေး၏။

"ကံကောင်းရင်တော့ ကယ်မယ့်သူတွေ မှာပဲ လူဆိုတာ သေနေမစေသေးရင် ဘယ်လိုအကြောင်းနဲ့မှ မသေနိုင်ဘူး အခုလို ကမ်းမမြင် လမ်းမမြင်ပင်လယ်ထဲမှာ မျောနေရတာနဲ့စာရင် ကျွန်းတစ်ကျွန်းကျွန်းကို ရောက်သွားရင် ငါ့အတွက် အသက်ရှင်နိုင်ဖို့ အခွင့်အလမ်းပိုများနိုင် တယ်" ဟု တွေးနေမိသည်။

နောက်တစ်ရက်နှစ်ရက်ကြာတော့ ပင်လယ်လေကြောင်းက သိသိသာသာကြီးပြောင်းသွားလေသည်။

အနောက်တောင်လေကြောင်းမှန်မှန်ကြီး တိုက်ခတ်နေရာမှ အနောက်မြောက်လေကြောင်းများရာ မျောပါနေသော ဖောင်လမ်းကြောင်းမှာလည်း ပြောင်းလဲသွားလေတော့သည်။

ဦးဘထော်ကတော့ ဘယ်နေရာသို့ ရောက်မှန်းလည်းမသိ၊ ဘယ်ဘက်ကို ဦးတည်ကာ မျောပါနေမှန်းလည်း မသိရပဲ ဖောင်ပေါ်မှာ ထိုင်လိုက်ရင်း တစ်နေ့ပြီး တစ်နေ့ ကုန်ဆုံးသွားလေတော့သည်။

မနက်လင်းလာလျှင် ပင်လယ်ရေအောက်မှ နေလုံးကြီးတရွေ့ ရွေ့တက်လာပြီး ညနေစောင်းသွားသောအခါ နေဝန်းကြီးက ရေပြင်အောက်သို့ တရွေ့ရွေ့ ငုတ်လျှိုးပျောက်ကွယ်သွားလေတော့သည်။





ဤသို့ဖြင့် တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးသွားလေရာ နေ့ရက်များနှင့်အတူ သူဖောင်ပေါ်၌ ပါလာသော ရိက္ခာကလေးများလည်း ကုန်လုနီးပါး ရှိနေချေပြီ။

ဒီရိက္ခာ ကုန်သွားလျှင်တော့ မုန်တိုင်းမိတုန်းက မသေခဲ့ပဲ ရိက္ခာပြတ်သဖြင့် သေရတော့မည်မှာ မုချဖြစ်၏။ အဆိုးဆုံးက မိုးမရွာသဖြင့် မိုးရေမရတော့သောကြောင့် သောက်စရာရေမကျန်တော့ပေ။

အစားမစားရတာက အရေးမကြီးလှပဲ ပင်လယ်ပြင်မှာ ဖောင်စီးရင်း ရေငတ်နေရသော အဖြစ်မျိုးကြုံရကာ ရေပတ်လည်ဝိုင်းနေသောနေရာမှာ ရေငတ်နေရလေသည်။ လည်ချောင်းထဲမှာ ပူလောင်လှသဖြင့် ကျွဲချောက်မှမတတ်ဖြစ်နေတော့မည်။

တစ်နေ့တော့ အိပ်ယာမှနိုးလျှင်နိုးချင်း သူ့မျက်စိထဲမှာ ကျွန်းတစ် ကျွန်း၏ ပုံရိပ်ကို လှမ်းမြင်ရလေသည်။ မြင်လိုက်စက မိမိမျက်စိကိုပင် မယုံချင်ပေ။ ကယောင်ကတမ်းနှင့် ဖြစ်နေသလားစိတ်စွဲလန်းမှုကြောင့် ပေလားဟု သံသယရှိနေမိသည်။

အသေအချာကြည့်တော့မှ မြင်ကွင်းမှာ အမှန်ပင်ဖြစ်၏။ သူ့ဝါးဖောင် ဦးတည်မျောနေသည့် ရှေ့တည့်တည့်တွင် ကျွန်းတစ်ကျွန်းကို အသေအချာတွေ့နေရချေပြီ။ ဦးဘထော်မှာ ဝမ်းသာအားရဖြင့် ဖောင်ကို ကျွန်းနှင့် နီးနိုင်သမျှနီးအောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



လေရာ နောက်ဆုံးတော့ ကံအားလျော်စွာ ကျွန်း၏ပင်လယ်ကမ်းစပ်တစ်နေရာရှိ ကျောက်တုံးကျောက်ခဲများသို့ ရောက်သွားလေတော့သည်။

ဦးဘထော်သည် ဝမ်းသာအားရ ဖောင်ပေါ်မှခုန်ဆင်းပြီးနောက် ဖောင်ကိုလှိုင်းနှင့် မျောပါမသွားစေရန် ကြိုးများဖြင့် ချည်နှောင်ထားလိုက် လေသည်။

"သေကံမရောက် သက်မပျောက်ဆိုသလို ဒီတစ်ခါတော့ အသက်ဘေးက လွတ်ခဲ့ပြန်ပြီ" ဟုတွေးကာ ကမ်းစပ်ပေါ်တက်လာပြီး ဦးစွာသောက်ရေရှာရန် လိုက်လံရှာဖွေလေရာ ကျောက်တုံးကျောက်ခဲများထဲ၌ တင်ကျန်နေသော မိုးရေများကို တွေ့သဖြင့် သောက်ရလေသည်။

ဘာပဲဖြစ်ဖြစ် ရေသောက်လိုက်ရသဖြင့် လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာလေသည်။

သူသည် ဖောင်ပေါ်မှာ ပါလာသော ငါးထိုးမှိန်းနှင့် ဓားကို ယူပြီး ကမ်းစပ်တစ်ဝိုက် လိုက်လံကြည့်ရှုလေသည်။ ကျွန်းမှာအတော်ကြီးပြီး အဝေးဆီတွင် မီးတောင်ဟောင်းကဲ့သို့ တောင်မြင့်ကြီးများကို လှမ်းမြင်ရသည်။

ကမ်းစပ်တလျှောက်တွင် သောင်ပြင်များနှင့် ကျောက်တုံးကျောက်ဆောင်များရှိပြီး အပေါ်မှာတော့ တောအုပ်များရှိသည်။





တောအုပ်ထဲမှာလည်း ကြီးမားသော ကျောက်တုံးကြီးများရှိနေလေသည်။

"ဒီကျွန်းပေါ်မှာ လူရှိတဲ့ပုံတော့ မပေါ်ဘူး ဘာပဲဖြစ်ဖြစ် ငါ့အတွက် ရေနဲ့ရိက္ခာရရင် ဖောင်စပ်မျှောပြီး ခရီးဆက်မှဖြစ်မယ်" ဟု တွေးတောကာ စားစရာရလိုရငြား သစ်တောစပ်တစ်ဝိုက် လိုက်လံကြည့်ရှုနေစဉ် တောအုပ်ထဲမှ အလန့်တကြားထပျံသွားသော ငှက်နှင့် တောကြက်ကတော်သံများကို ကြားရလေသည်။ ဦးဘထော်သည် ဗျဥ်ဒရယ်သစ်တောများထဲသို့ အကြိမ်ကြိမ်ရောက်ဖူးခဲ့သူမို့ တောအတွေ့ အကြုံများနှင့် မစိမ်းလှပေ။

တောကြက် တောငှက်များ ယခုလို အလန့်တကြားထပျံလျှင် လူကို အန္တရာယ်ပေးလေ့ရှိသော တောကောင်များရောက်လာလေ့ရှိရာ ကျောက်တုံးကြီးတစ်တုံးနောက်သို့ ဝင်ကပ်ကာ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

သို့သော် နောက်ထပ်မထူးခြားတော့ပဲ ငြိမ်သက်မြဲ ငြိမ်သက်နေမှ နေရာမှထွက်ကာ ထိုနေရာဘက်သို့ ထွက်လာလေသည်။ ထိုနေရာ တစ်ဝိုက်မှာ လူသူအရောက်အပေါက်နည်းသောကြောင့် မြို့နွယ်ပိတ်ပေါင်းများက ထူထပ်စွာ ပိတ်ဆီးလျက်ရှိရာ အနည်းငယ်ရှင်းလင်း ခုတ်ထွင်သွားမှ လူတစ်ကိုယ်စာသွားသာရုံ ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘထော်သည် ဓားတစ်ဖက် မှိန်းတစ်ဖက်ကိုင်ကာ သတိကြီးစွာထား၍ ရှေ့သို့တိုးဝင်သွားရာ တစ်နေရာရောက်သောအခါ လူငြီးသကဲ့သို့ မသဲကွဲသောအသံတစ်သံကို ကြားလိုက်ရသဖြင့် ခြေလှမ်းတုံ့သွားလေသည်။ နေရာတွင် အသာရပ်ကာ နားထောင်ကြည့်သော အခါ တွင် သူရောက်နေသော နေရာနှင့် မဝေးလှသော နေရာဆီမှ အသံတစ်သံကို အမှန်ပင် ကြားနေရလေသည်။

"ငါ့နားထဲမှာ လူသံလိုလို ကြားနေရတယ်။ ဒီကျွန်းပေါ်မှာ လူရှိတယ်ဆိုတာရော ဟုတ်နိုင်ပါ့မလား တောခြောက်နေတာများလား"ဟုတွေးရင်း အသေအချာနားထောင်ကြည့်သောအခါ အမှန်ပင် ငြီးငြူနေသော အသံကို ကြားနေရသည်။

သို့ကြောင့် ဓားနှင့်မှိန်းကို အသင့်ကိုင်ကာ သတိကြီးစွာထား၍ အသံကြားရာဘက်သို့ တဖြည်းဖြည်းတိုးဝင်လာလေသည်။ ကြားနေရ သောအသံမှာ တဖြည်းဖြည်းနီးလာပြီး ခြုံနွယ်ပိတ်ပေါင်းများကာဆီးနေသော နေရာကို ကျော်လိုက်သည်နှင့် ကြောက်မက်ဖွယ်ရာ မြင်ကွင်းတစ်ခုက ဆီးကြိုနေတော့သည်။

"အမယ်လေး"

ဦးဘထော်မှာ သွေးကြောင်တတ်သူတစ်ယောက်မဟုတ်သော်လည်း ရုတ်တရက်ကြီး တွေ့လိုက်ရတော့ ကြောက်မက်ဖွယ်





ရာ မြင်ကွင်းကြောင့် အထိတ်တလန့် ဖြစ်သွားလေသည်။

သူ့ရှေ့၌ ဆီးကြိုနေသော မြင်ကွင်းမှာ ရှစ်ပေခန့်အမြင့်ရှိသော ကျောက်ရုပ်ကြီးတစ်ရုပ်ဖြစ်သည်။ ကျောက်ရုပ်ကြီး၏ မျက်နှာမှာ ဘီလူးတစ်ကောင်၏ မျက်နှာမျိုးကဲ့သို့ ကြောက်မက်ဖွယ်ရာရှိပြီး လက်နှစ်ဖက်မှာ ရင်ဘတ်ပေါ်သို့ တင်ထားသည်။

လက်တစ်ဖက်၌ ဓားနှင့်တူသော အရာတစ်ခုကို ဆုတ်ကိုင်ထားသည်။ မျက်နှာမှာ အဝေးသို့ မျှော်ကြည့်နေဟန်မျိုးရှိသည်။ ဦးခေါင်းထိပ်၌ အနီရောင်ကျောက်တုံးကို ခေါင်းပေါင်းသဏ္ဌာန်ထွင်းထုထားသည်။ သို့သော် နှစ်ပေါင်းများစွာကြာမြင့်ခဲ့ဟန်ဖြင့် ရေညှိများတက်နေသောကြောင့် အရောင်အဆင်းက မပီတော့ပေ။

ဦးဘထော်ကြားနေရသော တဟီးဟီးနှင့် ညည်းညူသံမှာ ထိုအရုပ်ကြီး ရှိရာဘက်မှဖြစ်သည်။

"ဒီကျောက်ရုပ်ကြီးကတော့ ဘယ်နည်းနဲ့မှ အသံထွက်နိုင်မှာ မဟုတ်ဘူး။ ဒီငြီးသံဟာ တစ်နေရာကလာတာ ဖြစ်ရမယ်"ဟုတွေးကာ ရှေ့သို့တိုးဝင်သွားရာ ကျောက်ရုပ်ကြီးအနီးသို့ ရောက်သောအခါ နောက်ဘက်ခြုံစပ်တစ်နေရာ၌ သွေးသံရဲရဲဖြင့် လဲကျနေသည့် လူတစ်ယောက်ကို တွေ့ရလေသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ သွားကြည့်သောအခါ ထိုလူမှာ အသက်ငါးဆယ်ဝန်းကျင်ရှိပြီး တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များရထားလေသည်။ ဦးဘထော်က အသေအချာကြည့်သောအခါ ထိုသူမှာ အသက်ရှိနေသေး ပြီး သတိလစ်လှမတတ် ဖြစ်နေလေသည်။

သို့ကြောင့် ကျောက်ခွက်ထဲမှာ တင်နေသော မိုးရေကို ဖက်ရွက် ကတော့လုပ်ကာ ထည့်ယူလာပြီး ထိုလူ၏မျက်နှာနှင့် ပါးစပ်ထဲသို့ လောင်းချပေးလိုက်သည်။

ခဏကြာတော့ ထိုလူမှာ မျက်လုံးပွင့်လာပြီး သတိရလာသည်။ ဦးဘထော်ကိုမြင်တော့ ထိတ်လန့်ကြောက်ရွံ့နေဟန်ရှိသည်။

"ကျုပ်ကိုမကြောက်ပါနဲ့ ခင်ဗျားဘယ်သူလဲ ဘယ်လိုအန္တရာယ် မျိုးတွေ့ပြီး ဒီနေရာကိုရောက်နေတာလဲ" ဟု အကျိုးအကြောင်းပြောပြလိုက်မှ အနည်းငယ်ကြောက်စိတ် ပြေသွားဟန်ရှိပြီး အကျိုးအကြောင်း ပြောပြသည်။

"ကျုပ်နာမည် ဦးကျော်ခံလို့ ခေါ်ပါတယ် ကျုပ်တို့က ရန်ကုန်က လာကြတာပါ"

"ရှိ နေပါဦး ဒီကျွန်းပေါ်ကို ဘယ်ကိစ္စနဲ့ဘယ်လိုရောက်နေတာလဲ"

"ဒီကျွန်းက ရတနာဒီပကျွန်းလို့ခေါ်တယ် ဒီကျွန်းပေါ်မှာ





ပင်လယ် ဓားပြတွေ မြှုပ်ထားတဲ့ ရတနာတွေရှိတယ်"

"ဟင် ဒါ ဒါဖြင့် ခင်ဗျားတို့ ရတနာတွေ လာရှာကြတာပေါ့ဟုတ်လား"

"ဟုတ်ပါတယ် ဒါပေမဲ့ ရတနာတွေရှာမတွေ့ခင်မှာပဲ ကျုပ်တို့လူတွေ တစ်ယောက်ပြီးတစ်ယောက် အသက်ခံရလို့ သေကုန်ကြပြီ"

"ဘယ်သူတွေက သတ်တာလဲဟင်"

"လူသတ်သမားက တခြားတော့မရှိဘူး ဒီကျောက်ရုပ်ကြီးတွေပဲရှိတယ် ဒီကျောက်ရုပ်ကြီးတွေက အသက်ဝင်လာပြီး လိုက်သတ်ပစ်နေတာ"

"ဟင်"

ဦးကျော်ခံဆိုသူ၏ စကားကြောင့် ဦးဘထော်မှာ မိမိအနားတွင် မားမားကြီးရပ်နေသော ကျောက်ရုပ်ကြီးကို အထိတ်တလန့်မော့ကြည့်လိုက်သည်။

ကျောက်ရုပ်ကြီးက သူ့ကိုကျောပေးလျက် မားမားကြီးရပ်မြဲရပ်နေလေသည်။

"ဒီကျောက်ရုပ်ကြီးတွေက လူတွေကို လိုက်သတ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား" ဟု တစ်ယောက်တည်းပြောဆိုရေရွတ်နေမိသည်။ ကျောက်ရုပ်ကြီးက ငြိမ်သက်စွာ ရပ်မြဲရပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။

"လူတွေကို လိုက်သတ်တာ ဒီ.ဒီကျောက်ရုပ်ကြီးလား"

"ဟုတ်တယ် ဒီလိုကျောက်ရုပ်မျိုး ဒီကျွန်းပေါ်မှာ အများကြီးရှိတယ် ဘယ်အရုပ်က လူတွေကို သတ်ပစ်နေတယ်ဆိုတာတော့ ကျုပ်လည်း မသိဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ခင်ဗျား ဒီကျွန်းပေါ်မှာ ကြာကြာမနေပဲ အမြန်ဆုံးသာ ပြန်ပေတော့"

ဦးကျော်စံဆိုသူက အားယူ၍ ပြောပြလေသည်။

"ကျုပ်ကလည်း ပင်လယ်ထဲမှာ မုန်တိုင်းမိလို့ ဒုက္ခသည် ဘဝနဲ့ ရောက်လာတော့ ချက်ချင်းတော့ပြန်လို့ မရသေးဘူး ဒါပေမယ့် ကျုပ် ပြန်ရင်တော့ ခင်ဗျားကို တင်ခေါ်သွားပါ့မယ်"

"ကျုပ်ကတော့ နေရတော့မယ် မထင်တော့ပါဘူးဗျာ။ ဒီတော့ ခင်ဗျားပြန်ရင် ကျုပ်ဆီက ပစ္စည်းလေးတွေယူသွားပြီး ကျုပ်အိမ်ကိုရောက်အောင် သွားပို့ပေးပါ။ ကျုပ်သမီးနဲ့တွေ့တဲ့အခါ အကျိုးအကြောင်း ပြောပြပေးပါ"

ထိုစကားကြားသောအခါ ဦးဘထော်မှာ စိတ်မကောင်းဖြစ်သွားမိသည်။

ဈ ဈ ဈ





အခန်း (၃)

*(ကြောင်တစ်ရာကိုရှာမည့်သူ)*

"နောက်တော့ကျုပ်လည်း အဲဒီကျွန်းက ဖောင်နဲ့ပြန်ထွက်ခဲ့တယ် ရေစီးကြောင်းအတိုင်း မျောပါသွားလိုက်တာ နောက်ဆုံးတော့ ကာလ ကတ္တားက ကမ်းခြေတစ်ခုကို ရောက်သွားခဲ့တယ်။ အဲဒီကမှတစ်ဆင့် ဒုက္ခသည်တွေကို ပြန်ပို့ပေးတာနဲ့ ကျုပ်ရန်ကုန်ကို ရောက်လာခဲ့တယ်"

ဦးဘထော်က လက်ထဲမှ ဆေးပြင်းလိပ်ကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်လေသည်။

ကျွန်ုပ်စိတ်ထဲမှာတော့ ကျွန်းပေါ်မှာရလာသည်ဆိုသော ကြေးပြားချပ်ကလေးကို စိတ်ဝင်စားနေမိသည်။

"ကျုပ်လည်း ရန်ကုန်ကိုရောက်လာပြီး ရွာကိုမပြန်ချင်တော့



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ရန်ကုန်မှာပဲ ဖြစ်သလိုနေ ဖြစ်သလိုစားပြီးနေခဲ့တာပဲ"

"ဘာကြောင့် ဒီလိုနေတာလဲ"

"အမှန်ပြောရရင်တော့ ကျုပ်ရတနာဒီပကျွန်းကို တစ်ခေါက် ပြန်သွားချင်နေတယ် ဦးကျော်ဇံမသေခင်က ပြောသွားတဲ့ရတနာ တွေကို သွားရှင်းချင်နေတယ်။ ဒါပေမဲ့ သူပေးထားခဲ့တဲ့ ကြေးပြားပေါ်ကစာကိုလည်း မဖတ်တတ်၊ နောက်တစ်ချက်က အဲဒီကိုပြန်သွားဖို့ဆိုတာ ငွေကြေးအရင်း အနှီးရှိရဦးမယ် ကျုပ်ဆီမှာ ခြူးပြားတစ်ပြားမှမရှိဘူး ဒါကြောင့် ကျုပ်နဲ့ တူတူ ခရီးက သွားဖော်သွားဘက်တွေကို လိုက်ရှာနေတာပဲ"

ထိုစကားကြားတော့မှ ဦးဘထော်တစ်ယောက် ရည်ရွယ်ချက် ကြီးကြီးမားမားနှင့် စီစဉ်လုပ်ကိုင်နေသည်ကို ရိပ်မိကြလေတော့သည်။

"အခု ဦးဘထော်က ဘယ်လိုလုပ်ချင်တာလဲ"

"မောင်ရင်တို့ စိတ်ဝင်စားမယ်ဆိုရင် ဒီခရီးကိုအတူတူ သွားမယ်၊ ကျုပ်လည်းလိုက်မယ် ရလာတဲ့ အကျိုးအမြတ်ကို လည်း သင့်တော်သလို ခွဲယူကြမယ် ဘယ်လိုလဲ"

"ဦးဘထော်ပြောတာကို သဘောကျပါတယ်၊ ရတနာဒီပ ကျွန်းကရလာတဲ့ ပစ္စည်းတွေကိုလည်း ပြပါဦး"





ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်ရာ ဦးဘထော်က ၎င်း၏ အိတ်ဟောင်းကြီးထဲမှ ပစ္စည်းနှစ်ခုကိုထုတ်ကာ ကမ်းပေးလေသည်။ ၎င်းထုတ်ပြပေးသော အရာနှစ်ခုမှာ ကြေးပြား တစ်ချပ်နှင့် မှတ်တမ်းစာအုပ်အဟောင်းတစ်အုပ်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်က ကြေးပြားချပ်ကလေးကို မီးရောင်ဖြင့် ထိုး၍ ကြည့်လိုက်သည်။

ကြေးပြားချပ်မှာ လေးလက်မပတ်လည်ခန့်ရှိပြီး နှစ်ပေါင်း များစွာ ကြာမြင့်နေဟန်ဖြင့် ကြေးချေးများပင်တက်နေလေသည်။

ကြေးပြားပေါ်မှာ သင်္ကေတဘာသာဖြင့် ရေးထားသောစာ များကို တွေ့ရလေသည်။ ထို့နောက် မှတ်တမ်းစာအုပ်ကလေးကို ဖွင့်ကြည့်သောအခါ မီသားစုများ စုရိုက်ထားသော ဓာတ်ပုံ ဟောင်းတစ်ပုံနှင့် လိပ်စာများရေးသားထားသည်ကို တွေ့ရ သည်။

ထို့ထက် မှတ်တမ်းစာအုပ်တစ်နေရာ၌ ထူးထူးခြားခြား ရေးသားထားသော ဒွေးချိုးကဗျာတစ်ပိုဒ်ကိုလည်း တွေ့ရလေ သည်။ ကဗျာစာသားမှာ.....

ကြောင်တစ်ရာ၊ မောင်ရှာပေတော့
အောင်သပြေ ဆောင်နေထက်မှာလ



www.burmeseclassic.com

www.burmeseclassic.com



နှောင်မသေ စိန္တောရှေ့မှာ

ဖူးတွေ့မာန်လျော့ ဟူ၍ ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က ကျွန်ုပ်အားပြုံးဖြင့် ဖတ်ကြည့်လိုက်လေသည်။

"ဘယ်လိုသဘောရလဲဆရာ"

"ဒီကဗျာဟာ သာမန်အကြောင်းအရာတစ်ခုကို ရေးဖွဲ့ထားတဲ့ ကဗျာတစ်ပုဒ်တော့ ဟုတ်ဟန်မတူဘူး အကြောင်းတစ်ခုခုကို ညွှန်းထားတဲ့ ကဗျာဖြစ်မယ်ထင်တယ်"

"ကျွန်တော်လည်း ဒီလိုပဲသဘောရတယ် ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ကျုပ်တို့မိတ်ဆွေကြီး ဦးဇန်ကောင်းကို လိုက်ရှာပြီး သူနဲ့တိုင်ပင်ကြည့်ရင် ပိုကောင်းမယ်ထင်တယ်"

"ဦးဇန်ကောင်းက တိဘက်သွားနေတယ် မဟုတ်လား မြန်မာပြည် ပြန်ရောက်နေပြီလား"

"ရောက်နေလောက်ရောပေါ့ သူနဲ့တိုင်ပင်ပြီးမှပဲ ရှေ့လုပ်ရမယ့် အစီအစဉ်ဆွဲကြတာပေါ့"

ဟုပြောကာ ဦးဘထော်အား ငွေကြေးနှင့်လိပ်စာပေးထားခဲ့ကာ ခရီးထွက်လျှင် လာခေါ်မည်ဖြစ်ကြောင်း ပြောခဲ့ပြီး နှစ်





ယောက်သား သချိုင်းအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။

ကျွန်ုပ်တို့နှစ်ယောက် တာမွေသချိုင်းအတွင်းမှ ပြန်ထွက်လာတော့ အာရုဏ်ဦးအချိန်ရောက်နေပြီဖြစ်သောကြောင့် အိမ်သို့မပြန်တော့ဘဲ ငါးထပ်ကြီးဘုရားကုန်းပေါ်မှ အညာသား လက်ဖက်ရည်ဆိုင်သို့ လာခဲ့ကြသည်။ နှစ်ယောက်သား လက်ဖက်ရည်ပူပူသောက်ရင်း ဦးဘထော် ပြောလိုက်သည့် အကြောင်းအရာများကို ပြန်၍ဆွေးနွေးတိုင်ပင်ကြည့် ကြသည်။

"သူပြောလိုက်တဲ့ အကြောင်းတွေနဲ့ ပတ်သက်ပြီး ဆရာဘယ်လို သဘောရသလဲ"

"ကျုပ်အထင်ပြောရရင်တော့ သူပြောတဲ့အကြောင်းအရာတွေဟာ အမှန်တွေချည်းပဲလို့ ထင်တာပဲ ဒါပေမဲ့ သူပြောတဲ့ အကြောင်းအရာတွေထဲမှာ ကွင်းဆက်ပြတ်နေတာတစ်ခုရှိတယ်"

"ဘာများပါလိမ့်"

"တခြားတော့ မဟုတ်ဘူး ဦးကျော်ဖုံနဲ့ ပတ်သက်တဲ့ ကိစ္စတွေပဲ အမှန်တော့ ရတနာဒီပကျွန်းကို အရင်ရောက်တဲ့သူက ဦးကျော်ဖုံတို့ပဲ ဦးကျော်ဖုံနဲ့ပတ်သက်တဲ့ အကြောင်းကို ဒီထက်ပိုပြီးသိရရင်တော့ အစီအစဉ်ဆွဲရတာ ပိုကောင်းမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဆီမှာ ဦးဘထော်ဆီကယူလာတဲ့ ဦးကျော်ဖံရဲ့ မှတ်တမ်းစာအုပ်ရှိတယ်လေ။ အဲဒီအထဲက လိပ်စာအတိုင်းသွား ကြည့်ရင် မကောင်းပေဘူးလား"

"မှတ်တမ်းစာအုပ်ထဲမှာ လိပ်စာတွေရေးမှတ်ထားတာ အများကြီးရယ် ဘယ်လိပ်စာကို သွားရှာကြမှာလဲ"

ထိုသို့ပြောလိုက်သောအခါ ဒေါက်တာမင်းထင်ကျော်မှာ ကပ္ပိတန် စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း အတန်ကြာအောင် စဉ်းစားနေသည်။ အတော်ကြာတော့မှ...

"ဒီကိစ္စက ဦးဗန်ကောင်းပါရောက်လာပြီး သုံးယောက်ပေါင်း ပြီး အဖြေရှာမှ ပိုကောင်းမယ်၊ ဒီတော့ သူကျွန်တော်တို့ဆီ ရောက် လာအောင် အရင်လုပ်ရမယ်"

ဟုပြောသည်။

"ဘယ်လိုလုပ်မလဲ"

ဒေါက်တာမင်းထင်ကျော်က ၎င်း၏အစီအစဉ်ကို ပြောပြပြီး နောက် လက်ဖက်ရည်ဖိုးရှင်းပေးကာ နှစ်ယောက်သား ထွက်လာ ါလေသည်။

နောက်တစ်နေ့ထုတ် သတင်းစာ၊ ဂျာနယ်နှင့် စာစောင် အချို့တွင် းဆန်းသော ကြော်ငြာတစ်ခုပါလာလေတော့သည်။





ထိုကြော်ငြာမှာ

"ဟေမန္တ အလွန်မှာ
နဂါးကို အကြေးလှန်
တောင်ဘက်သို့ ခရီးဆန်မည်
ကံမကောင်းသူ ကံကောင်းစေရန်
အမြန်လာပါ"

ခရီးသွားဖော်များ

ဟူ၍ဖြစ်သည်။

ထိုကြော်ငြာမှာ လင်းယုန်ဂျာနယ်၊ ပြည်ထောင်စုနေ့ နေ့စဉ်၊ မြန်မာ့အလင်း၊ အိုးဝေဂျာနယ်၊ ဗမာ့ခေတ်၊ ရွှေထောင့်ဂျာနယ် အစရှိသော သတင်းစာ ဂျာနယ်စာစောင်များ၌ ပါလာလေတော့ သည်။ ထိုသတင်းကြော်ငြာကို နှစ်ရက်ဆက်တိုက်ထည့်လိုက်ပြီး သုံးရက်မြောက် နံနက်စောစောအချိန်တွင် ကျွန်ုပ်တို့ မိတ် ဆွေကြီးဦးဗန်ကောင်းတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေတော့သည်။

သူသည် ကြီးမားသော ပုတီးကုံးကြီးကိုလည်ပင်း၌ ဆွဲ ထားကာ အပေါ်အောက် အညိုရောင် အဝတ်အစားများကို ဝတ်ဆင်ထားပြီး ထုံးစံအတိုင်း လွယ်အိတ်ကြီးတစ်လုံးကို လွယ်



www.burmeseclassic.com

www.burmeseclassic.com



ထားလေသည်။

သူရောက်လာသည်နှင့် ဒေါက်တာမင်းထင်ကျော်ရှိရာသို့ မောင်တိုးအောင်ကိုလွှတ်၍ အကြောင်းကြားလေရာ ခဏကြာတော့ ဒေါက်တာ မင်းထင်ကျော်တစ်ယောက် ၎င်း၏ကားဖြင့် ရောက်လာလေတော့သည်။

"ဘယ်လိုလဲ ဦးဗန်ကောင်း ကျွန်တော်ထည့်လိုက်တဲ့ သတင်းစာ ကြော်ငြာကို အခုမှတွေ့လို့ ရောက်လာတာလား"

"မဟုတ်ပါဘူး မောင်ရာ စာစောင်တွေထဲမှာ အဲဒီကြော်ငြာထည့်တဲ့နေ့ကတည်းက ကျုပ်ကိုခေါ် နေမှန်းသိပါတယ်။ ဒါပေမဲ့ ရွှေတိဂုံမှာ နဝင်းသုံးစုံအဓိဋ္ဌာန်ဝင်နေတာ မပြီးသေးလို့ ချက်ချင်းရောက်မလာနိုင် တာပါ"

"ဒါထက် တိဘက်ကပြန်ရောက်တာ ကြာပြီလား"

"သိပ်မကြာသေးဘူး နဝင်းသုံးစုံ အဓိဋ္ဌာန်ကို တိဘက်လားမားကြီး တစ်ပါးဆီက ရလာတာနဲ့ ဒီကိုပြန်ရောက်ရောက်ချင်း အဓိဋ္ဌာန်သွားဝင်နေတာ"

"နဝင်းသုံးစုံ အဓိဋ္ဌာန်ဆိုတာ ဘယ်လိုအဓိဋ္ဌာန်မျိုးလည်းဗျ တဆိတ်လောက်ပြောပြပါဦး"

ကျွန်ုပ်က မေးလိုက်သဖြင့် ဦးဗန်ကောင်းက ၎င်း၏လွယ်





အိတ်ကြီးကို ပခုံးမှဖြုတ်၍ စားပွဲပေါ်တင်လိုက်သည်။ ပြီးမှ အေးအေးဆေး ဆေးပြောပြသည်။

"ဟိမဝန္တာတောင်ကနေ ဖြာထွက်လာတဲ့ တောင်ကြောတွေကို ရေတွက်လိုက်ရင် တောင်အလုံးပေါင်း (၉၉) လုံးမြောက်ဟာ ယခု ရွှေတိဂုံစေတီတော်ကြီး တည်ထားတဲ့ သိင်္ဂုတ္တရ ကုန်းတော်ပဲ"

"ဟုတ်ပါပြီ ကိုးနဝင်း သုံးထပ်ပါလား"

"ဒါတင် ဘယ်ကမလဲ သိင်္ဂုတ္တရကုန်းတော်ကြီးကို ကုန်းပေါင်း (၉၉) ကုန်းက ဝန်းရံထားသေးတယ်။ ရန်ကုန်နယ်နိမိတ်မှာတင် ကုန်းပေါင်း ၉၉ ကုန်းရှိတယ်"

"တယ်ဟုတ်ပါလား ရွှေတိဂုံဘုရားပေါ်က နဝင်းသုံးစုံဆိုတာ ဘာတွေလဲဗျ"

"နဝင်းသုံးစုံဆိုတာ (၁) နဝင်းစေတီတော်ကြီး (၉)ဆူ၊ (၂) နဝင်း ရုပ်ပွားတော်ကြီး (၉) ဆူနဲ့ နဝင်းဗုဒ္ဓအောင်မြေတော်ကြီး (၉) ဌာနပဲဗျ"

"စိတ်ဝင်စားစရာပဲဗျ တလက်စထဲ ပြည့်စုံအောင်ရှင်းပြပေးပါဦး နဝင်းစေတီတော်ကြီး (၉) ဆူက ဘယ်စေတီတွေလဲ"

"နဝင်းစေတီတော်ကြီး (၉) ဆူဆိုတာ (၁) ရွှေတိဂုံစေတီတော် ကြီး၊ (၂) နှောင်တော်ကြီးစေတီတော်၊



www.burmeseclassic.com

www.burmeseclassic.com



(၃)နောင်တော်လတ်စေတီတော်၊ (၄) ဆံတော်တွင်းစေတီတော်၊ (၅) ရှင်စောပုဆုတောင်းပြည့်စေတီ တော်၊ (၆) ဓမ္မစေတီမင်းရဲ့ အင်းစေတီတော်၊ (၇) သီဟရာဇာစေတီ တော်၊ (၈) ဝိဇ္ဇာဇော်ဂျီ (ခ) ဝိဇ္ဇာညီနောင် ဆရာတော်၊ (၉) နေစကြာ လစကြာ (နေလဘုရား) စေတီတော် (၉) ဆူပဲပေါ့ဗျာ"

"ဟုတ်ပါပြီ နဝင်းရုပ်ပွားတော်ကြီး (၉) ဆူရောဗျ"ဏ်

ဦးဗန်ကောင်းက လက်ဖက်ရည်အကြမ်းတစ်ခွက်ကို ငုံ့၍သောက် လိုက်ပြီးမှ စကားပြန်ဆက်လေသည်။

"နဝင်းရုပ်ပွားတော်ကြီး (၉) ဆူဆိုတာ (၁) တစ်ဝဋ္ဋ ပတ္တမြား မျက်ရှင်ဘုရား၊ (၂) ကကုသန်လက်ပက်လက်လာဘ မုနိဘုရား၊ (၃) တစ်ဝဋ္ဋ သိဒ္ဓိအောင်ဘုရား၊ (၄) မြဒါးရှင်မဟာမြတ်မုနိဘုရား၊ (၅) ဘိုး ဘိုးဘုရားကြီး၊ (၆) ပထမံဘိုးဘိုးအောင် တစ်ဝဋ္ဋဆုတောင်းပြည့်ဘုရား၊ (၇) ရှင်အဇ္ဇဂေါဏဘုရား၊ (၈) ရှင်မထီးဘုရား၊ (၉) ဆုတောင်းပြည့် ရာဇမုနိဘုရား (၉) ဆူဟာ နဝင်းရုပ်ပွားတော်ကြီး (၉) ဆူပါပဲ"

"အင်း မှတ်သားစရာပဲ ကျန်တဲ့နဝင်းဗုဒ္ဓအောင်မြေကြီး (၉) ဌာန အကြောင်းကိုလည်း တစ်လက်စတည်း ပြောပြပါဦး"

"နဝင်း ဗုဒ္ဓအောင်မြေကြီး (၉) ဌာနဆိုတာက (၁) ရွှေတိဂုံစေတီတော် အထက်ပစ္စယံက အရှေ့တောင်ဘက်





တစ်ဝဋ္ဋ ပတ္တမြားမျက်ရှင် ဘုရားရှေ့တည့်တည့်ရှိ ပတ္တမြားမျက်ရှင်အောင်မြေ (ခေါ်) ရန်အောင်မြင် မဟာဝိဇယ နဝင်း ဗုဒ္ဓအောင်မြေကြီး၊ (၂) အရှေ့ဘက် တန်ဆောင်း မုခ်ဝရှိ ကကုသန်လက်ပက်လက်လာဘမုနိ ရှေ့တည့်တည့်ရှိ နေသိဒ္ဓိ အောင်မြေခေါ် ဥစ္စာလာဘသိဒ္ဓိနဝင်း ဗုဒ္ဓအောင်မြေ၊ (၃) အရှေ့ဘက် တန်ဆောင်းအတွင်းရှိ သိဒ္ဓိအောင်ဘုရားရှေ့ တစ်ထိုင်စာတွင် သိဒ္ဓိအောင် (ခေါ်) ပညာအောင်နဝင်းဗုဒ္ဓအောင်မြေ (၄) အနောက်မြောက်အရပ် (ရာဟုထောင့်) ရှင်စောပုဆုတောင်း ပြည့် စေတီတော်တောင်ဘက်ရှိ စကားဝါ၊ စကားစိမ်း၊ စကားပင်လေးပင်ရှိခဲ့ ဖူးသော ဗားလေးဗားနဝင်း ဗုဒ္ဓအောင်မြေ (၅) ဆံတော်တွင် တန်ဆောင်းရှိ ရုပ်ပွားဆင်းတုတော်ရှေ့ရှိ ဆံတော်တွင်းနဝင်းဗုဒ္ဓအောင် မြေ၊ (၆) ပဲခူးဓမ္မစေတီမင်း၏ ကောင်းမှုတော်အင်းစေတီရှေ့ ခြင်္သေ့ရုပ်နှင့် ကျားရုပ်နှစ်ရုပ် အကြားဌ်ရှိသည့် အင်းအောင်မြေ၊ စမအောင်မြေ၊ စမပထမံနဝင်း ဗုဒ္ဓအောင်မြေ၊ (၇) စနေထောင့်ရှိ ဝိဇ္ဇာ ဇော်ဂျီခေါ် ဝိဇ္ဇာညီနောင် စေတီတော်ကြီးရှေ့တည့်တည့်ဌ်ရှိသော ဝိဇ္ဇာညီနောင် နဝင်း ဗုဒ္ဓအောင်မြေ၊ (၈) ဒေါ်ဒဂုန်ခင်ခင်လေး၏ မဟာဗောဓိ တန်ဆောင်းကြီးနောက်ကျောဘက်နှင့် နောင်တော်လတ် စေတီခြေရင်း ကြားဌ်ရှိသည့် ယက္ခဂုမ္ဘဏ်အောင်မြေ (ခေါ်) ယက္ခဂုမ္ဘဏ် နဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓအောင်မြေ၊ (၉) စနေထောင့် နေစကြာလစကြာစေတီတော် လိုဏ်ဂူမုခ်ဝရုပ်ပွားတော်ရှေ့ရှိ နေစကြာလစကြာအောင်မြေ နေလစကြာ သိဒ္ဓိနှစ်ပါး နဝင်းဗုဒ္ဓအောင်မြေဆိုတဲ့ နဝင်းအောင်မြေ (၉)ဌာနပါပဲ”

ဟု လက်ဖက်ရည်ကြမ်းသောက်ရင်း စိတ်ရှည်လက်ရှည်ရှင်းပြလေသည်။

“ဦးဗန်ကောင်းကတော့ ဘယ်နေရာမဆိုနဲ့ စပ်ပါပေမယ်”

“ဒီလိုဗေပါလေ ဗဟုသုတဆိုတာ သူ့အလိုလိုရတာမျိုးမှ မဟုတ် တာ လိုက်ရှာမှရတာဆိုတော့ ဒီလိုပဲလိုက်လံရှာဖွေပြီး စုဆောင်းထား ရတာပေါ့”

“ဒါထက် သတင်းစာကြော်ငြာကိုတွေ့တော့ ကျွန်တော်တို့ ထည့် လိုက်တဲ့ကြော်ငြာမှန်း ချက်ချင်းသိတာပဲလား”

“သိပါ့ဗျာ ခရီးသွားဖော်များဆိုကတည်းက မောင်ရင်တို့ အဖွဲ့မှလွဲပြီး တခြားဘယ်သူမှမဖြစ်နိုင်ဘူးဆိုတာသိပါတယ်။ ဒီတစ်ခါ ပင်လယ်ဘက်ခရီးထွက်ကြမယ်မဟုတ်လား”

“ဟုတ်ပါတယ် ဘယ်လိုသိပြန်တာလဲ”

“ကြော်ငြာစာထဲမှာ အဓိပ္ပာယ်ကပါနေတာပဲ ပေမန္တာ အလွန်မှာဆိုတာ ရှေ့လာမယ့် တပို့တွဲ တပေါင်းလထဲမှာ ခရီးထွက်ကြရမှာမဟုတ်လား နဂါးကို အကြေးလှန်ဆိုတဲ့ အဓိပ္ပာယ်က





နတ်ပြာတဲ့တောင်ဆိုတဲ့ လင်္ကာအရ နတ်တော် ပြာသို တပို့တွဲလတွေမှာ နဂါးဦးခေါင်းက တောင်ဘက်ကိုလှည့်တယ် အကြေးလှန်တဲ့သဘောက အမြီးကနေခေါင်းဘက် ကိုသွားမယ့်အဓိပ္ပာယ် မဟုတ်လား ဒီအချက်တွေကိုကြည့်ရင် တောင်ဘက် အရပ်မှာလည်း ပင်လယ်တွေပဲရှိတာရယ် နဂါးခေါင်းက တပို့တွဲလအထိပဲ တောင်ဘက်ကိုလှည့်မယ်ဆိုတာရယ် အားလုံးဆက်စပ်လိုက်ရင် တပို့တွဲလမကုန်ခင်ပင်လယ်အရပ်ဘက်ကို ခရီးထွက်ကြမယ်ဆိုတာ သိနိုင်ပါတယ်”

“တော်ပါပေ့ဗျာ ပညာရှိများတွေးကြည့်တာ ပြေးကြည့်တာထက်တောင် မှန်သေးတယ်”

“စာထဲမှာပါတဲ့ ကံမကောင်းသေးတဲ့သူဆိုတော့ တခြားဟုတ်ပါရိုးလား ကံမကောင်းတဲ့ ဗန်ကောင်းဆိုပြီး နာမဝိသေသနတပ်ထားတဲ့ ကျုပ်ကိုညွှန်းထားမှန်းသိသာပြီး ကံကောင်းစေရန်ဆိုတဲ့အချက်ကတော့ ချမ်းသာလောက်မယ့်ကိစ္စတစ်ခုခုသွားလုပ်ကြမလို့မဟုတ်လား”

ဟုပြောကာ ရှေ့မှာချထားသော လက်ဖက်ရည်ကြမ်းခွက်ကို ကောက်ယူကာတစ်ကျိုက်တည်းနှင့် မော့သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဦးဗန်ကောင်းရဲ့ အတွေးအခေါ် အယူအဆတော့ တကယ့်ကို လက်ဖျားခါလောက်ပါပေတယ်။ တကယ်လို့သာ အမှုစစ်အရာရှိတို့ တရားသူကြီးတို့လုပ်မယ်သာဆိုရင် တရားခံတွေဟာ လွတ်လမ်းသိပ် မမြင်လှဘူး"

"ဒီလောက်လည်း ချီးကျူးမနေပါနဲ့လေ ထမင်းအိုးတစ်လုံးလိုပဲ အဖုံးနဲ့အိုးနဲ့ အံကျဖြစ်သလို မျိုးကြော်ငြာထည့်တဲ့သူတွေရေးတဲ့စာက အဓိပ္ပာယ်ပေါ် အောင်ရေးနိုင်လို့သာကျုပ်က ချက်ချင်းသိနိုင်တာပါ။ ကိုင်း အခုကိစ္စက ကျုပ်ပြောတဲ့အတိုင်းပဲမဟုတ်လား"

ဟု မေးလေသည်။

"အမှန်ပါပဲ ဦးဗန်ကောင်းပြောတဲ့အတိုင်း ပင်လယ်ဘက်ကို စွန့်စွန့်စားစားသွားရမယ့် ခရီးတစ်ခုပေါ် လာလို့ ဦးဗန်ကောင်းကို အခုလို မှာရတာပါပဲ"

ဒေါက်တာမင်းထင်ကျော်က ဦးဘထော်နှင့်စတင်တွေ့ပုံမှစ၍ အကြောင်းစုံပြောပြလိုက်သည်။ စကားဆုံးသောအခါ ဦးဗန်ကောင်းက...

"ကပ္ပလီပင်လယ်ထဲမှာ ကျွန်းတွေကအများကြီးရှိတာ ရတနာဒီပကျွန်းဆိုတာ ဘယ်နေရာမှာရှိသလဲ"





ဟုမေးလေသည်။

"အဲဒါတော့ မသိရသေးဘူး"

"ကိုင်း ဒါဖြင့်သူ့ဆီကယူလာတဲ့ ပစ္စည်းလေးတွေတဆိတ်လောက် ပြပါဦး"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က မှတ်တမ်းစာအုပ်နှင့် ကြေးပြားချပ်ကလေးကို ထုတ်ပြလိုက်သည်။ ဦးဗန်ကောင်းက ကြေးပြားချပ်ကိုကြည့်ပြီး....

"ဒီကြေးပြားပေါ်မှာ ရေးထားတဲ့ သင်္ကေတစာတွေကိုတော့ ဆရာကြီး သူ့ရှုဆီသွားပြီးပြရင် အဖြေသိရမှာပါ ဒီမှတ်တမ်းထဲမှာ ရေးထားတဲ့ စာကတော့ စိတ်ဝင်စားစရာပဲ"

ဦးဗန်ကောင်းစိတ်ဝင်စားသည်ဆိုသောစာမှာ ဦးကျော်ဇံမှတ်တမ်း စာအုပ်ထဲ၌ ရေးထားသော....

ကြောင်တစ်ရာ

မောင်ရှာပေတော့

အောင်သပြေ

ဆောင်နေထက်မှာလ

နောင်မသွေ စိနေ့ရှေ့မှာ

မှုးတွေ့မာန်လျော့ ဟူသောစာပိုဒ်ပင်ဖြစ်သည်။

ဦးဗန်ကောင်းက ထိုစာကိုဖတ်ပြီး အတန်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေ လေသည်။

"ဒီစာက သာမာန်ရေးထားတဲ့စာတော့ ဟုတ်ဟန်မတူဘူး လျှို့ဝှက် ချက်တစ်ခုကို ရေးထားတဲ့စာပဲဖြစ်ရမယ် လျှို့ဝှက်ချက်ဆိုတာ စဉ်းစားပြီး အဓိပ္ပာယ်ဖော်ရင် အဖြေရဖို့မခက်လှပါဘူး ပဟေဠိဆိုတာ လူ့ရဲ့စိတ်ကိုနှိုးကြွစေသလို သိမ်မွေ့တဲ့ အားပြိုင်မှုတစ်ခုဆိုရင်လည်း ဟုတ်တယ်"

"ဘယ်လိုဖော်မလဲ"

"စာပိုဒ်ရှေ့မှာ အရေးကြီးတဲ့စာလုံးတွေကို အရေးမကြီးတဲ့ အလုံးတွေနဲ့ ရံထားလေ့ရှိတယ် ဒီတော့စဉ်းစားရတာတောင် ကျဉ်းသွားအောင် အရေးကြီးတဲ့စာလုံးတွေချည်းပဲဖယ်ထုတ်ရအောင်"

ဟုပြောကာ စာရွက်တစ်ရွက်တောင်းယူပြီး ထိုစာရွက်ပေါ်၌ ခဲတံဖြင့်စာလုံးအချို့ကို ရေးချလိုက်သည်။ သူရေးထုတ်လိုက်သော စာလုံးများမှာ .....

ကြောင်တစ်ရာ အောင်သပြေ ဆောင်နေ စိန္တေဟူသော စာလုံးတွေပင်ဖြစ်၏။

ဦးဗန်ကောင်းသည်၎င်း၏ လွယ်အိတ်ထဲမှ ကွမ်းဗူးကိုထုတ်၍ ကွမ်းတစ်ယာယူ၍ ပါးစပ်ထဲထည့်ကာဝါးရင်းစဉ်းစားနေသည်။ သူ့ပုံစံမှာ လျှို့ဝှက်သောအမှုတစ်ခုကို စဉ်းစားနေသော





စုံထောက်တစ်ဦး၏ ပုံစံမျိုးပင်။

အတော်ကြီးကြာတော့မှ အဖြေကိုတွေ့သွားသည့်ပုံစံမျိုးဖြင့် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဒီလျှို့ဝှက်စာရဲ့ အဓိပ္ပာယ်က ကြောင်တစ်ရာလမ်း အမှတ် ၁၆၅ မှာ ရှိတဲ့အိမ်ရဲ့ ဘုရားစင်ရှေ့တဝိုက်မှာ လျှို့ဝှက်ချက်ကိုရှာရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ"

"ဘယ်လိုများအဓိပ္ပာယ်ရှာတာလဲ ကဆိတ်လောက် ပြောပြပါဦး"

"လျှို့ဝှက်ချက်တိုင်းမှာ အဖြေကတော့ရှိပြီးသားပါ တစ်ခါတစ်ရံ အစပိုင်းမှာရှိသလို တစ်ခါတစ်ရံ အလယ်မှ ဝှက်ထားတယ် တစ်ခါတစ်လေတော့လည်း နောက်ဆုံးမှာရှိနေတတ်တယ်"

"မှန်ပါတယ်"

"ဒီစာပိုဒ်တွေကိုကြည့်ရင် နောက်ဆုံးမှာရှိတဲ့အစိန္တေဆိုတဲ့ စာပိုဒ်ရဲ့ အဓိပ္ပာယ်ကိုအားလုံးသိနိုင်ကြတယ်မဟုတ်လား"

"သိနိုင်တာပေါ့"

"အစိန္တေဆိုတာ ဘုရားရှေ့မှာလို့ အဓိပ္ပာယ်ရတယ် သူ့ရှေ့မှာရှိတဲ့ ဆောင်နေဆိုတဲ့ အဓိပ္ပာယ်က နေအိမ်ပဲ ဒီတော့ နေအိမ်တစ်ခုရဲ့ ဘုရားစင်ရှေ့ဆိုတဲ့ အဓိပ္ပာယ်မရပေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီဗျို့ ဟုတ်ပြီ ဆက်ပါဦး"

"နေအိမ်ကိုသိရပြီဆိုတော့ ရှေ့ကစာပိုဒ်တွေက လမ်းနဲ့နေရာဖြစ်ရမှာပေါ့ ကြောင်တစ်ရာဆိုတာကကော့ လမ်းရဲ့အမည်ပဲ"

"ဟင် ရန်ကုန်မှာ ကြောင်တစ်ရာလမ်းရယ်လို့လည်း မကြားမိပါလား"

"ကြောင်တစ်ရာဆိုတဲ့အမည်က အင်္ဂလိပ်လက်ထက်က ခေါ်ခဲ့တဲ့ရှေးလမ်းအမည်တွေပါ။ လမ်းမတော်မြို့နယ်ထဲမှာပဲရှိပါတယ် လမ်းမတော်ဒေသဆိုတာ အင်္ဂလိပ်အစိုးရလက်ထက်က အစအဦးတည်ခဲ့တဲ့ ရပ်ကွက်ဖြစ်လို့ အမှတ်စဉ် (၁) လမ်းကိုအဲဒီကစပြီး (၁၆၉)လမ်း အထိ ရှိတယ်"

"ဟုတ်ကဲ့"

"ရှေးကတော့ (၁) လမ်းကနေ (၄) လမ်းအထိ လူနေအိမ်ခြေမရှိခဲ့ပါဘူး ဝါးတန်းလမ်း (ဝါးတန်းကြီးလမ်း)မှာသာ ဝါး၊ ဓနိရောင်းသူတွေ နေခဲ့ကြတယ်၊ အဲဒီလမ်းကို အင်္ဂလိပ်တွေက ဗြိတိသျှအစိုးရမြို့နီစပယ်အဖွဲ့ အမှုဆောင်အင်ဂျင်နီယာ ကီလီ (Capt Keighly)ကို ဂုဏ်ပြုတဲ့ အနေနဲ့ ကီလီလမ်းလို့ခေါ်ခဲ့သလို အဲဒီလမ်းထိပ်မှာရှိခဲ့တဲ့ဈေးကိုလည်း ကီလီဈေးလို့ ခေါ်ခဲ့ကြတယ်"

"ဟုတ်ကဲ့"





"အမှတ် (၅) လမ်းကစပြီး လူနေအိမ်တွေရှိလာတယ် (၅) လမ်းက ငှက်ပျောတင်တဲ့တံတားရှိလို့ငှက်ပျောတံတားလမ်း၊ (၆) လမ်းကျတော့ ကိုင်းတောကြီးတွေရှိလို့ ကိုင်းတန်းလမ်း၊ ဗြိတိသျှတွေကတော့ အင်ဂျင် နီယာချုပ်ဝီလျံ (Lt. William) ကို ဂုဏ်ပြုတဲ့အနေနဲ့ ဝီလျံလမ်းလို့ ခေါ် ခဲ့ကြသေးတယ်"

"ဟုတ်ကဲ့"

"အမှတ် (၈) လမ်းက ကျွဲပုတ်ကန်၊ အဲဒီနောက် အခုလမ်းသစ်လမ်းလို့ခေါ်တဲ့လမ်းကဗြိတိသျှလက်ထက်က ဗြိတိသျှတရားသူကြီး မော်တင် (Morton) ကို ဂုဏ်ပြုတဲ့အနေနဲ့ မော်တင်လမ်းလို့ခေါ်ခဲ့ကြတယ်။ အခုအချိန်ထိ လမ်းသစ်လမ်းဆိုတာထက် မော်တင်ဆိုတဲ့ စကားကပိုပြီးအသုံးများနေဆဲပဲ"

"ဟုတ်ပါတယ်"

"၁၀ လမ်းကိုတော့ ငပိသည်တွေရှိလို့ ငပိတန်း ဟိုဘက်မှာ လှည်းလုပ်ရောင်းတဲ့သူတွေနေတဲ့လမ်းကိုတော့ လှည်းတန်းလမ်းပေါ့ (၁၁) လမ်းကိုတော့ အထက်ပိုင်းကို ဖက်တန်း၊ အလယ်ပိုင်းကို ပိုက်တန်းလမ်းလို့ခေါ်ကြတယ်"

"ဟုတ်ကဲ့"

"၁၂ လမ်းကိုတော့ အရင်ကဖိနပ်လုပ်တဲ့လူတွေရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်တန်း လို့ခေါ်ပြီး သူနဲ့ကပ်ရပ်လမ်းကိုတော့ ဘုရားငုတ်တို လေးရှိလို့ ဘုရား ငုတ်တိုလမ်းလို့ခေါ်ကြတယ်၊ ဒါပေမဲ့ သရက် တောကျောင်းတိုက်ထဲက ဘုန်းကြီးတွေဆွမ်းခံကြွလို့ ဘုန်းကြီး လမ်းလို့ခေါ်ခဲ့ကြတာ အခုအချိန်ထိပေါ့"

"ဟုတ်တယ် ဟုတ်တယ်"

"၁၃ လမ်းကိုတော့ ခေါင်ချုပ်တန်းလို့ခေါ်တယ် ဒါးရှည်တန်း လို့ လည်းခေါ်တယ် ၁၄ လမ်းကိုအရင်က ကြောင်တစ်ရာလမ်း လို့ခေါ် ကြတယ် အမှတ် ၁၅ လမ်းကိုသုံးပင်တန်း၊ ၁၆ လမ်းကို တော့ ထန်းပင်ကုန်းလို့လည်းခေါ်တယ် ကြက်မှန်တန်းလမ်းလို့ လည်းခေါ်တယ်။ ကျုပ်တို့သွားရမယ့်လမ်းက အရင်ကကြောင် တစ်ရာလမ်းလို့ခေါ်တဲ့ ၁၄ လမ်းကိုပဲပေါ့"

"ပြောပြတဲ့အချက်တွေကတော့ နှံ့စပ်သေချာလှပါတယ် ၁၄ လမ်းကတော့ ဟုတ်ပါပြီ ဘယ်အိမ်ကို သွားရမှာလဲ"

"ဒီစာပိုဒ်တွေထဲမှာ နောက်ဆုံးကျန်တဲ့ အောင်သပြေဆိုတဲ့ စာပိုဒ်ပဲမဟုတ်လား လမ်းနဲ့အိမ်ကို အဓိပ္ပာယ်ကောက်လို့ရ ပြီဆိုတော့ ကျန်တာက အိမ်အမှတ်ပဲဖြစ်မှာပေါ့"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က

"အောင်သပြေကို အဓိပ္ပာယ်ကောက်ရင် အောင်=၁၊ သ=၆၊ ပြေ=၅ဆိုတော့ အိမ်အမှတ် ၁၆၅ ကိုသွားရမှာမဟုတ်လား"





ဟုအားတက်သရော ပြောလိုက်သည်။

"ဒါပဲပေါ့ ဦးကျော်ဖံဆိုသူရဲ့ မှတ်တမ်းစာအုပ်မှာပါတဲ့ လျှို့ ဝှက် လမ်းညွှန်အရဆိုရင် ကြောင်တစ်ရာလမ်း အိမ်အမှတ် ၁၆၅ မှာရှိတဲ့ အိမ်ရဲ့ ဘုရားရှေ့မှာ ရှာကြည့်ရင် ကျုပ်တို့သိချင်နေတဲ့ အကြောင်းအရာတွေကို သိရနိုင်တာပေါ့ဗျာ"

ဟု ပြောပြလေသည်။

"အင်း ဦးဇန်ကောင်းရောက်လာမှပဲ သိချင်တာလေးတွေသိရ တော့တယ် ဒါဖြင့်အခုဘယ်လိုဆက်လုပ်ကြရင်ကောင်းမလဲ"

"ဘာဆက်လုပ်ရမလဲဆရာရယ် ကျွန်တော်တို့ခန့်မှန်းတာ တွေ ဟုတ်မဟုတ်သိရအောင် အခုပဲ ကြောင်တစ်ရာလမ်းကို သွားကြရုံရှိတာပေါ့"

ဟုပြောဆိုကာ ဒေါက်တာမင်းထင်ကျော်၏ကားနှင့်ပင် လမ်းမ တော်ဘက်သို့ ဆင်းလာခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

### ပြတ်နေသောလျှို့ဝှက်ကွင်းဆက်များ

ဒေါက်တာမင်းထင်ကျော်မောင်းလာသောကားကလေးသည် ၁၄ လမ်း (ကြောင်တစ်ရာလွှမ်း)အတွင်းသို့ မောင်းဝင်လာခဲ့ပြီး အမှတ် ၁၆၅ ဟု ရေးထားသော အိမ်ကြီးတစ်လုံးရှေ့သို့ ရောက်သောအခါ ရပ်လိုက်ကြ သည်။

အိမ်မှာအောက်ခံမှာတိုက်ဖြစ်ပြီး အပေါ်ပိုင်းက ရေနံချေး ဝနေသော သစ်သားအိမ်ကြီးဖြစ်သည်။ ကားအတွင်းမှလှမ်းကြည့် တော့ အပေါ်ထပ် အောက်ထပ်ရှိပြတင်းပေါက်တံခါးအားလုံး ပိတ်ထားပြီး အိမ်ရှေ့ ဝင်ပေါက် တံခါးတော့ ဖွင့်ထားသည်။

သို့သော် သံဘာဂျာတံခါးကိုပိတ်ထားလေသည်။ အခြေအ…





နေကို လှမ်းကြည့်တော့လည်း လူရိပ်လူခြည်မတွေ့ရပေ။ သုံးယောက်သား ကားကိုတစ်နေရာမှာရပ်ထားခဲ့ပြီး ကားပေါ်မှဆင်းကာ အိမ်ပေါက်ဝသို့ လျှောက်လာကြသည်။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

ဒေါက်တာမင်းထင်ကျော်က အသံပြုလိုက်သောအခါ အိမ်ထဲမှ အသက်ငါးဆယ်ကျော်အရွယ် မိန်းမကြီးတစ်ဦးထွက်လာသည်။ ၎င်းသည် အသားဖြူဖြူနှင့် အပေါ်အောက်အဝတ်အစားအနက်ရောင်များကို ဝတ်ဆင်ထားလေသည်။

"ဘာကိစ္စများရှိလို့ပါလဲ"

"ဒါဦးကျော်ဖရဲ့ အိမ်ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့က ဦးကျော်ဖရဲ့ အသိမိတ်ဆွေတွေပါ"

ဟုပြောကာ မှတ်တမ်းစာအုပ်ကလေးထဲတွင် ဓာတ်ပုံကိုညှပ်၍ သံဘာဂျာတံခါးပေါက် မှအထဲသို့လှမ်းပေးလိုက်သည်။ အမျိုးသမီးကြီးကား ဓာတ်ပုံနှင့်မှတ်တမ်း စာအုပ်ကိုကြည့်ပြီး မျက်ရည်များဝဲလာသည်ကို တို့လိုက်ပြီးနောက် သံဘာဂျာ တံခါးကိုသော့ဖွင့်ပေးလေသည်။

"အထဲကိုလာကြပါရှင်"

သူတို့ဧည့်ခန်းသို့ရောက်သောအခါ အမျိုးသမီးကြီးကအိမ်



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ထပ်သို့တက်သွားသဖြင့် သုံးယောက်သားထိုင်ခုံများတွင် ဝင်ထိုင်လိုက်ကြသည်။ ဧည့်ခန်းနံရံမှာတော့ လူကြီးတစ်ဦး၊ မိန်းမကြီးတစ်ဦးနှင့် မိန်း မပျိုတစ်ဦးတို့၏ ဓာတ်ပုံများကို ချိတ်ဆွဲထားလေသည်။

အမျိုးသားကြီးဓာတ်ပုံကတော့ ဦးကျော်ဖံဆိုသူ၏ ဓာတ်ပုံဖြစ်ဟန်ရှိပြီး အမျိုးသမီးကြီးကတော့ စောစောက မိမိတို့အား တံခါးလာဖွင့်ပေးသည့် အမျိုးသမီးကြီး၏ပုံပင်ဖြစ်၏။

မိန်းကလေးကတော့ လှပချောမောသူတစ်ယောက် ဖြစ်ကြောင်း ဓာတ်ပုံကသက်သေခံနေလေသည်။ ၎င်းတို့မိသားစုမှာ တရုတ်သွေးပါသူ များဖြစ်ကြောင်းအခန်းထဲ၌ အသုံးပြုသော ပစ္စည်းများကြည့်ရုံနှင့် သိသာနိုင်ပေသည်။

ခဏကြာတော့ အပေါ်ထပ်မှ ပြန်ဆင်းလာသောခြေသံများကြားသဖြင့် လှမ်းကြည့်လိုက်သောအခါ စောစောအမျိုးသမီးကြီးနှင့်အတူ မိန်းမပျိုတစ်ဦးပါ ပါလာသည်ကို လှမ်းမြင်ရသည်။

အမျိုးသမီးမှာ ဓာတ်ပုံထဲမှာတွေ့ရသော အမျိုးသမီးပင်ဖြစ်ပြီး အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိလေသည်။ မိန်းကလေးက ကျွန်ုပ်တို့ကို တစ်ချက်အကဲခတ်လိုက်ပြီးနောက် အမျိုးသမီးကြီးနှင့်အတူ ရှေ့တွင် ဝင်ထိုင်လေသည်။

"အစ်ကိုတို့က ပုလိပ်ဘက်ကလူတွေလား"





ဟု မရဲတရဲမေးသည်။

"မဟုတ်ပါဘူး ကျွန်တော်တို့က ခရီးထွက်ပြီး သုတေသနပြုနေကြ တဲ့သူတွေပါ"

ဒေါက်တာမင်းထင်ကျော်က ပြန်ပြောလိုက်သည်။

"ဖေဖေနဲ့ ဘယ်မှာတွေ့ခဲ့ကြတာလဲဟင်"

ထိုစကားကြားသောအခါ ကျွန်ုပ်တို့သုံးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။နောက်မှ ဒေါက်တာမင်းထင်ကျော်က...

"ကျွန်တော်တို့နဲ့ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းပေါ်မှာတွေ့ခဲ့ကြတာပါ"

ဟုပြောလိုက်ရာ ထိုစကားကြားသောအခါ မိန်းကလေး၏ မျက်နှာပေါ်မှာ မျှော်လင့်ချက်အရိပ်အယောင်များ ယှက်သမ်းလာလေသည်။

"ဒါ ဒါဖြင့် ဖေဖေမသေသေးဘူးပေါ့နော်"

"ဟုတ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က အမှန်ကိုမပြောရက်သဖြင့် ထိုမျှသာပင် ပြောလိုက်သည်။

"ဒီလိုဆိုရင် တော်သေးတာပေါ့ရှင် ဖေဖေထွက်သွားတာ အတော်ကလေးကြာပြီ သတင်းလည်းမကြား လူလည်းပြန်



www.burmeseclassic.com

www.burmeseclassic.com



မရောက်လာလို့ တစ်ခုခုဖြစ်နေပြီထင်လို့ ကျွန်မတို့သားအမိ ဘုရားရှေ့မှာ ဆုတောင်း မှုတွေ ပြုလုပ်နေကြတာပါ”

သားအမိနှစ်ယောက်စလုံး အဝတ်နက်များဝတ်ဆင်ထား သောကြောင့် သေသူအတွက်ရည်စူး၍ ဆုတောင်းနေကြသည်ဟု တော့ ခန့်မှန်းနိုင်သည်။

“အစ်ကိုတို့က ဒီကိုဘာကိစ္စနဲ့ လာကြတာလဲဟင်”

“တခြားတော့မဟုတ်ပါဘူး ကျွန်တော်တို့က မကြာခင်မှာ သူရှိတဲ့ ကျွန်းဘက်ကိုတစ်ခေါက်ပြန်သွားကြဦးမှာဆိုတော့”

“ဟင် ဖေဖေဆီကို တစ်ခေါက်ပြန်သွားကြမှာဟုတ်လား”

“ဟုတ်ပါတယ် အမှန်ပြောရရင် ကျွန်တော်တို့က သူတို့ကို အကူအညီပေးဖို့ ပြန်သွားကြမှာပါ။ ဒါပေမဲ့ ခက်တာက သူရှိတဲ့ကျွန်းကို ပြန်သွားဖို့ မမှတ်မိတော့ဘူး ဖြစ်နေတယ်”

“ဟင် ဒါဖြင့် ဘယ်လိုလုပ်မလဲဟင်”

“ကျွန်တော်တို့အခုဒီကိုလာခဲ့တာ ဒီကိစ္စပါပဲ ဦးကျော်ခံနဲ့တွေ တုန်းက သူတို့ခရီးစဉ်နဲ့ပတ်သက်တဲ့ မှတ်တမ်းတွေ ဒီအိမ်မှာ ရှိတယ်ဆိုလို့ ကြည့်ချင်လို့ လာခဲ့ကြတာပါ”

ထိုစကားကြားသောအခါ မိန်းကလေးရော အမျိုးသမီးကြီး ကပါ ဇဝေဇဝါဖြစ်သွားကြလေသည်။

“ခက်တာပဲ ဖေဖေက သူ့အလုပ်တွေနဲ့ ပတ်သက်လို့ ကျွန်မ





တို့ သားအမိကိုဘာမှအသိမပေးတော့ သူနဲ့ပတ်သက်တဲ့ မှတ်တမ်းတွေ ဘယ်နေရာမှာရှိတယ်ဆိုတာ မသိပါဘူးရှင်”

“အဲဒီမှတ်တမ်းတွေ မရှိရင် ကျွန်တော်တို့ဦးရှိတဲ့နေရာကို ဘယ်လိုမှ ပြန်သွားနိုင်ကြမယ်မထင်ဘူး”

“ဒါဖြင့်ဘယ်လိုလုပ်ကြမလဲဟင်”

“ခွင့်ပြုမယ်ဆိုရင်တော့ သူမှာလိုက်တဲ့အတိုင်း ဘုရားစင်တ ဝိုက်မှာ ရှာကြည့်ချင်ပါတယ်”

ထိုစကားကြားသောအခါ သားအမိနှစ်ယောက် တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ခဏကြာ တော့ မိန်းကလေးက .....

“တကယ်လို့ ဖေဖေထားခဲ့တဲ့ မှတ်တမ်းတွေကိုတွေ့ရင် အစ်ကိုတို့က ဖေဖေရှိတဲ့နေရာကို တကယ်ပြန်သွားကြမှာလား ဟင်”

ဟုမေးသည်။

“တကယ်သွားမှာပါ”

“ဒီလိုဆိုရင် တစ်ခုလောက်တော့ တောင်းဆိုပါရစေရှင်”

“ပြောပါ”

“တခြားတော့မဟုတ်ပါဘူး အစ်ကိုတို့ ခရီးထွက်ရင် ကျွန်မ တို့လည်း လိုက်ခဲ့ပါရစေ ဖေဖေနဲ့ တွေ့ချင်လို့ပါရှင်”



www.burmeseclassic.com

www.burmeseclassic.com



ဟု သနားစဖွယ် ပြောလေရာ ဒေါက်တာမင်းထင်ကျော်မှာ အခက်တွေ့သွားဟန်ရှိလေသည်။

တကယ်တော့ ဦးဘထော်နှင့် ပတ်သက်ပြီး ထိုကိစ္စထဲတွင် ပါဝင်လာကြရတာဖြစ်ပြီး သူတို့အနေနှင့် ဦးကျော်ခံနှင့် ပတ်သက်၍ ဘာတစ်ခုမှ ဂဃနဏ သိကြရတာမဟုတ်သေးပေ။ အကယ်၍ ခေါ်သွားပြီး ဟိုရောက် ကာမှ အခြေအနေမှာ မျှော်လင့်သလိုဖြစ် မလာခဲ့လျှင် အခက်ပဲဟုတွေး မိလေသည်။ ထိုအခါ ဦးဗန် ကောင်းက...

"မိန်းကလေး အနေသွားမှယ့်ခရီးက ပင်လယ်ခရီးဆိုတော့ အန္တရာယ်များလှတယ် လိုက်လို့ဖြစ်ပါ့မလား"

ဟု ဝင်ပြောလိုက်သည်။

"ဒီအတွက် ဘာမှစိတ်မပူပါနဲ့ရှင် အရင်က ဖေဖေစက်လှေနဲ့ ပင်လယ်ခရီးတွေကို မကြာခဏလိုက်ဖူးပါတယ် ကျွန်မတို့ လှိုင်း မကြောက်တတ်ပါဘူး လိုက်ခဲ့ပါရစေ"

ဟု ထပ်မံခွင့်တောင်းပြန်လေသည်။

"ဒါထက် လိုက်မယ်ဆိုရင် ဘယ်နှစ်ယောက်လိုက်ကြမှာလဲ"

"ကျွန်မတို့သားအမိရယ် ကျွန်မဦးလေးတစ်ယောက်ရယ် သုံး ယောက်လောက်ပါပဲ"

ဟုပြောလေရာ နောက်ဆုံးလိုက်လိုက လိုက်ကြရန် ခွင့်ပေး





လိုက်ရသည်။

ထို့နောက် မိန်းကလေးက အပေါ်ထပ်သို့ ခေါ်သွားသဖြင့် သုံးယောက်သား လိုက်သွားကြသည်။

၎င်းတို့ဘုရားခန်းမှာ အပေါ်ထပ်ခေါင်းရင်းဘက်ခန်းတွင် ဖြစ်သည်။ ဘုရားခန်းတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိပြီး ရှေ့ ဘက်မှာတော့ တရုတ်ရိုးရာ ပူဇော်မှုပစ္စည်းများ ရုပ်ပုံများရှိ လေသည်။ အမွေးတိုင်ခွက်ကြီးထဲတွင် အမွေးတိုင်များစိုက်ထူ ထားကာ မီးစွဲလျက်ပင် ရှိနေသေးသည်။

စောစောက အိမ်ရှင်သားအမိမှာ တရုတ်ရိုးရာပူဇော်ဆု တောင်းမှုများ ပြုလုပ်နေကြဟန်ရှိသည်။ ဦးဗန်ကောင်းနှင့် ဒေါက် တာမင်းထင်ကျော်တို့ကတော့ နောင်မဲသွေ့ စိန္တေရှေ့မှာ ဟူသော စာပိုဒ်အရ ဘုရားခန်းသို့ ရောက်သောအခါ ဗုဒ္ဓရုပ်ပွားတော်ရှေ့ ဘုရားစင်တဝိုက်ကို ဂရုစိုက်ကာ ရှာဖွေကြလေသည်။ အတန် ကြာသောအခါ ပန်းအိုးများထားသော စင်အောက်ဘက်၌ အံဆွဲ တစ်ခုကိုရှာတွေ့ကြပြီး ၎င်းအံဆွဲထဲ၌ အိတ်တစ်လုံးဖြင့် ပတ် သိမ်းထားသော စာအုပ်တစ်အုပ်ကို ရှာတွေ့ ကြလေသည်။

ထိုစာအုပ်ကို ရှာတွေ့သောအခါ အိမ်ရှင်သားအမိမှာ ပါးစပ်အဟောင်းသားနှင့် အံ့သြနေကြလေသည်။

ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့မှာလည်း ဦးဗန်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



၏ တွေးတောကြံဆမှုကောင်းပုံကို မချီးကျူးပဲ မနေနိုင်အောင် ဖြစ်မိကြလေသည်။

ထိုနောက်စာအုပ်ကို ညှိခန်းသို့ယူလာပြီးကြည့်သောအခါ ဦးကျော်ဖုံဆိုသူ၏ လျှို့ဝှက်မှတ်တမ်းဖြစ်ပြီး ၎င်းရေးမှတ်ထားသော စိတ်ဝင်စားဖွယ်ကောင်းသော အချက်များကို တွေ့ရလေသည်။

ဦးကျော်ဖုံ၏ မှတ်တမ်းများမှာ..

ဦးကျော်ဖုံဆိုသူမှာ တရုတ်ကပြားတစ်ယောက်ဖြစ်သလို စီးပွားရေးသမားတစ်ယောက်လည်းဖြစ်သည်။ သူ့တွင် ကုန်တင်စက်လှေတစ်စင်းရှိပြီး ကော့သောင်၊ ရနောင်းထိအောင်သွားပြီး မှောင်ခိုပစ္စည်းများကို သယ်ဆောင်လာပြီး ရန်ကုန်၌ရောင်းချခြင်းဖြင့် အတန်အသင့်စီးပွားရေး ချောင်လည်လာသည်။

ဦးကျော်ဖုံ၌ ညီတစ်ယောက်ရှိပြီး ၎င်းမှာစီးပွားခွဲဖြစ်သည်။ ဦးကျော်ဖုံ၏ဇနီးမှာ ဒေါ်ခင်မွှုံဖြစ်ပြီး သမီးမှာ ခင်မေကျော်ဖြစ်သည်။ ဇနီးနှင့် သမီးကတော့ ဦးကျော်ဖုံမှောင်ခိုလုပ်ငန်းများ လုပ်ကိုင်နေသည်ကို မသိကြပေ။

ဦးကျော်ဖုံမှာ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်ဖြစ်ချင်သော်လည်း ၎င်း၏ မှောင်ခိုလုပ်ငန်းမှာ လွတ်လွတ်လပ်လပ် မလုပ်ရသောကြောင့် ထင်သလောက်မဖြစ်ခဲ့ပေ။ တစ်နေ့တွင်





၎င်းတို့နှင့် လုပ်ဖော်ကိုင်ဖက် တစ်ဦးဖြစ်သူ ဦးကျင်စွမ်ဆိုသူ ရောက်လာသည်။

ဦးကျင်စွမ်မှာ တရုတ်လူမျိုးဖြစ်ပြီး စက်လှေတစ်စင်းနှင့် မှောင်ခိုကုန်ပစ္စည်း ရောင်းဝယ်နေသူတစ်ဦးဖြစ်သည်။

"ဘယ်လိုလဲကိုကျင်စွမ် ပျောက်ချက်သားကောင်းလှချည်လားဗျာ"

"ပျောက်ဆို တလောက ရနောင်ဘက်ကအပြန်မှာ ကမ်းခြေစောင့်တပ်တွေနဲ့ ပက်ပင်းတိုးလို့ ပြေးလိုက်ရတာဗျာ"

"ဖမ်းမိသွားသေးလား"

"မိတော့ မမိဘူး ဘယ်မိမှာလည်း ကျုပ်က သင်္ဘောကို စက်ကုန်ဖွင့်ပြီး ပင်လယ်ထဲမောင်းပြေးတာကိုး၊ အဲသည်လို မောင်းပြေးရင်းနဲ့ မမျှော်လင့်ပဲ ကျွန်းတစ်ကျွန်းကို ရောက်သွားခဲ့တယ်။ အဲဒီကျွန်းပေါ်မှာ လူတွေနဲ့ အဆက်အသွယ်ပြတ်ပြီး ရှေးခေတ်တောရိုင်းလူတွေလိုနေတဲ့ လူတွေကို တွေ့ခဲ့ရတယ်"

ထိုစကားရောက်သည်အထိ ဦးကျော်ဖုံမှာ စိတ်လှုပ်ရှားမှုမရှိသေးပေ။

"နောက်ပြီး အဲဒီကျွန်းပေါ်မှာ ကျောက်ရုပ်တွေလည်း အများကြီးတွေ့ခဲ့ရတယ်။ နောက်ပိုင်း ကျွန်းသားတွေဆီက သိရတာက အဲဒီကျွန်းပေါ်မှာအရင်က ပင်လယ်ဓားပြတွေ လာ



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်ထားတဲ့ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားတွေ အများကြီး ရှိသတဲ့"

"ဟင်"

ဦးကျင်စွမ်ပြောနေသော စကားများထဲမှာ နောက်ဆုံးကြားလိုက်ရသော စကားမှာ စိတ်ဝင်စားဖို့အကောင်းဆုံးဖြစ်နေလေတော့သည်။

"အဲဒီရတနာတွေက ဘယ်နေရာမှာတဲ့လဲ အဲဒီကျွန်းက ဘယ်မှာလဲ"

"ကျွန်းရဲ့အမည်က ရတနာဒီပကျွန်းတဲ့ ကျုပ်အဲဒီနေရာကို သေသေချာချာမှတ်ထားပြီး ရေကြောင်းပြမြေပုံဆွဲလာခဲ့တယ်"

ဟုပြောကာ ၎င်းဆွဲလာသောမြေပုံကို ထုတ်ပြသည်။

"နောက်ပြီး အဲဒီကျွန်းမှာရှိတဲ့ လူရိုင်းအကြီးအကဲဆီက ကြေးပြားတစ်ချပ်လည်းရလာခဲ့တယ် ကြေးပြားပေါ်မှာ ဘာစာတွေရေးထားမှန်း မသိဘူး ကျုပ်လည်း မဖတ်တတ်ဘူး"

"အခု ကျုပ်ဆီလာတာ ဘယ်လိုကိစ္စလဲ"

"ခင်ဗျားနဲ့တိုင်ပင်ရအောင်လာခဲ့တာ ကျုပ်တို့မှောင်ခိုအလုပ်လုပ်နေရတာ တယ်ဟန်မကျလှပါဘူး။ ဒီတော့ ခင်ဗျားနဲ့ ကျုပ်နဲ့ပေါင်းပြီး အဲဒီရတနာဒီပကျွန်းကို တစ်ခေါက်ပြန်သွားပြီး ရတနာတွေသွားရှာရင် မကောင်းဘူးလား တကယ်လို့ ရှာတွေ့





ခဲ့ရင် ကျုပ်တို့နှစ်ယောက်စလုံး ချမ်းသာမှာဗျ"

ဟု ပြောသဖြင့် ဦးကျော်ဖကလည်း သဘောကျသဖြင့် ခရီးထွက်ရန် အစီအစဉ်များပြုလုပ်ကာ စက်လှေတစ်စင်းဖြင့် ခရီးထွက်သွားကြလေသည်။

မှတ်တမ်းမှာ ထိုနေရာတွင် ဆုံးသွားပြီး ၎င်းတို့ခရီးထွက်သွားသော နောက်ဆုံးရက်ကို ရေမှတ်ထားသည်။

၎င်းတို့ခရီးထွက်သွားသောရက်မှာ ၁၃၂၂ (၁၉၆၀) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃) ရက်၊ နိုဝင်ဘာ (၂၃) ရက်နေ့ဖြစ်သောကြောင့် ယခုဆိုလျှင် ၃ လကျော် ၄ လနီးပါးကြာမြင့်ခဲ့လေပြီ။

မှတ်တမ်းနောက်၌ ရတနာဒီပကျွန်းကိုရောက်အောင်သွားနိုင်မည့် ရေကြောင်းပြမြေပုံတစ်ခုကို အကြမ်းသဘောမျိုး ရေးဆွဲထားသည်။

ယခုတော့ ကြားထဲ၌ ပြတ်နေသော ကွင်းဆက်တစ်ခုမှာ ချိတ်ဆက် မိသွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

### *အီစတာကျွန်းမှ ကျောက်ရုပ်ကြီးများ*

ဆရာကြီးသူရဇ္ဇနေထိုင်သောနေရာမှာ ရွှေတောင်ကုန်းအဘွင်း ပိုင်းရှိ ခြံကျယ်ကြီးတစ်ခြံအတွင်း၌ဖြစ်သည်။ ၎င်း၏ခြံကျယ်ကြီးမှာ တစ်ဧကခန့်ကျယ်ဝန်း၍ သီးပင် စားပင်ပန်းပင်များဖြင့် အေးချမ်းတိတ်ဆိတ်မှု ရှိလေသည်။

အများအားဖြင့်တော့ အရိပ်ကျ၍ လှပသော ကံ့ကော်ပင်၊ ခရေပင်တို့များစွာရှိကာ နေပျောက်မထိုးအောင် အရိပ်အာဝါသ ကောင်းလှပေသည်။

ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့် ကျွန်ုပ်တို့သုံးယောက်ကားဖြင့် ရောက်သွားသောအချိန်များမှာ ဆရာကြီးသူရဇ္ဇဘုရားခန်းမှ ဆင်းလာကာစအချိန်ဖြစ်သဖြင့် အခန့်သင့်ပင် တွေ့





ရလေသည်။

"မိတ်ဆွေတွေနဲ့ မတွေ့ရ မဆုံရတာတောင် အတော်ကြာပါပကောလား ကိုင်း ဧည့်ခန်းကို လာကြ လာကြ"

ဟုပြောဆို နှုတ်ဆက်ကာ အိမ်ကြီးအတွင်းဘက်ရှိ ဧည့်ခန်းသို့ ခေါ်သွားလေသည်။

ဧည့်ခန်းဟုသာဆိုရသော်လည်း စာကြည့်ခန်း သို့မဟုတ် သုတေသနပြုသောအခန်းဟုခေါ်က ပို၍သင့်လျော်ပေသည်။ အခန်းထဲတွင် ကုလားထိုင်နှင့် စားပွဲသာရှိပြီး တစ်ခန်းလုံး စာအုပ်စာတမ်းများ၊ ကျောက်ချပ်များ၊ ပေပုရပိုဒ်များ ရှေးဟောင်းပစ္စည်းများဖြင့် ပြည့်နေလေသည်။ တကယ်တော့ ဆရာကြီးသူရဇ္ဇ၏ အခန်းမှာ သုတေသနပြုရာတိုက်ကြီးတစ်ခုနှင့်ပင် တူလေတော့သည်။

ဧည့်ခန်းသို့ရောက်ပြီး မကြာခင်မှာပင် အိမ်စေများက ကော်ဖီနှင့် ကွမ်းဆေး လက်ဖက်ပွဲများကို လိုလေသေးမရှိအောင် လာရောက်ချပေးကြသည်။

"သုံးယောက်အတူတကွ ရောက်လာပုံထောက်တော့ ခရီးထွက်ကြ ဖို့အကြောင်းကိစ္စပေါ် လာကြပြီထင်ပါ့"

"မှန်ပါတယ်ဆရာကြီး ခရီးဝေးထွက်ကြဖို့ ပြင်ဆင်နေကြတာပါပဲ သိချင်တာတွေရှိလို့ ဆရာကြီးဆီကို လာခဲ့ကြတာပါ"

"မေးပါလေ"

www.burmeseclassic.com



ဆရာကြီး သူရဇ္ဇက ဆေးတံအိုးထဲသို့ ဆေးတစ်အိုးဖြည့်၍ မီးညှိ ဖွာလိုက်ပြီး အေးအေးဆေးဆေးပြောလိုက်သည်။ ဒေါက်တာမင်းထင်ကျော်က အသင့်ယူလာသောကြေးပြားချပ်ကလေးကို ဆရာကြီးသူရဇ္ဇ ကို ပေးလိုက်သည်။ ဆရာကြီးက ဖတ်ကြည့်ပြီး ကလောင်တံနှင့် စာရွက်ကို ယူလာစေပြီးနောက် စာရွက်ပေါ်မှာ အောက်ပါစာပိုဒ်များ ကို ရေးချလိုက်လေသည်။

ဆရာကြီးရေးချလိုက်သည့် စာပိုဒ်များမှာ...

တစ်ရာမှာတစ်ယောက်ပေမို့

ဘယ်ခြောက်ကာညာချို

မြောက်သို့ဦးတည်

မှန်းမတည့်မီ

ရောင်ခြည်ကဖြာလျှမ်း

ဆံမြိတ်ဦးကိုလ

မောင်တူးကာယူကြပေတော့

အလယ်လူ ဘယ်သူဖြစ်မယ်

ချင့်တွက်ကာမှန်း

ဟူသောစာပိုဒ်များဖြစ်ပေသည်။

"ဒီစာပိုဒ်တွေကို အခုလိုရေးချလိုက်တော့ ကဗျာလိုလို ဘာလိုလိုနဲ့ပေါ့ ဒါပေမဲ့ ကြည့်ရတာကတော့ လျှို့ဝှက်စာတစ်ခု





ဖြစ်မယ်ထင်ပါတယ်"

ဟုပြောကာ ကြေးပြားနှင့်စာရွက်ကိုစားပွဲပေါ်ပြန်ချပေးလိုက်ရာ အားလုံးက ယူကြည့်ကြလေသည်။

"ကိုင်း ပိုပြီးပြည့်ပြည့်စုံစုံသိရအောင် ဒီကြေးပြားနဲ့ ပတ်သက်တဲ့ ဆက်စပ်မှုအကြောင်းလေးတွေကိုလည်း ပြောပြပါဦး"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က အကြောင်းစုံပြောပြလိုက်လေသည်။ ထိုစကားများကိုကြားသောအခါ ဆရာကြီးက အတန်ကြာအောင် စဉ်းစားနေပြီးမှ

"မောင်ထင်ကျော်ပြောပြတဲ့အထဲမှာပါတဲ့ ရတနာဒီပကျွန်းဆိုတာ ကျုပ်မှတ်တမ်းတစ်ခုမှာတွေ့ထားတဲ့ ပျောက်ဆုံးနေတဲ့ ကျွန်းများ ဖြစ်နေရော့သလား"

ဟုပြောသည်။

"ဆရာကြီးမှတ်တမ်းမှာတွေ့ထားတဲ့ ကျွန်းကဘယ်လိုမျိုးလဲ"

"ကျုပ်တွေ့ထားတဲ့ကျွန်းက ရတနာဒီပကျွန်းတော့မဟုတ်ဘူး ကျောက်ဘီလူးကျွန်းလို့ခေါ်တယ်"

"ဟင်"

"အဲဒီကျွန်းက လူသူအရောက်အပေါက်မရှိဘူး လိုက်ရှာရင်လည်း တွေ့ချင်မှတွေ့ရတယ် တစ်ခါတလေလည်း ပင်လယ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းမိပြီး မျောပါသွားတဲ့ စက်လှေတွေ မော်တော်တွေဟာ အမှတ်မထင် ရောက်သွားချင် ရောက်သွားတတ်တယ်"

ဦးဘထော်ရောက်သွားသောကျွန်းမှာ ဆရာကြီးယခုပြောသည့် ပုံစံမျိုးဖြင့် ရောက်သွားခြင်းမျိုးဖြစ်၏။

"အဲဒီကျွန်းက ဘယ်နေရာဘယ်လောက်မှာရှိသလဲ ဆရာကြီး"

"သင်္ဘောကပ္ပတိန်တစ်ယောက်ရေးထားတဲ့မှတ်တမ်းအရဆိုရင် အက်ဒမန်ပင်လယ်ထဲမှာရှိတဲ့ အက်ဒမန်ကျွန်းတွေရဲ့ တောင်ဘက်စူးစူး လောက်မှာရှိတယ်လို့ သိရတယ်"

"ကျောက်ဘီလူးကျွန်းပေါ်မှာ ဘယ်လိုအရုပ်မျိုးတွေရှိနေတာလဲ ဆရာကြီး"

"ကျောက်ဘီလူးကျွန်းပေါ်မှာ ကျောက်သားတွေ ကျောက်တုံးကြီးတွေကိုထုထားတဲ့ ကျောက်ရုပ်ကြီးတွေ တစ်ရာကျော်နှစ်ရာလောက် ရှိတယ်လို့သိရတယ်၊ ကျောက်ရုပ်ကြီးတွေဟာ အရွယ်အစားအမျိုးမျိုးရှိပြီး အချို့ကျောက်ရုပ်ကြီးတွေဆိုရင် ပေနှစ်ဆယ်ကျော် သုံးဆယ်လောက်မြင့်သတဲ့"

"မနည်းပါလား"

"ကျောက်ရုပ်ကြီးတွေရဲ့ မျက်နှာပုံပန်းသဏ္ဌာန်တွေဟာ ဘီလူး မျက်နှာတွေလို ကြောက်မက်ဖွယ်ကောင်းအောင် ထုဆစ်





ထားကြတယ် ဒါကြောင့် ကျောက်ဘီလူးကျွန်းလို့ အမည်ပေါ်လာတာလည်း ဖြစ်နိုင်တာပေါ့"

"အဲဒီ ကျောက်ရုပ်ကြီးတွေကို ဘယ်သူတွေက ထုလုပ်ခဲ့တာလဲ ဆရာကြီး"

"အဲဒါတော့ မှတ်တမ်းမှာ မတွေ့ရတော့ဘူး၊ သင်္ဘောကပ္ပတိန်ရဲ့ မှတ်တမ်းအရဆိုရင် အဲဒီကျွန်းပေါ်မှာ လူနေတဲ့ သက်ရှိအမျိုးတော့ မတွေ့ခဲ့ရဘူးတဲ့၊ ဒါပေမဲ့ အန္တရာယ်ရှိတဲ့ သတ္တဝါမျိုးတွေတော့ တွေ့ခဲ့ရတယ်။ သူနဲ့အတူပါလာတဲ့ သင်္ဘောသားအချို့ဟာ ကျွန်းပေါ်တက်ကြရင်းနဲ့ အသက်ဆုံးရှုံးခဲ့ရတယ်၊ သတ်တဲ့တရားခံတွေကိုတော့ ရှာမတွေ့ခဲ့ရဘူးလို့ သူ့ရဲ့ မှတ်တမ်းမှာ ရေးထားခဲ့တယ်"

"ဆရာကြီးပြောတဲ့ ကျောက်ဘီလူးကျွန်းဆိုတာ ကျွန်တော်တို့ သွားကြမယ့် ရတနာဒီပကျွန်းဆိုတာနဲ့ အတူတူများဖြစ်နေမလားသလား ဒါမျိုးတွေက တကယ်ရော ရှိသလား ဆရာကြီး"

ထိုစကားကြားသောအခါ ဆရာကြီးက ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာရင်း တစ်ချက်ပြုံးလိုက်လေသည်။

"ရှိတာပေါ့ကွယ် ဂမ္ဘီရဆန်တဲ့ လျှို့ဝှက်ဆန်းကြယ်လှတဲ့နေရာတွေဟာ နေရာအနှံ့မှာရှိနေတာပေါ့ မြန်မာပြည်မှာတင်မကဘူး ကမ္ဘာပေါ်မှာလည်း ဒီလိုအဖြစ်အပျက်မျိုးတွေက ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ”

ဟုပြောကာ စာအုပ်စင်ရှိရာသို့ ထသွားပြီး စာအုပ်စင်မှ အညို ရောင် သားရေဖုံးဖြင့် စာအုပ်တစ်အုပ်ကိုယူလာပြီး ဒေါက်တာမင်းထင် ကျော်လက်သို့ ကမ်းပေးလေသည်။

“အဲဒီစာအုပ်ထဲမှာ ကျောက်ဘီလူးကျွန်းနဲ့တူတဲ့ အီစတာကျွန်း အကြောင်းပါတယ် ဖတ်ကြည့်ပေတော့”

စာအုပ်မှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပြီး စာအုပ်၏ အမည်မှာ ပျောက်ဆုံးနေသော ဂမ္ဘီရနယ်မြေများဟူသော အမည်ဖြစ်သည်။

စာအုပ်၏ အဖွင့်ပိုင်းမှာပင် ဂမ္ဘီရဟူသော ဝေါဟာရနှင့် ပတ်သက်၍ အဓိပ္ပာယ်ရှင်းလင်းချက်တစ်ပိုဒ်ပါလေရာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

“ဂမ္ဘီရ”ဟူသော စကားလုံး၏မူရင်းအဓိပ္ပာယ်မှာ လေးနက်ခြင်းဟု ဆိုသည်။

လန်ဒန်မြို့ ပါဠိအသင်းတော်ကြီး (**Palitext Society**) မှ ထုတ်ဝေသော ပါဠိအဘိဓာန်ကြီးတွင် ဂမ္ဘီရ၏ အဓိပ္ပာယ်ကို (**Deep Profound unfathomable**) ဟု အနက်အဓိပ္ပာယ်ဖွင့်ပြထားလေသည်။

ချိုင်း(လ်)ဒါး (**Chikder**) ၏ ပါဠိအဘိဓာန်ကြီးတွင်





လည်း ဂမ္ဘီရ ဟူသော စကားလုံးကို (**Deep unfathomable**) ဟု အနက်အဓိပ္ပာယ် ဖွင့်ပြထားရာ ဂမ္ဘီရဟူသော အဓိပ္ပာယ်မှာ လေးနက်ခြင်းကို ဆိုလိုဟန်ရှိသည်။

လျှို့ဝှက်နက်နဲခြင်းနှင့် ဆန်းကြယ်ခြင်းတို့ကိုလည်း ရည်ညွှန်းချင်ဟန်ရှိပါသည်။ အီစတာကျွန်းမှာ လူသိနည်းသောကျွန်းတစ်ကျွန်းဖြစ်သည်။ ချီလီနိုင်ငံ၏ ပိုင်ဆိုင်မှုနယ်နိမိတ်အတွင်း၌ ပါဝင်သော်လည်း ချီလီနိုင်ငံနှင့် မိုင်ပေါင်း (၂၄၀၀)ကျော် ကွာဝေးလေသည်။ ၁၇၂၂ ခုနှစ် တွင် ဒတ်(ချ်)အမျိုးသား ရေကြောင်း စွန့်စားသွားလာသူ ဂျာကောဗရော ဂီဗင်သည် ထိုကျွန်းကလေးကို အီစတာအခါတော် ဂုဏ်ထူးရက်မြတ်၌ စတင်တွေ့ရှိရာမှ အီစတာကျွန်းဟု အမည်ပေးခေါ်ဝေါ်ခဲ့သည်။

ထိုကျွန်းကလေးသည် ကမ္ဘာမြေပုံပေါ်၌ အစက်ကလေးဖြစ်သာ ဖော်ပြခဲ့သော်လည်း ယနေ့အထိ လျှို့ဝှက်နက်နဲဆန်းကြယ်သည့် နယ်မြေအဖြစ်မနုဿဗေဒပညာရှင်များ၊ သမိုင်းသုတေသီများက အငြင်းပွားနေရသည့်ကျွန်းကလေးဖြစ်၏။

ထိုကျွန်းကလေးပေါ်၌ ရုပ်တုကြီးပေါင်း (၆၀၀)ကျော်ရှိကြောင်းကို စွယ်စုံကျမ်းများ၊ သမိုင်းစာအုပ်များတွင် အောက်ခြေအမှတ်အသား (**Foot Note**) အဖြစ် ဖော်ပြခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီး နောက်ပိုင်းတွင် လူသိများလာရုံမက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားမှုလည်း ရှိလာကြလေသည်။

၁၉၉၂ ခုနှစ်ကမူ ကမ္ဘာကျော် စာရေးဆရာနှ[...] သုတေသနပညာရှင်ပေါ(လ်)ဒီဗာရက်(စ်)ပြုစုသည့် ရှေးဟော[...] လျှို့ဝှက်နက်နဲသည့် ဂမ္ဘီရ နယ်မြေများ **(Ancient an[...] Sacred Places)** အမည်ရှိ စွယ်စုံကျမ်း ထုတ်ဝေလိုက်သော[...] အခါတွင် ပိုမို၍ လူသိများစိတ်ဝင်စားလာမှုရှိလာကြသည်။

အီစတာကျွန်းကလေးမှာ ချီလီနိုင်ငံ၏ အစောင့်အရှောက်[...] ကျွန်း ကလေးတစ်ကျွန်းဖြစ်ပြီး စတုရန်းမိုင် (၄၅) မိုင် ပတ်[...] အကျယ်အဝန်းရှိပေသည်။

ထိုကျွန်းကလေးပေါ်၌ ရုပ်တုကြီးပေါင်း ၆၀၀ ကျော်ရှိလေ သည်။ ထိုရုပ်တုကြီးများမှာ (၃) ပေအရှယ်ခန့်မှ ပေပေါင်း (၇၀) ကျော်ခန့်အထိရှိသော ရုပ်တုကြီးများရှိကြလေသည်။

ထိုရုပ်တုကြီးများအနက် ထက်ဝက်ခန့်မှာ မီးတောင်ဆင်ခြေ လျှောကမ်းပါးများ၌ မတ်တက်ရပ်တည်နေကြသည်။ ထိုရုပ်တု ကြီးများ အားလုံးလိုလို ထက်ကောင်းကင်သို့လည်းကောင်း ပ[...] လယ်ကမ်းခြေဘက်သို့သော်လည်းကောင်း စူးစိုက်ကြည့်နေကြ သည့် သဏ္ဍာန်ရှိသည်။

ထိုကျောက်ရုပ်ကြီးများ အောက်ခံမှာကျောက်သားကို ထ[...] ထားသော ကျောက်သားစစ်စစ်ဖြစ်၍ ထုကြည့်လျှင် သံမထိ[...]





ထုရသကဲ့သို့ မာသည်ဟု ဆိုကြသည်။

ကျောက်ရုပ်ကြီးများမှာ ပုံသဏ္ဍာန်မှာ အကြီးအသေးကွာခြား သော်လည်း ပုံပန်းသဏ္ဍာန်မှာ တစ်ရုပ်နှင့်တစ်ရုပ် များစွာတူညီ လှသည်။

ကျောက်ရုပ်ကြီးများ၏ ဦးခေါင်းထက်တွင် အနီရောင် ကျောက်သားများဖြင့် ဦးထုတ်သဏ္ဍာန်များ ထုလုပ်ထားကာ ဦး ထုတ်ကြီးများ၏ ပုံသဏ္ဍာန်မှာ ဆလင်ဒါပုံသဏ္ဍာန်မျိုး ဖြစ်လေ သည်။

အချို့ကျောက်ရုပ်ကြီးများမှာ တန်ချိန် (၅၀)ခန့် အလေးချိန်ရှိမည်ဟု ခန့်မှန်းကြသည်။ ထိုကျွန်းကလေးပေါ်တွင် မီးတောင်ဟောင်း များရှိသဖြင့် သစ်ပင်ကြီးများကို မတွေ့ရပဲ ချုံနွယ်ပိတ်ပေါင်းများသာ တွေ့ကြရသည်။

ထိုအရုပ်ကြီးများ အချို့တွင် ထွင်းထုထားသော အရုပ်စာ များရှိလေသည်။ ထိုအရုပ်စာမျိုးကို ရှေးဟောင်းအီဂျစ်နှင့် ပီရူးပြည်နယ်ရှိ ရှေးဟောင်းပိရမစ်များတွင် တွေ့ရသည်။

ဟိုက်ရိုဂလေဖစ်ခေါ် အရုပ်စာများနှင့် ဆင်သည်ဟုသာ ဆို ကြသော်လည်း ယနေ့အထိ ထိုစာများ၏အဓိပ္ပာယ်ကို တိတိကျကျ မည်သူမျှ မဖော်ထုတ်နိုင်ကြသေးပေ။ အားလုံးကတော့ ကျောက်ရုပ်ကြီးများ၏ လျှို့ဝှက်ဆန်းကြယ်မှုကို လက်ခံထားကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုကျွန်းပေါ်ရှိ ကျောက်ရုပ်ကြီးပေါင်း (၆၀၀) ကျော်အနက် ကျောက်ရုပ် (၈၀) ခန့်တို့မှာ ကျွန်းကလေး၏ မီးငြိမ်းတောင်အဝတွင် တစ်ပိုင်းတစ်စထုလုပ်ဆဲတန်းလန်းဖြင့် အပြီးမသတ်ရသေးပဲ ကျန်ရစ်နေကြသည်။

အရုပ်ကြီးများ ထုလုပ်နေကြစဉ် အတွင်းမီ တောင်ပေါက်ကွဲသဖြင့် အားလုံးသေဆုံးသွားကြသလော သို့မဟုတ် အန္တရာယ်တစ်ခုခု ကျရောက်သဖြင့် ထုလက်စအရုပ်ကြီးများကို လက်စမသတ်နိုင်ကြပဲ သေဆုံးကြသလော အမျိုးမျိုးတွေးတောကြသော်လည်း အဖြေကတော့ မရပေ၊ အဘယ်ကြောင့် ပန်းပုဆရာများသည် ၎င်းတို့ထုလက်စအရုပ်များကို အပြီးမသတ်ခဲ့ကြလေသနည်း။

ပန်းပုဆရာတို့သည် ရုပ်တုကြီးများကို မီးတောင်အဝမှ အဝါရောင် မှိုင်းမှိုင်းရှိသော ကျောက်သားများကို ဖဲ့ယူ၍ ထုလုပ်ခဲ့ကြဟန်ရှိသည်။ မီးတောင်ထိပ်ဝ၌ တွေ့ရသည့်ကျောက်သားများနှင့် ရုပ်တုကြီးများ ထုလုပ်ထားသော ကျောက်သားများမှာ တူညီနေ၏။

ကျောက်ရုပ်ကြီးများ၏ အနီးဝန်းကျင်၌ ပန်းပုဆရာတို့ အသုံးပြုခဲ့ဟန်ရှိသော ဆူး၊ ဆောက်၊ ပုဆိန်အစရှိသော ကျောက်လက်





နက်ကိရိ ယာများပြန့်ကျဲနေသည်ကိုလည်း အံ့ဩဖွယ်ရာ တွေ့ကြရသည်။

ကျောက်ဂူကြီးများ၏ မျက်လုံးများကိုမူ သန္တာကျောက်ဖြူများနှင့် မီးတောင်မှထွက်သော အနီရောင်အဆင်းရှိ ချော်ရည်ကျောက်ခဲများဖြင့် တသီးတခြားပြုလုပ်ထားကြလေသည်။

အချို့ကတော့ ထူးဆန်းသော ရုပ်တုကြီးပေါင်းများစွာရှိသည့် အီစတာကျွန်းပေါ်တွင် ရှေးနှစ်ပေါင်းများစွာက လူအချို့နေထိုင်ခဲ့ကြဟန်ရှိပြီး ၎င်းတို့ကို ငှက်လူသားများဖြစ်မည်ဟု ခန့်မှန်းယူဆသဖြင့် **(The Land of The Bird)**ဟု မရေမရာခေါ်ဆိုသမုတ်ခဲ့ကြသည်။

ကျွန်းပေါ်တွင် လူများရှိစဉ်အခါက လူများနှင့် မြေအောက်တွင်းများထဲ၌ လျှို့ဝှက်စွာပုန်းအောင်းနေထိုင်ခဲ့ကြသဖြင့် ရှာမတွေ့ခဲ့ကြခြင်း ဖြစ်မည်ဟုလည်း ခန့်မှန်းကြလေသည်။

ထိုကျွန်းကလေးပေါ်သို့ တတိယမြောက်ရောက်ရှိခဲ့သူမှာ နာမည်ကျော် ဗြိတိသျှအမျိုးသားကပ္ပတိန်ကွတ်ဖြစ်သည်။

ထူးဆန်းသောကျောက်ရုပ်ကြီးများတွင် လျှို့ဝှက်ဆန်းကြယ်သော အချက်အလက်များရှိမည်ဟု ကပ္ပတိန်ကွတ်က ကောက်ချက်ချခဲ့သည်။

အချို့နေရာများတွင် မြေကြီးအတွင်းသို့ ဆင်းသွားနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ဘွင်းကြီးများ လိုဏ်ခေါင်းကြီးများနှင့် ဆက်စပ်လျက်ရှိသော ‌ကြောင့် ထိုကဲ့သို့ မှတ်ချက်ချခဲ့သည်လည်း ဖြစ်နိုင်ပေသည်။

ဒုတိယကမ္ဘာစစ်ပြီးသည့်နောက်ပိုင်းတွင် ဘယ်(လ်)ဂျီယံနှင့် ပြင်သစ်အစိုးရတို့၏ ထောက်ပံ့ကူညီမှုဖြင့် သုတေသနပညာရှင် အချို့ ထိုကျွန်းကလေးသို့ ရောက်ရှိလာကြပြန်၏။ ၎င်းတို့သည်လည်း သစ်ပင်ကြီး ငယ်များလုံးဝမရှိသော ထိုကျွန်းကလေးပေါ်၌ မိုးသို့ထိုးတက်နေသော ကျောက်ရုပ်ကြီးပေါင်း (၆၀၀)ကျော်တို့ကို အဘယ့်ကြောင့်ထုလုပ်ထားခဲ့သနည်း။

ဘယ်သူတွေကထုလုပ်ထားခဲ့သည်ဟူသော အဖြေကိုမသိခဲ့ကြပေ။ ထို့ထက် အနီရောင်ကျောက်တုံးများကို ဦးထုပ်သဏ္ဍာန်ထုလုပ်၍ (၃၆) ပေခန့်မြင့်သော ကျောက်ရုပ်ကြီးများကို ဦးခေါင်းပေါ်သို့ ဘယ်သို့ဘယ် ပုံတင်ခဲ့ကြသည်မှာ စိတ်ဝင်စားစရာဖြစ်သလို ထိုမျှကြီးမားသော ကျောက်တုံးကြီးများကို ထိုနေရာသို့ ရောက်အောင် ဘယ်နေရာက သယ်ယူလာကြသနည်း။

ရုပ်တုကြီးများကို တစ်ပုံစံတည်းဖြစ်အောင် ဘယ်ပုံဘယ်နည်း ထုလုပ်ခဲ့ကြသလဲဟူသော အချက်များကလည်း စိတ်ဝင်စားဖွယ်ရာဖြစ် ပေသည်။

ရှေးနှစ်ပေါင်းများစွာက ပန်းပုပညာရှင်တို့သည် ယခုခေတ် အင်ဂျင်နီယာများလောက် ပြုလုပ်နိုင်စွမ်းရှိကြသည်မှာ





အဘယ်နည်း ရုပ်တုကြီးများကို မီးတောင်ထိပ်ဝ၌ အဘယ့်ကြောင့် ထုလုပ်ခဲ့ကြလေသနည်း။

မီးတောင်ထိပ်ဝ၌ရှိသော ကျောက်ရုပ်တုကြီးမှာ ပေပေါင်း (၆၆) ပေရှိ၏။ သို့သော် လက်စသပ်လုနီးပါးသာရှိသေး၏။ အကယ်၍ ထိုရုပ် တုကြီးသာ လက်စသတ်၍ပြီးစီးခဲ့ပါက ဦးခေါင်းမှာ အထပ်ပေါင်း (၈) ထပ်ရှိသော တိုက်တစ်လုံးခန့် အမြင့်ရှိပေသည်။

ပြီးစီးနေသော အရုပ်အချို့မှာ မြေပေါ်၌ ပက်လက်လန်လျက်ရှိပြီး လက်များကိုကွေးကာ ဝမ်းဗိုက်ပေါ်တင်ထားသည့်ပုံများဖြစ်သည်။

ထိုအရုပ်များ၏ အနေအထားအရ အခြားနေရာသို့ရွှေ့ပြောင်းသယ် ယူရန် အဆင်သင့်ချထားသည့်ဟန်မျိုးဖြစ်သည်။ ထိုအရုပ်ကြီးများကို တစ်နေရာမှတစ်နေရာသို့ ဘယ်သို့ဘယ်ပုံရွှေ့ပြောင်းသယ်ယူကြသည် မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်၏။ မီးတောင်ဟောင်းတွင်းဝမှ အပေါ် နံရံများသို့ ကျောက်ရုပ်များကို ဆွဲယူလျှင် လူတစ်ထောင်ခန့်ရှိမှသာ အပေါ်သို့ တင်ယူနိုင်ပြီး ကျောက်ရုပ်ကြီးများ၏ ကျောက်ရုပ်ကြီးတစ်ရုပ်ကို မိမိတို့အလိုရှိရာသို့ရောက်အောင်သယ်ယူဖို့ရန် လူငါးရာခန့်ရှိမှ ဖြစ်မည်ဟု ခန့်မှန်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ်ကြီးများဦးခေါင်းပေါ်မှ ဦးထုပ်သဖွယ်ထုလုပ်ထားသော အနီရောင်ကျောက်တုံးများရှိသောနေရာများမှာ ကျောက်ရုပ်ကြီး များရှိသည့်နေရာနှင့် လေးမိုင်ခန့်ကွာဝေးလေသည်။

ထိုရုပ်တုကြီးများကို တိုင်းရင်းသားများက သူတို့ဘာသာစကားဖြင့် မိုးအား **(Moar)** ဟု ခေါ်ကြလေသည်။ အီစတာကျွန်းပေါ်မှ စိတ်ဝင်စားဖွယ်ရာကောင်းလှသည့် ကျောက်ရုပ်ကြီးများ၏ သမိုင်းဖြစ်စဉ်နှင့် လျှို့ဝှက်ချက်များမှာ ယနေ့တိုင်အောင် သမိုင်းသုတေသီများအား စိမ်ခေါ်လျက်ပင် ရှိနေသေး၏။

ဒေါက်တာမင်းထင်ကျော်က စာအုပ်ကိုပိတ်ပြီး စားပွဲပေါ်သို့ ပြန်တင်ပေးလိုက်သည်။

"ဒီစာအုပ်ထဲမှာပါတဲ့ အီစတာကျွန်းက ကျောက်ရုပ်ကြီးတွေဟာ အတော့်ကို လျှို့ဝှက်ဆန်းကြယ်တာပဲ။ ကျွန်တော်တို့အခုသွားမယ့် ရတနာဒီပကျွန်း ဒါမှမဟုတ် ကျောက်ဘီလူးကျွန်းပေါ်မှာရှိတဲ့ ကျောက် ရုပ်ကြီးတွေကရော အဲဒီလိုမျိုးဖြစ်နေမလား"

"ဒါကတော့ လက်တွေ့ရောက်သွားမှပဲ သိကြရတော့မှာပဲ မောင်ထင်ကျော်တို့ကို တစ်ခုမှာချင်တာက အဲဒီလိုနေရာမျိုးတွေမှာ လျှို့ဝှက်တဲ့ အန္တရာယ်တွေ သိပ်များတာမို့ အစစအရာရာ သတိဝီရိယလေးတော့ထားပြီး သွားကြကွယ်"





"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီး"

ထို့နောက် ကျွန်ုပ်တို့လည်း ဆရာကြီး သူရဇ္ဈအား နှုတ်ဆက်ကာ ပြန်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

### ပဟေဠိဆန်သောပုစ္ဆာ

ယနေ့သွားမည့်ခရီးကို ဦးဆောင်စီစဉ်သူမှာ ဒေါက်တာခင်းထင်ကျော်ဖြစ်ပြီး ကျွန်ုပ်နှင့် ဦးဗန်ကောင်းတို့က နံဘေးမှ လိုအပ်သည်များကို ကူညီပေးကြရလေသည်။

ဒေါက်တာမင်းထင်ကျော်က ပင်လယ်သွားရန်အတွက် ဘစ်ခါက အက်ဒမန်ကျွန်းစုများဘက်သို့ သွားခဲ့စဉ်က ခေါ်ဆောင်သွားခဲ့သော ပင်လယ်မင်းသားစက်လှေကိုပင် ငှားရမ်းကြလေသည်။

သင်္ဘောပိုင်ရှင်နှင့် သင်္ဘောဆလင် စက်ဆရာနှင့် သင်္ဘောသားများမှာ ကျွန်ုပ်တို့အဖွဲ့အား ကောင်းစွာမှတ်မိနေကြ





သောကြောင့် သင့်တော်သော အခကြေးငွေနှင့်ပင် ပို့ပေးရန် သဘောတူကြလေသည်။

စက်လှေသင်္ဘောရပြီဆိုသောအခါ သင်္ဘောကြွနိုင်မှုပြုပြင်ရန်နှင့် စက်ဆီစသည်တို့ လုံလုံလောက်လောက်ဝယ်ယူနိုင်ရန် စရံသဘောမျိုး ငွေကြိုတင်ပေးထားခဲ့သည်။

ထို့နောက် ခရီးသွားလျှင် လိုအပ်သောရိက္ခာများ လက်နက်ပစ္စည်းများ အခြားအသုံးအဆောင်ပစ္စည်းများကို လိုလေသေးမရှိအောင် ဝယ်ယူစုဆောင်းကြရလေသည်။

ပင်လယ်ခရီးသွားမှာဆိုတော့ အရေးအကြီးဆုံး ရိက္ခာမှာ သောက်ရေပင်ဖြစ်၏။ သို့ကြောင့် စက်လှေသမားများကို သောက်ရေစည်များ လုံလုံလောက်လောက်တင်ခဲ့ရန် မှာကြားခဲ့ရသေး၏။ ပင်လယ်ပြင်ခရီးဆိုသည်မှာ တစ်ခါတစ်ရံ ကမ်းမမြင်လမ်းမမြင်နှင့် ရက်ပေါင်းအတော်ကြာအောင် စက်လှေပေါ်မှာပင် နေရလေ့ရှိရာသောက်ရေ၊ စက်ဆီနှင့် ရိက္ခာစသည်တို့ လုံလောက်ဖို့ရန် လွန်စွာအရေးကြီးလှပေသည်။

ကျွန်ုပ်တို့ခရီးထွက်ကြမည်ဆိုသောအခါ တပည့်ကျော်များဖြစ်ကြသော စောထီးနှင့် ငမဲအောင်တို့ကိုလှမ်းဖြန့် ခေါ်ခဲ့သဖြင့် ပါးယောက်ဖြစ်လာသည်။

တကယ်တမ်းခရီးထွက်ကြမည်ဆိုသောအခါ ဒေါက်တာမင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်က ဦးကျော်ဖုံ၏ဇနီး ဒေါ်ကျင်မွှန်နှင့် သမီးဖြစ်သူ ခင်မေကျော်တို့ ကို မလိုက်စေလိုပေ။

ပင်လယ်ခရီးလမ်းဖြစ်သောကြောင့် အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံလာလျှင် ယောကျ်ားသားတွေချည်းက အကြောင်းမဟုတ်ပေ။

မိန်းမသားများပါလာသောအခါ ရင်းတို့အတွက် နှောင့်နှေးနေမည် စိုးသောကြောင့်ပင်။

"တကယ်ဆိုရင် ဒီလိုခရီးမျိုးက မိန်းမသားတွေအနေနဲ့ မလိုက်သင့်ဘူး ကျွန်တော်ကလည်း မခေါ်ချင်ဘူး"

"အခုမှတော့ မခေါ်ချင်လို့ဘယ်ဖြစ်တော့မလဲ မောင်ထင်ကျော်ရဲ့ ခေါ်ပါမယ်လို့ ကတိပေးထားခဲ့ပြီးပြီ မဟုတ်လား"

"ကတိပေးတာထက် မြေပုံလမ်းညွှန်စာအုပ်က သူတို့ဆီမှာဆိုတော့ မခေါ်ချင်ပေည်း ခေါ်ရတော့မှာပဲ"

"ဒီလိုဆိုတော့လည်း ခေါ်ခဲ့ပေါ့ကွယ်"

ထိုသို့ပြောဆိုပြီး ခရီးထွက်ရန် ရက်နီးသောအခါ ကြောင်တစ်ရာ လမ်း (၁၄) လမ်းအိမ်သို့ တစ်ခေါက်သွားကြလေသည်။ အိမ်ရောက်တော့ ခင်မေကျော်ဆိုသော မိန်းကလေးကိုတွေ့သဖြင့် ခရီးထွက်မည့် အစီအစဉ်များကို ပြောပြရသည်။

"ဒါထက် ကျွန်တော်တို့က ခရီးထွက်တဲ့အခါ လိုလေ





သေးမရှိအောင် စီစဉ်ရမှာဆိုတော့ ဒီကလူဘယ်နှယောက်လိုက်မလဲဆိုတာ သိထားရင် ပိုကောင်းပါတယ်"

ဟု သွယ်ဝိုက်ကာ မေးလိုက်သည်။

"အစကတော့ အမေပါလိုက်ဖို့ပဲ အခုတော့ အမေမလိုက်နိုင်တော့ဘူး ကျွန်မအပါအဝင် သုံးယောက်ပဲ လိုက်မှာပါ"

"ဘယ်သူတွေလဲဟင်"

"ကျွန်မရယ် ကျွန်မဦးလေးရယ် သူ့တူတစ်ယောက်ရယ်ပဲ လိုက်ကြမှာပါ"

"ကောင်းပြီလေ ကျွန်တော်တို့အဆင်ပြေအောင် စီစဉ်ပေးပါ့မယ် သင်္ဘောထွက်မယ့်ရက်ရောက်ရင် ဘုန်းကြီးလမ်းထိပ်တံတားဆိပ်မှာ စက်လှေကပ်ပြီး လာခေါ်ပါ့မယ်"

"အစ်ကိုတို့က ဘယ်ရက်လောက်ခရီးစထွက်ကြမှာလဲ"

"လာမယ့် တပို့တွဲလပြည့်နေ့ မနက်စောစောထွက်ကြမှာပါ"

"ကောင်းပါပြီ ကျွန်မတို့အားလုံးအဆင်သင့်ပြင်ဆင်ထားပါ့မယ်"

"ဒါထက် မှတ်တမ်းစာအုပ်ကလေးကိုလည်း တပါတည်းယူလာဖို့ မမေ့ပါနဲ့နော်"

"စိတ်ချပါ ကျွန်မယူခဲ့ပါ့မယ်"

"ဒါထက် မ...မ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည် ခင်မေကျော်ပါရှင် မေကျော်လို့ပဲ ခေါ်နိုင်ပါတယ်"

"ဒါထက် မေကျော်ကို မေးစရာတစ်ခုရှိလို့ပါ"

"မေးလေ အစ်ကို"

"တခြားတော့ မဟုတ်ပါဘူး မေကျော်ဖေဖေနဲ့ ခရီးအတူတူ ထွက်ကြတဲ့ ဦးကျင်စွမ်ကို မြင်ဖူးတွေ့ဖူးသလားဟင်"

"ဟင့်အင်း မတွေ့ဖူးဘူး ဖေဖေက သူ့အလုပ်တွေကို သူ့ဘာသာပဲ လုပ်တာဆိုတော့ ကျွန်မတို့က သူနဲ့ပတ်သက်တဲ့လူတွေကို တွေ့လည်း မတွေ့ဖူးဘူး သိလည်း မသိပါဘူး ဘာဖြစ်လို့လဲဟင်"

"အော် ဘာမှမဖြစ်ပါဘူး သိချင်လို့မေးတာပါ ကဲ လိုတဲ့ ပစ္စည်းလေးတွေဝယ်ရဦးမှာဆိုတော့ ကျွန်တော်တို့ပြန်ပါဦးမယ် ခရီးထွက်ကာနီးမှ လာခေါ်ပါ့မယ်"

ဒေါက်တာမင်းထင်ကျော်က ပြန်ဖို့ရန် ဟန်ပြင်လိုက်သည့်အခါ ခင်မေကျော်က တစ်စုံတစ်ခုကို သတိရသွားဟန်ပြင့်

"ခဏလေးနေပါဦးအစ်ကို အခုမှသတိရတယ် အစ်ကိုတို့ကို ပြောစရာတစ်ခုကျန်နေသေးလို့"

ဟု ပြောသည်။

"ဘာများလဲဟ"

"အစ်ကိုတို့ [illegible] နောက်ရက်မှာ ကျွန်မ





တို့အိမ်ကို သူခိုးကပ်တယ်"

"ဟင်"

"ပထမတော့ ကျွန်မတို့သိသွားလို့ ပြန်ဆင်းပြေးသွားတယ် နောက်နှစ်ရက်လောက်ကြာတော့ တစ်ခါထပ်လာပြန်တယ် ကျွန်မတို့ မသိလိုက်တော့ တစ်အိမ်လုံးမွှေနှောက်ထား ပွနေတာပဲ အထူးသဖြင့် ဖေဖေနေတဲ့အခန်းထဲကို ဝင်ရှာသွားတယ်"

"ဘာပစ္စည်းတွေများ ပါသွားသေးလဲဟင်"

"ဆန်းတာတော့ အတော်ဆန်းတယ် သူခိုးကအိမ်ထဲရောက်လာ ပြီးမှ တခြားဘာပစ္စည်းမှ မယူပဲ ပြန်ထွက်သွားတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ ....

"ဒါထက် မေကျော်ဆီမှာ ဘုရားစင်ရှေ့က တွေ့တဲ့မှတ်တမ်းစာအုပ်ကလေး သိမ်းထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိမ်းထားပါတယ် ဘာဖြစ်လို့လဲဟင်"

"အဲဒီစာအုပ်ကလေးကို ကိုယ်နဲ့မကွာသေသေချာချာ သိမ်းထား ပေးပါ အဲဒီစာအုပ်ကလေးမရှိရင် ကျွန်တော်တို့ ဦးကျော်ဖံရောက်နေတဲ့ ကျွန်းကိုတစ်ခေါက်ပြန်သွားလို့ရမှာ မဟုတ်တော့ဘူး"

ထိုစကားကြားသောအခါ ခင်မေကျော်မှာ မျက်လုံးလေး



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်း သားဖြစ်သွားလေသည်။

"ဒီမှတ်တမ်းစာအုပ်က ဒီလောက်အရေးကြီးသလားဟင်"

"အင်း ကြီးတယ်ဆိုပါတော့"

"ဒီလိုဆိုရင် မှတ်တမ်းစာအုပ်ကလေးကို အစ်ကိုတို့ပဲ ယူသိမ်းထားပေးပါလား ကျွန်မတို့အိမ်မှာက သားအမိနှစ်ယောက်တည်း နေရတာဆိုတော့ စိတ်မချရလို့ပါ"

"မေကျော့်အနေနဲ့ ကျွန်တော်တို့ကို စိတ်ချယုံကြည်မှုရှိတယ် ဆိုရင် ပေးထားပါ ကျွန်တော်သိမ်းထားပေးပါ့မယ်"

ဟုပြောလိုက်ရာ ခင်မေကျော့်မှာ နေရာမှထ၍ အတွင်းဘက်အခန်းသို့ ဝင်သွားလေသည်။ ခဏကြာတော့ ပြန်ထွက်လာသောအခါ မှတ်တမ်းစာအုပ်ကလေးပါလာပြီး ဒေါက်တာမင်းထင်ကျော်အား ပေးလေသည်။

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်လည်း မှတ်တမ်းစာအုပ်ကလေးကိုယူပြီး ခင်မေကျော့်ကိုနှုတ်ဆက်ပြီးနောက် ပြန်ထွက်လာခဲ့ကြလေသည်။

"ဒီမိန်းကလေးကြည့်ရတာ လွတ်လွတ်လပ်လပ် ဖျတ်ဖျတ်လတ်လတ်နဲ့ အတော်ကလေး စိတ်အားထက်သန်နေပုံပဲ"

"ဖခင်ရဲ့ ဓာတ်ကပါနေလို့လည်းဖြစ်မှာပါ"

"တော်ရုံမိန်းကလေး သည်ပုံမျိုးနဲ့တော့ ယောက်ျားသားတွေ





ဒီလို ခရီးမျိုးလိုက်ဝံ့မယ်မထင်ဘူး ဘာပဲဖြစ်ဖြစ် သူ့ရဲ့စိတ်ဓာတ်ကိုတော့ ချီး ကျူးရမှာပဲ"

"ဒါထက် သူတို့အိမ်ကို သူခိုးကပ်တဲ့ကိစ္စကို ဆရာဘယ်လို ထင်သလဲ"

ဒေါက်တာမင်းထင်ကျော်ကကားကို ကမ်းနားလမ်းဘက်မှ မောင်း လာရင်းမေးလိုက်သည်။

"အိမ်မှာ မိန်းမသားနှစ်ယောက်တည်းကျန်နေမှန်းသိလို့ ခိုးဖို့ကြံတာ ဖြစ်မှာပေါ့ ဓာတ်သိထဲကလည်း ဖြစ်နိုင်တာပဲ"

ကျွန်ုပ်၏ထင်မြင်ချက်ကိုကြားသောအခါ ဒေါက်တာမင်းထင်ကျော်က ကားမောင်းရင်း တစ်ချက်ပြုံးလိုက်သည်။

"ထားပါတော့ ဆရာပြောသလို ဓာတ်သိထဲကဝင်ခိုးခဲ့ရင် အိမ်ထဲရောက်ပြီး ပစ္စည်းတွေကို စိတ်ကြိုက်မွှေနှောက်ပြီးကာမှ ဘာပစ္စည်းမှ မယူပဲ ပြန်ထွက်သွားတာကရော ထူးဆန်းတယ်လို့ မထင်မိဘူးလား"

ဟုမေးလေသည်။

"အင်း ဒါကတော့ ထူးဆန်းတယ်ဗျ အိမ်ထဲရောက်ပြီးမှ ဘာ ပစ္စည်းမှမယူပဲ ပြန်ထွက်သွားတယ်ဆိုတော့ ဘာရည်ရွယ်ချက်နဲ့ ဝင်လာခဲ့သလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အကြောင်းတစ်ခုခုကြောင့် ဖြစ်မှာပေါ့၊ ကျွန်တော့် အထင်ပြောရရင်တော့ လျှို့ဝှက်ပစ္စည်းတစ်ခုခုလိုချင်လို့ ဝင်ရှာတာရော မဖြစ်နိုင်ဘူးလား"

ဒေါက်တာထင်းထင်ကျော်ပြောမှ ကျွန်ုပ်မှာ အနည်းငယ် သဘောပေါက်သလိုလိုရှိလာလေသည်။

"ဒါပြင့် ကျုပ်တို့ယူလာတဲ့ မှတ်တမ်းစာအုပ်ကလေးနဲ့များ ပတ်သက်နေရော့သလား"

"ဒါလည်း ဖြစ်နိုင်တဲ့ကိစ္စထဲမှာပါတာပဲ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တစ်တွေ အခုထွက်ကြမယ့် ခရီးမှာတော့ အစစအရာရာ သတိထားနိုင်မှ တော်ကာကျမယ်"

"ဘာဖြစ်လို့လဲ မောင်ထင်ကျော်ရဲ့ ကျုပ်တို့ခရီးထွက်မှာကို ဘယ်သူသိတာမှတ်လို့"

"ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်တို့နောက်ကို တစ်ယောက်ယောက်က နောက်ယောင်ခံပြီး လိုက်နေတယ်လို့ ထင်နေတယ် ခင်မေကျော်တို့အိမ်ကို ဝင်မွှေသွားတဲ့လူဟာ အဲဒီလူတွေနဲ့ မပတ်သက်ဘူးလို့ မပြောနိုင်ဘူး"

ဟုပြောဆိုကာ ကားကိုမောင်းလာကြရာ သိမ်ကြီးဈေး တပိုက်သို့ ရောက်သောအခါ ဈေးရောင်းဈေးဝယ်သူများ ရှုပ်ထွေး





လှသဖြင့် ကားကို ဖြေးဖြေးချင်းမောင်းလာရလေသည်။

သိမ်ကြီးဈေး ဒီရုံရှေ့သို့ရောက်သောအခါ ဈေးရုံအတွင်းမှ ထွက်လာသော လူတစ်ယောက်ကို လှမ်းမြင်လိုက်ရသဖြင့် ဒေါက်တာမင်းထင်ကျော်မှာ များစွာအံ့ဩသွားလေသည်။

ထိုလူမှာ တာမွေသချိုင်းထဲမှာ တည်းခိုနေသော ဦးဘထော် မျက်နှာနှင့် တစ်ပုံစံတည်းတူသော လူတစ်ယောက်ဖြစ်ပေသည်။ သို့သော် ထိုလူမှာ ဦးဘထော်ကဲ့သို့ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့်မဟုတ် အင်္ကျီပွပွ ဘောင်းဘီပွပွတို့ကို ဝတ်ဆင်ထားကာ ဦးခေါင်းမှာလည်း ဖော့ဦးထုပ်တစ်လုံးကိုဆောင်းထားရုံမက မျက်မှန်အဝိုင်းကမ္ပေးကိုပါ တပ်ထားသဖြင့် တရုတ်ကပြားတစ်ယောက်ဖြစ်မှန်း သိသာလှသည်။

ထိုလူကဈေးထဲမှ ထွက်လာပြီး ကျွန်ုပ်တို့ရှိနေသော နေရာနှင့် မလှမ်းမကမ်းသို့ ရောက်လာပြီးမှ ဘယ်လိုစိတ်ကူးပေါ်သွားသည်မသိပေ။ နောက်ကြောင်းသို့ ပြန်လှည့်ကာ ဈေးရုံအတွင်းသို့ ပြန်ဝင်သွားလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က မော်တော်ကားကို လမ်းဘေးတစ်နေရာ၌ ထိုးရပ်လိုက်ပြီး ကားတံခါးကိုဖွင့်ကာ အောက်သို့ဆင်းလိုက်ရင်း ....



www.burmeseclassic.com

www.burmeseclassic.com



"လာ ဆရာရေ"

ဟု ပြောကာ စောစောကလူဝင်သွားရာနောက်သို့ ဝင်လိုက်သွားရာ ကျွန်ုပ်လည်း နောက်မှ ကဗျာကရာ ဆင်းလိုက်သွားရလေသည်။

သိမ်ကြီးဈေး ဒီရုံမှာ ဈေးရောင်းဈေးဝယ်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလှသဖြင့် လူတစ်ယောက်ကိုရှာဖို့ မဆိုထားနှင့် တစ်နေရာမှ တစ်နေရာသို့ရောက်အောင် မနည်းကြိုးစား၍ လျှောက်နေရလေရာ ခဏကြာတော့ ရှေ့မှလျှောက်သွားသော ဖော့ဦးထုပ်နှင့်လူမှာ လူအုပ်ကြားထဲ၌ ပျော့ကွယ်သွားလေတော့သည်။

ကျွန်ုပ်တို့လည်း စိတ်ကျေနပ်မှုရှိစေရန် ထိုနေရာတဝိုက်သို့ လိုက်လံရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရတော့သဖြင့် မော်တော် ကားရှိရာသို့ ပြန်လာခဲ့ကြသည်။

"စောစောက လှမ်းမြင်လိုက်တဲ့ ဖော့ဦးထုပ်နဲ့လူမျက်နှာက ဦးဘ ထော်မျက်နှာနဲ့ တထေရာတည်းပါလား ဆရာ"

"လောကမှာ လူတူမရှား နာမည်တူမရှားဆိုတာ ရှိတာပဲ အသွင် အပြင်ချင်းကတော့ ခြားနားပါတယ်"

"ကျွန်တော်တို့မော်တော်ကားကိုမြင်မှ ရုတ်တရက်ကြီး





နောက် ကြောင်းပြန်လှည့်သွားတာကရော မထူးဆန်းဘူးလားဟင်"

"ဒါလည်း တိုက်ဆိုက်မှုကြောင့် ဖြစ်ပါလိမ့်မယ် ဦးဘထော်တော့ ဟုတ်မယ်မထင်ပါဘူး"

ဟုပြောကာ ကားကိုဆက်မောင်းလာခဲ့ကြသည်။

တလက်စထဲ တာမွေသချိုင်းသို့ တစ်ခေါက်သွားကြည့်ကြသောအခါ နေ့လည်ဘက် အသုဘပို့သူများဖြင့် ရှုပ်ထွေးနေသောကြောင့် အတွင်းသို့ မဝင်ကြတော့ပေ။

"နေ့လည်ဘက်မှာ မသာပို့တဲ့လူတွေနဲ့ ရှုပ်နေတာကြောင့် လူရှိမယ်မထင်ဘူး ခရီးထွက်ကာနီးတော့မှပဲ အကျိုးအကြောင်းပြောပြရအောင် ခါတိုင်းလိုပဲ ညအချိန်လာကြတာပေါ့"

ဟုပြောဆိုတိုင်ပင်ကာ လှည့်ပြန်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### စောင့်ကြိုနေသည့်အန္တရာယ်များ

တပို့တွဲလပြည့်နေ့ နံနက်စောစောအချိန်တွင် ခရီးထွက်ကြတော့ မည်မို့ လိုအပ်သော ပစ္စည်းများကို စုံလင်အောင် ဝယ်ယူစုဆောင်းကြရ လေသည်။

ခရီးထွက်ရန်တစ်ရက်အလိုတွင် ပင်လယ်မင်းသားစက်လှေကို ဘုန်းကြီးလမ်းတံတားထိပ်၌ ကပ်ထားစေပြီး သောက်ရေ စည်နှင့် ဆီပီပါ များကို တင်ကြလေသည်။

ပင်လယ်ခရီးထွက်ကြရာတွင် သောက်ရေကို သစ်သားစည်များဖြင့် သယ်ဆောင်ကြရသည်။ သို့မှသာ လှိုင်းဒဏ်ခံနိုင်ပြီးကြာရှည်လည်းအထားခံလေသည်။ စက်လှေထဲသို့ ပစ္စည်းများသယ်





လာခြင်းကိစ္စများကိုတော့ ဦးဗန်ကောင်းက ကြီးကြပ်ပေးပြီး စောထီးနှင့်ငမဲအောင်တို့ က စက်လှေအလုပ်သမားများနှင့်အတူ လုပ်ကိုင်ကြလေသည်။ ညအချိန် ရောက်သောအခါ ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်သည် ဦးဘထော်နှင့်တွေ့ရန် တာမွေသင်္ချိုင်းသို့ တစ်ခေါက်သွားကြသည်။

သင်္ချိုင်းထဲဝင်ဖို့ရန်အတွက် သင်္ချိုင်းစောင့်ကြီးကို ပိုက်ဆံငါးမူးပေးပြီး အတွင်းသို့ ဝင်ခဲ့ကြသောအခါ ဇရပ်ပေါ်၌ ဦးဘထော်ကို မတွေ့ကြ ရပေ။

သို့ကြောင့် အနီးပတ်ဝန်းကျင်သို့ ဟိုဟိုသည်သည်လိုက်ကြည့်သောအခါ ဇရပ်နှင့်ကပ်လျက်ရှိသော အုတ်ဂူတစ်လုံး၏ နံရံတွင် မီးသွေးခဲနှင့် ရေးထားသော စာတစ်ကြောင်းနှစ်ကြောင်းကို တွေ့ရလေသည်။

"ကျုပ်ကိုမှာစရာရှိရင် ဒီအုတ်ဂူနံရံမှာ စာရေးထားခဲ့ပါ"

ဘထော်

ဟူသော စာကိုတွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်က မီးသွေးတစ်ခဲကိုရှာ၍ အောက်ဖက်၌ စာတစ်ကြောင်းနှစ်ကြောင်း ရေးလိုက်လေသည်။

"တပို့တွဲလပြည့်နေ့ မနက်စောစောခရီးထွက်မယ်


www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးလမ်းတံတားဆိပ်ကို ဆင်းလာပါ”

ပင်လယ်တွင်းသား

ဟူ၍ ရေးထားခဲ့ကာ သချိုင်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။ နောက်တစ်နေ့နံနက်စောစောတွင် အထုပ်အပိုးများကို ပြင်ဆင်၍ ကမ်း ဆိပ်သို့ ဆင်းခဲ့ကြလေသည်။

ကမ်းဆိပ်ရောက်တော့ ဗောတံတားထိပ်နှင့် ခင်မေကျော်နှင့် အဖော်နှစ်ယောက်တို့ ရောက်နေသည်ကိုတွေ့ရလေသည်။

ကျွန်ုပ်တို့ရောက်သွားတော့ ခင်မေကျော်က မိတ်ဆက်ပေးလေသည်။ အသက် ငါးဆယ်ကျော်အရွယ်ရှိ လူကြီး၏အမည်မှာ ဦးကျော်ဟန်ဖြစ်ပြီး ဦးကျော်ဖံ၏ညီဖြစ်သည်။ သူသည် တရုတ်ကပြားတစ်ယောက်ဖြစ်ပြီး ဖျတ်လတ်သွက်လတ်သည့် ဟန်ရှိသည်။

နောက်တစ်ယောက်က အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိသော လူရွယ်တစ်ယောက်ဖြစ်ပြီး ၎င်း၏အမည်မှာ သန်းထိုက်ဟု သိရလေသည်။

ထို့နောက်တွင် ဒေါက်တာမင်းထင်ကျော်က ခရီးသွားမည့် အစီ အစဉ်များကို အကျဉ်းချုပ်ပြောပြပြီးနောက် သင်္ဘောဆိပ်သို့ ဆင်းကြလေသည်။





စက်လှေထွက်မည့်အချိန်မှာ ဒီရေပြန်ကျမည့်အချိန်မနက် (၆) နာရီဟု သတ်မှတ်ထားရာ နံနက် (၅)နာရီကျော်သည်အထိ ဦးဘထော်က ရောက်မလာသေးပေ။

မိမိတို့ အုတ်ဂူပေါ်တွင် ရေးထားခဲ့သောစာကို တွေ့မှတွေ့ပါ လေစ အချိန်မီမှ ရောက်လာပါ့မလားဟုတွေးတောပူပန်နေကြစဉ် နံနက် (၆) နာရီထိုးရန် မိနစ်အနည်းငယ်လိုသောအခါ ဦးဘထော် တစ်ယောက် ရောက်လာလေတော့သည်။

သူသည် ယခင်တွေ့သည့်အတိုင်း ပုဆိုးအဟောင်း၊ သက္ကလပ် ကုတ်အင်္ကျီအဟောင်းကြီးကို ဝတ်ထားကာ ဦးခေါင်းပေါ်မှာ သက္ကလပ် ဦးထုပ်အဟောင်းကိုလည်း ဆောင်းထားလေသည်။

သူသည် ကြီးမားသော လွယ်အိတ်ကြီးကို မနိုင်မနင်းလွယ ကာ တစိုက်စိုက်နှင့် ဆင်းလာကြလေသည်။

“ဘယ်လိုလဲ ဦးဘထော် ကျွန်တော်ရေးထားခဲ့တဲ့စာကို တွေ့ တယ် မဟုတ်လား”

“တွေ့ပါ့ဗျာ တွေ့လို့သာ အခုလို အချိန်မီရောက်လာတာပဲ ပေါ့”

“အခုလို အချိန်မီရောက်လာတော့လည်း ကောင်းတာပေါ့”

ဦးဘထော်၏ စုတ်စုတ်ပြတ်ပြတ် အသွင်အပြင်ကိုတွေ့သော အခါ သိမ်ကြီးဈေးနားမှာ လူများပြီးအထင်လွဲခဲ့ကြပုံကို ပြန်တွေး



www.burmeseclassic.com

www.burmeseclassic.com



မိပြီး စိတ်မကောင်းဖြစ်ကြရသေးသည်။

ခရီးထွက်ကြရာတွင် ပင်လယ်မင်းသားသင်္ဘောသားများက (၇) ယောက် ခင်မေကျော်တို့က (၃) ယောက်နှင့် ကျွန်ုပ်တို့အဖွဲ့ ဦးဘထော် အပါအဝင် (၆) ယောက်ဖြစ်ပေရာ သင်္ဘောပေါ်တွင် စုစုပေါင်း (၁၆) ယောက်ပါလေသည်။

ထိုအထဲတွင် မိန်းကလေးက ခင်မေကျော်တစ်ယောက်တည်းသာ ပါလာသောကြောင့် သူမအတွက် သင်္ဘောသားအခန်းတစ်ခန်းကို စီစဉ် ပေးရလေသည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ နံနက်စောစော ဒီရေအကျနှင့် ရေ ပေါ်လှေကိုစထွက်ကြလေသည်။

ကျွန်ုပ်တို့ ယခုကဲ့သို့ စုံစုံညီညီနှင့် ပင်လယ်ခရီးမထွက်ရသည်မှာ ကြာပြီဖြစ်၏။ မှတ်မှတ်ရရ အက်ဒမန်ကျွန်း၌ရှိသော စီဝါလူးတို့ရှိရာသို့တစ်ခေါက်ရောက်ခဲ့ကြပြီးနောက် နှစ်အတန်ကြာမှ ယခုကဲ့သို့ ပင်လယ်ခရီးထွက်ဖြစ်ကြခြင်းဖြစ်၏။

ဘုန်းကြီးလမ်းဆိပ်ကမ်းတံတားမှ ထွက်လာကြပြီး နာရီအနည်းငယ်ကြာသောအခါ ရန်ကုန်မြစ်ဝရှိ အကောက်ခွန်ရုံးသို့ ဝင်ကပ်ပြီးနောက် အစစ်အမေးခံကြရသည်။

အကောက်ခွန်ရုံးတွင် သင်္ဘောအမျိုးအစား စက်အမျိုးအစား ရေယာဉ်မှတ်ကမ်း သယ်ဆောင်လာသော ကုန်ပစ္စည်း သွား





ရောက်မည့် နေရာ စက်လှေပေါ်တွင် လိုက်ပါလာသောလူဦးရေ စသည်တို့ကို စာရင်းရေးမှတ်ကာ ပေးရလေသည်။ ကံအားလျော်စွာ အကောက်ခွန်ရုံး၌ တာဝန်ကျနေသော အကောက်ခွန်မှူးတစ်ယောက်မှာ ကျွန်ုပ်၏ စာဖတ်ပရိသတ်ဖြစ်သောကြောင့် ထွေထွေထူးထူး စစ်ဆေးမေးမြန်းခြင်း မပြုတော့ပဲ သွားခွင့်ပြုလိုက်လေသည်။

သို့ကြောင့် ကျွန်ုပ်တို့သည် ပင်လယ်ခရီးကို ဆက်လက်ထွက်ခွာခဲ့ကြလေသည်။ မြန်မာနိုင်ငံသည် အရှေ့နှင့်အနောက်အကျယ်ဝန်းဆုံး နေရာမှာ မိုင်ပေါင်း (၅၂၈)ခန့်သာရှိပြီး တောင်နှင့်မြောက် အရှည်လျား ဆုံးနေရာ၌ မိုင်ပေါင်း ၁၂၇၅ ကျော် ရှည်လျားလှပေသည်။

အများအားဖြင့်တော့ တောင်ဘက်နှင့် အနောက်ဘက်တွင် ပင်လယ်ရေမျက်နှာပြင်များက ပတ်လည်ဝန်းရံထားပြီး အရှေ့ဘက်နှင့် မြောက်ဘက်တွင် တောင်တန်းကြီးများက ကာဆီးထားလေသည်။ ပင်လယ်ရေမျက်နှာပြင်နှင့် ထိစပ်လျက်ရှိသော အပိုင်းများမှာ အနောက် ဘက်တွင် နတ်မြစ်ဝမှ မော်တင်စွန်းအထိ မြောက်မှတောင်သို့ ၄၄၃ မိုင် ရှည်လျားသည့် ရခိုင်ကမ်းရိုးတန်း မော်တင်စွန်းမှ အရှေ့ဘက် မုတ္တမကွေ့သို့ တစ်ဆစ်ချိုးကွေ့သွားသော ၂၇၂မိုင် ရှည်လျားသည့် ဧရာဝတီ မြစ်ဝ မြေနုကျွန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းရိုးတန်း၊ တစ်ဖန် မုတ္တမကွေ့မှတောင်ဘက်သို့ တစ်ဆစ်ချိုးကာ ကော့သောင်း ဘုရင့်နောင်အငူအထိ တန်းဆင်းသွားသော (၆၇၀) မိုင် ရှည်လျားသည့် တနင်္သာရီကမ်းရိုးတန်းတို့ရှိလေသည်။ သို့ကြောင့် ရခိုင်ကမ်းရိုးတန်း နတ်မြစ်ဝမှသည် တောင်ဘက်ဘုရင့်နောင် အငူစွန်းအဆုံးထိ ပင်လယ်ပြင်နှင့် ထိစပ်နေသော ကမ်းရိုးတန်း နယ်နိမိတ်အရှည်သည် စုစုပေါင်း (၁၃၈၅) မိုင်ခန့်ရှည်လျားလေသည်။

ညနေစောင်းအချိန်တွင် သံလျှက်စွန်းနှင့် သီလဝါတို့ကို ကျော်လွန် ခဲ့ပြီးနောက် ပင်လယ်ဝသို့ ထွက်ခဲ့ကြလေသည်။ ရန်ကုန်မြစ်ဝဘက်မှ စီးဆင်းလာသော နောက်ကျိကျိပင်လယ်ရေတို့သည် ပင်လယ်ထဲသို့ တိုင်အောင် စီးဝင်နေလေရာ ကြည်လင်သော ပင်လယ်ဆားဝန်ရေများထဲမှာ ရေနောက်များက ရောနှောလျက်ရှိနေလေသည်

ညနေပိုင်းအချိန်ရောက်လာတော့ အခန်းအောင်းနေသော ခင်မမ ကျော်ပင် သင်္ဘောကုန်းပတ်ပေါ်သို့ တက်လာလေသည်။ ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်က သင်္ဘောဆလင်ခန်းရှေ့ဦးပိုင်းတွင်ရှိနေသောကြောင့် သူမက ဦးပိုင်းဘက်သို့ လျှောက်လာလေသည်။

"အခန်းထဲမှာ မွန်းသလိုလိုဖြစ်လာလို့ ထွက်လာတာပါ"





"လာလေ ဒီနေရာက လေကောင်းလေသန့်ရတယ်"

ဟု ခေါ်သဖြင့် ခင်မေကျော်က ဦးပိုင်းဘက်သို့ လျှောက်လာလေသည်။

"လှိုင်းမူးတဲ့ဒဏ်ကို ခံနိုင်ရဲ့လား"

"ကျွန်မက ဖေဖေနဲ့ ကောင့်သောင်အထိလိုက်ဖူးတော့ ဒီလောက် လှိုင်းဒဏ်ကိုတော့ ခံနိုင်ရည်ရှိပါတယ်။ အခုလို အချိန်မှာပင်လယ်ပြင်ရဲ့ အလှတွေက သိပ်ပြီးကြည့်ကောင်းတာပဲနော်"

"ရာသီဥတုရဲ့ နှောက်ယှက်မှုဒဏ်တွေကို မခံရဘူးဆိုရင် ပင်လယ်ပြင်ရဲ့ သဘာဝဟာ သိပ်လှပါတယ်"

ညဦးပိုင်းရောက်လာတော့ တပို့တွဲလပြည့်နေ့ညဖြစ်သောကြောင့် အရှေ့ဘက်ကောင်းကင်ပြင်၌ လရောင်က သိပ်မကြည်လင်စွာ ပေါ်ထွက်လာလေသည်။

လရောင်ဆမ်းထားသော ပင်လယ်ရေမျက်နှာပြင်မှာ ငွေရောင်ဇာလွှာချပ်ကြီးဖြန့်ခင်းထားသကဲ့သို့ တဖိတ်ဖိတ် တလက်လက် တောက် ပလျှက်ရှိနေသည်။

ပင်လယ်ပြင်ခရီးတလျှောက်လုံးတွင် အန္တရာယ်တစ်စုံတစ်ရာမ တွေ့ကြရပဲ ဖြောင့်ဖြောင့်ဖြူးဖြူးခရီးဆက်နိုင်ခဲ့ကြသည်။ ဒေါက်တာမင်းထင်ကျော်ထဲ၌ ခရီးလမ်းညွှန်မြေပုံအညွှန်းပါလာသောကြောင့် ဆလင်ကြီးနှင့် တိုင်ပင်ကာ ခရီးစဉ်ကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကိုယ်ကျ လမ်းညွှန်ပေးကာ ခရီးဆက်ခဲ့ကြလေရာ ရက်အတန်ကြာသောအခါ အက်ဒမန်ကျွန်းစုများသို့ ရောက်သွားကြလေသည်။

အက်ဒမန်ကျွန်းစုများသို့ ရောက်သောအခါ လေမိုးအကာအကွယ်ရသောနေရာတွင် သင်္ဘောကိုရပ်နားပြီး စက်နှင့်သင်္ဘောကိုယ်ထည်များ၏ ကြံ့ခိုင်မှုကို စစ်ဆေးကြကာ တစ်ရက်နှစ်ရက်နားပြီး ခရီးဆက်ကြလေသည်။

အက်ဒမန်ကျွန်းစုများ၏ တောင်ဘက်စူးစူးသို့ သုံးညအိပ်ခရီးမျှ ဆက်လက်သွားကြသောအခါ မြင်ကွင်းထဲသို့ ကျွန်းစုတစ်ခု၏ ပုံရိပ်ကို စတင်မြင်လာကြရသည်။ ထိုအခါ ဦးဘထော်ကိုခေါ်ပြီး မေးရသည်။

"ဦးဘထော် တောင်ဘက်စူးစူးမှာ မခုလှမ်းမြင်နေရတဲ့ ကျွန်းစုဟာ ခင်ဗျားတို့ ရောက်ခဲ့တဲ့ကျွန်းမဟုတ်လား"

"ဟုတ်တယ် အဲဒါ ရတနာဒီပကျွန်းပဲ"

"ကျောက်ရုပ်ကြီးတွေရှိတယ်ဆိုတာ အဲဒီကျွန်းပေါ်မှာလား"

"ကျွန်းတစ်ခုလုံး ကြောက်စရာကောင်းတဲ့ ဘီလူးမျက်နှာမျိုးနဲ့ အရုပ်ကြီးတွေ အများကြီးပါပဲဗျာ"

ထိုစကားကြားသောအခါ မလှမ်းမကမ်းနေရာမှ ရပ်နေသော ခင် မေကျော်က ....





"ဖေဖေ့ကိုတွေ့ခဲ့တာ ဒီကျွန်းပေါ်မှာလားဟင်"

ဟု ဝင်မေးလိုက်ရာ ဦးဘထော်ကလှည့်ကြည့်လိုက်ပြီး...

"သူက ဘယ်သူလဲ"

ဟု ဒေါက်တာမင်းထင်ကျော်ကို မေးလိုက်သည်။

"သူက ခင်ဗျားတွေ့ခဲ့တဲ့ ဦးကျော်ဖံရဲ့သမီးလေးပါ"

ဟုပြောလိုက်သောအခါ ဦးဘထော်က တစ်ဖက်သို့မျက်နှာလှည့်သွားပြီး ....

"သူတို့က ဘာလိုက်လုပ်တာလဲ"

ဟု မေးလိုက်သည်။

"သူ့အဖေကို တွေ့ရအောင် လိုက်ခဲ့ကြတာပါ"

"မိန်းကလေးတစ်ယောက်အနေနဲ့ အလွန်အန္တရာယ်များတဲ့နေရာပဲ အတော်သတ္တိကောင်းတဲ့ မိန်းကလေးပဲ"

ဟုရေရွတ်နေလေသည်။

နောက်ထပ်တစ်ညခရီးမျှ ဆက်သွားကြသောအခါ ရတနာဒီပကျွန်းသို့မဟုတ် ကျောက်ဘီလူးကျွန်း၏ ကမ်းခြေသို့ နီးကပ်သွားကြလေသည်။ ကျွန်းပေါ်၌ စောင့်ကြိုနေသော အန္တရာယ်များက လှို့ဝှက်သော မျက်လုံးများဖြင့် လှို့ဝှက်စွာကြည့်နေကြသည်ကိုတော့ သူတို့တတွေ မသိခဲ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

## ကျောက်ဘီလူးကျွန်းမှ အန္တရာယ်

တကယ်တော့ ကျွန်း၏အနေအထားမှာ သင်္ဘောပေါ်မှ လှမ်းကြည့်ကတည်းက ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

BURMESE CLASSIC .com

ကျွန်းမှာအတော်ကလေး ကျယ်ဝန်းလှသည်။ ကျွန်း၏ စတုရန်းမိုင် ဘယ်ရွေ့ဘယ်မျှ ကျယ်ဝန်းသည်ကို မခန့်မှန်းနိုင်သော်လည်း ကျွန်ုပ်တို့ သင်္ဘောဆိုက်ကပ်ထားသောကမ်း၏ မျက်နှာစာတစ်ဖက်မှာပင် မျက်စိတဆုံး တမျှော်တခေါ် ရှိနေသည်။

ကမ်းခြေတလျှောက်တွင် သောင်ပြန့်နှင့် ကျောက်တုံး ကျောက်ဆောင်များရှိပြီး ဒီလှိုင်းရိုက်ပုတ်သံ ... ကို မှန်မှန်ကြား နေရသည်။





သောင်ပြင်အထက်မှာတော့ သစ်တောများရှိလေသည်။ အများအားဖြင့်တော့ ဒီရေအရပ်မှာ ပေါက်လေ့ရှိသော ဗျူးခြေထောက်ပင်နှင့် လမုပင်၊ လဗပင်၊ ကမ္ဗလာပင်များသာဖြစ်၏။

ဗျူးခြေထောက်တောများမှာ ကမ်းခြေတလျှောက် ညို့နေအောင် ရှိနေလေသည်။ သင်္ဘောဆလင်ကြီးက သင်္ဘောကို ဒီလှိုင်းနှင့်ကျောက်ဆောင် ကျောက်တုံးများလွတ်ရာ ဂလိုင်တစ်ခုထဲသို့ မောင်းသွင်းထား လိုက်သည်။

ထိုကျွန်းသို့ရောက်သောအခါ အားလုံးသင်္ဘောကုန်းပတ်ပေါ်သို့ တက်လာကြပြီး အခြေအနေကို ကြည့်ကြလေသည်။

"ကျွန်းကလည်း မြင်ရုံနဲ့တင် ကြောက်စရာကောင်းလိုက်တာ"

"ဟုတ်ပါရဲ့ အစ်ကိုကြီးကျော်ဖုံတို့က ဒီကျွန်းကိုဘာကြောင့်များ ရှာရှာဖွေဖွေလာကြတာလဲ မသိဘူး ဒါထက် ခင်မေကျော် ဒီကျွန်းပေါ်မှာ အစ်ကိုကြီးကို တွေ့ခဲ့တယ်ဆိုတာရော သေချာရဲ့လား"

ဟု ဦးကျော်ဟန်ဆိုသူက မေးလိုက်သည်။

"ကျွန်မလည်း ဒီကအစ်ကိုတို့လာပြောလို့သိရတာ သူတို့ကို မေးမှပဲ သိရမှာပဲ"

ခင်မေကျော်က ဒေါက်တာမင်းထင်ကျော်ကို လက်ညှိုးထိုးပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဆရာက ကျူပ်အစ်ကိုကြီးကို ဒီမှာတွေ့ခဲ့တာလား"

"ကျွန်တော်တွေ့တာ မဟုတ်ပါဘူး"

ထိုအခါ ဦးဘထော်က ဝင်ပြောပြသည်။

"ဦးကျော်ဖဆိုတဲ့လူကို ဒီကျွန်းပေါ်မှာတွေ့ခဲ့တဲ့လူက ကျူပ်ပါ၊ အားလုံးကို တစ်ခုတော့ ကြိုတင်ပြီး သတိပေးထားဖို့ မယ်၊ ဒီကျွန်းက အန္တရာယ်အလွန်များတော့ အစစအရာရာ သတိ ဝီရိယနဲ့နေကြပါ"

"ဘယ်လိုအန္တရာယ်မျိုးတွေလဲဗျ"

"မမြင်ရတဲ့ အန္တရာယ်တွေပါ နောက်ပြီး ဒီကျွန်းပေါ်မှာ ဘီလူးမျက် နှာနဲ့တူတဲ့ ကျောက်ရုပ်ကြီးတွေ အများကြီးရှိပါတယ်၊ ကျူပ်ကြားဘူးသမျှတော့ ဒီကျွန်းပေါ်မှာ လူတစ်ယောက်မှ မရှိပါဘူး"

"ဒါဖြင့် ဒီကျောက်ရုပ်ကြီးတွေက လာသတ်နေတာလား"

"ဒါလည်း အတပ်မပြောနိုင်ပါဘူး အကောင်းဆုံးကတော့ အခုအချိန်ကစပြီး ကျူပ်တို့အားလုံး သတိဝီရိယနဲ့သာနေကြဖို့ သတိပေးချင်ပါတယ်"

ဟုပြောဆို သတိပေးလေသည်။

သူတို့ရောက်သွားသောအချိန်မှာ ညနေစောင်းအချိန်





ဖြစ်သောကြောင့် နေဝင်သွားသည်နှင့် ပင်လယ်ပြင်တဝိုက် အမှောင် ရိပ်များ သမ်းလာလေသည်။

သစ်ရိပ်များရှိသောကျွန်း၏ ပတ်ဝန်းကျင်တလျှောက်မှာ အမှောင်ရိပ်များ ပိုများလာလေသည်။ စက်လှေကို ကမ်းစပ်နှင့် မနီးမဝေးချိုင့် တစ်ခုထဲတွင် ကျောက်ချရပ်နားပြီးနောက် သင်္ဘောသားများချက်ပြုတ်ကျွေးသော ညနေစာကို စားသောက် ကြပြီးနောက် အချို့အိပ်ယာဝင်ကြ လေသည်။

တချိန်လုံး လှိုင်းမူးဒဏ်ခံလာကြရသောကြောင့် ယခုကဲ့သို့ ငြိမ်ငြိမ်သက်သက် ဖြစ်သွားသောအခါ အနားယူချင်ကြဟန်ရှိ လေသည်။

ကျွန်ုပ်တို့တတွေကတော့ ခရီးကြမ်းအတွေ့အကြုံရှိသူများမို့ မထူးခြားလှပေ။ ညဦးပိုင်းအချိန်ရောက်သောအခါ သင်္ဘောဦး ပိုင်းသို့ ထွက်ထိုင်ကာ ရှေ့အစီအစဉ်များကို တိုင်ပင်ဆွေးနွေး ကြလေသည်။

"ဘယ်လိုလဲ မောင်ထင်ကျော် ဒီကျွန်းဟာ ဦးဘထော်ပြော သလို ရတနာဒီပကျွန်းဆိုတာ အမှန်ဖြစ်မယ်ဆိုရင်တော့ ဆရာ ကြီးသူရစွပြောလိုက်တဲ့ ကျောက်ဘီလူးကျွန်းဆိုတာ ဖြစ်ဖို့မ သေချာဘူးလား"

ဦးဗန်ကောင်းက သူ၏ယူဆချက်ကိုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်းပေါ်မှာ ကျောက်ရုပ်ကြီးတွေအမှန်ရှိတယ်ဆိုရင်တော့ ဆရာကြီးပြောလိုက်တဲ့အတိုင်း ကျောက်ဘီလူးကျွန်းဖြစ်ဖို့များတာပေ့ါ ဒီလိုဆိုရင်တော့ အန္တရာယ်ပိုများလာနိုင်တာပေ့ါ"

"ဘာကြောင့်လဲ"

"ကျွန်တော်တို့ကို ဦးဘထော်ပြောပြတုန်းက အဲဒီကျောက်ရုပ်ကြီးတွေ လက်ချက်နဲ့ပဲ ဦးကျော်ဖုံတို့ တစ်ဖွဲ့လုံးသေကုန်ကြတယ်လို့ပါတယ် မဟုတ်လား"

"အမှန်တော့ ပြဿနာတစ်ခုမှာ အမှားနဲ့အမှန်ဆိုပြီး အဖြေနှစ်ခုရှိတာပဲ အမှန်တရားကိုရအောင် ရှာနိုင်ရင် ပြဿနာတစ်ခုရဲ့ ဇစ်မြစ်ကို သိရနိုင်တာပဲ။ ဒါထက် ကြေးပြားချပ်တွေပေါ်ကစာတွေရဲ့ အဓိပ္ပာယ်ကို ဆရာကြီးက ဘာသာပြန်ပေးလိုက်တဲ့စာရွက်ကလေးပါရဲ့ မဟုတ်လား"

BURMESE CLASSIC .com

"ပါ ပါတယ်"

"အဲဒီစာရွက်ကလေးဟာ ကျုပ်တို့အဖွဲ့ရဲ့ အသက်ပဲ ဒီစာရွက်က လေးပါလာတာကို ကျုပ်တို့သုံးယောက်ကလွဲပြီး ဘယ်သူမှမသိအောင် လျှို့ဝှက်ထားဖို့ သိပ်အရေးကြီးတယ်"

ထိုစကားကို ဦးဗန်ကောင်းက သုံးယောက်ကြားသာရုံလေသံတိုးတိုးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

"ဘာကြောင့်လဲဆိုတာ ပြောပြပါဦး"





"ကျုပ်စိတ်ထဲမှာ မသင်္ကာတဲ့ အချက်တွေရှိတယ် ဒါပေမဲ့ ပြောဖို့တော့ အချိန်စောသေးတယ် တစ်ခုပြောဝံ့တာတော့ရှိတယ် ဦးကျော်ဖုံ နဲ့ ပတ်သက်နေတဲ့ ရတနာမြေပုံကိစ္စမှာ လျှို့ဝှက်ချက်တွေရှိနေတာတော့ အမှန်ပဲ"

ထိုသို့ပြောနေကြစဉ် နောက်ဘက်တံခါးရွက်အကွယ်နားလောက်တွင် လူရိပ်လိုလိုတွေ့သဖြင့် လှမ်းကြည့်လိုက်သောအခါ ဦးဘထော် ဝင်လာသည်ကို တွေ့ကြရသည်။

"လာဗျို့ ဦးဘထော်ရေနွေးကြမ်းရှိတယ်ဗျ လာသောက်လှည့်ပါဦး"

ဦးဗန်ကောင်းက ဟန်မပျက်ပြောဆိုကာ ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်သည်။

"ဘာတွေများ တိုင်ပင်နေကြတာပဲဗျ"

ဦးဘထော်က အနားဝင်ထိုင်ရင်း မေးလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူးဗျာ ဒီကျွန်းကြီးကြည့်ရတာ တိတ် ဆိတ်ငြိမ်သက်ပြီးတော့ ကြောက်ဖို့ကောင်းနေတယ်ဆိုတဲ့ အကြောင်း ပြောနေကြတာပါ။ ဒါထက် ဦးဘထော် ဝါးဖောင်နဲ့ ရောက်ခဲ့တာ ဒီကျွန်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျောက်ရုပ်ကြီးတွေက ဘယ်နေရာမှာရှိတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်လင်းလို့ တောပေါ် တက်ကြည့်တာနဲ့ တွေ့ရပါလိမ့်မယ်ဗျာ"

"ဒါထက် ဦးဘထော် ဦးကျော်ဇံကိုတွေ့တဲ့နေရာရော မှတ်မိပါ့မလား"

"အင်း ရုတ်တရက်တော့ မှတ်မိမယ်မထင်ဘူး ဒါပေမဲ့ ဒီလိုပဲ လိုက်ရှာကြရင်းနဲ့တော့ ပြန်တွေ့ရမှာပေါ့"

ဦးဘထော်က ခပ်ပေါ့ပေါ့လေသံမျိုးဖြင့် ပြောလိုက်သဖြင့် ဦးဗန်ကောင်းက ထိုအကြောင်းကို ဆက်မမေးတော့ပေ။

"ဒါထက် ကျူပ်ပေးလိုက်တဲ့ ကြေးပြားလေးပေါ်က စာတွေရဲ့ အဓိပ္ပာယ်ကိုဖော်လို့ရကြပြီလားဗျ"

ဦးဘထော်က ရေနွေးကြမ်းခွက်ကိုကောက်ယူ၍သောက်ရင်း ပြန်မေးလိုက်ရာ ဒေါက်တာမင်းထင်ကျော်က...

"ကျွန်တော်တို့ မိတ်ဆွေဆရာကြီးတစ်ယောက်ဆီသွားပြီး အကူအညီတောင်းကြည့်တော့ သူကကျောက်ရုပ်တွေနဲ့ ပတ်သက်တဲ့စာတွေ ဖြစ်တယ်လို့ အဓိပ္ပာယ်ဖော်ပေးလိုက်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က စကားကိုထိမ်း၍ ပြောလိုက်လေသည်။ ထိုစကားကြားသောအခါ ဦးဘထော်ကသိပ်ပြီးအံ့ဩဝင်ကျဟန်ရှိပုံ မရပေ။

"ဒါထက် ပင်လယ်ဓားပြတွေ မြှုပ်ထားတဲ့ ရတနာပစ္စည်း





တွေနဲ့ ပတ်သက်လို့ ဘယ်လိုထူးခြားမှုတွေ သိခဲ့ကြရသလဲ"

ဟုဆက်မေးပြန်လေသည်။

"အဲဒါတွေကတော့ ဘာမှမသိခဲ့ရသေးဘူးဗျ"

ဦးဘထော်က သောက်လက်စရေနွေးပန်းကန်ကို ပြန်ချထားလိုက်ပြီး....

"ဒီကျွန်းပေါ် ရတနာတွေရှိနေတာကတော့ အမှန်ပဲ၊ ဒါကြောင့်လည်း ဦးကျော်ဇံတို့တတွေ ဒုက္ခခံပြီးလာရှာကြတာပေါ့"

ဟု အမှတ်မဲ့ပြောလိုက်လေသည်။

"အဲဒါတွေကို ဦးဘထော်ဘယ်လိုသိတာလဲ"

"အော် ဟို ဟို ဒီကျွန်းပေါ်မှာ သူနဲ့တွေ့တုန်းက သူပြောပြလို့ သိရတာပါ၊ သူပြောတုန်းက ဒီကျွန်းပေါ်မှာ ပင်လယ်ဓားပြတွေရဲ့ ရတနာတွေရှိတယ်ဆိုတာ အသေအချာပြောသွားခဲ့လေတော့ ဒီတော့ ဒီရတနာ တွေကိုတော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် တွေ့အောင်ရှာယူရမှာပဲ"

ဟုပြောလေသည်။

ထိုစကားကြားသောအခါ ကျွန်ုပ်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် မသိမသာကြည့်လိုက်ကြသည်။

"ဒါထက် ဟိုသုံးယောက်က ဘယ်လိုပါလာတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို မိန်းကလေးက ဦးကျော်ဖဲရဲ့ သမီးလေ၊ ဟိုတစ်ယောက်က ဦးကျော်ဖဲရဲ့ညီပဲ သူတို့က ဦးကျော်ဖဲကိုရှာဖို့လိုက်လာကြတာပဲ"

"ဒီခရီးမှာ သူတို့ ပါလာတာကိုတော့ သိပ်မကြိုက်လှဘူးဗျ"

"ဘာကြောင့်လဲ"

"လူပိုတွေပါလာတော့ အလုပ်ရှုပ်တာပေါ့ဗျာ၊ ဒီလောက်အန္တရာယ်များတဲ့ နေရာမှာ မိန်းကလေးတွေပါလာတော့ နှောင့်နှေးတာပေါ့"

"သူတို့ကိုမခေါ်ပဲ ဘယ်နည်းနဲ့မှလာလို့မဖြစ်လို့ ခေါ်လာရတာပါ၊ ဒီကျွန်းကိုရောက်အောင် ပြန်လာဖို့လမ်းညွှန်မြေပုံက သူတို့ဆီမှာရှိတာဆိုတော့ မခေါ်လို့ဘယ်ဖြစ်ပါ့မလဲ ဒါကြောင့်ခေါ်တာပါ"

ထိုအခါမှ ဦးဘထော်မှာ စိတ်လျှော့ချလိုက်ဟန် အမူအရာဖြင့်...

"ကျုပ်က သူတို့အတွက်စိုးရိမ်လို့ပြောတာပါ လူများတော့လည်း ပိုကောင်းတာပေါ့"

ဟုပြောကာ နေရာမှ ထထွက်သွားလေသည်။

ထိုအခါမှ ကျွန်ုပ်တို့လည်း ဦးဘထော်၏ အမူအယာကို ကြည့်ရတာ တစ်မျိုးပဲဟု မှတ်ချက်ချကာ လူစုခွဲကြပြီးနောက်





မိမိတို့ အိပ်စင်ရှိရာ သို့ ပြန်ခဲ့ကြလေသည်။

ညဦးပိုင်းရောက်လာသောအခါ လရောင်ကမြင့်တက်လာသောကြောင့် ပတ်ဝန်းကျင်တဝိုက်၌ အလင်းရောင်များက ဝိုးတဝါး ပြန့်နှံ့လာသည်။ ဒီရေတက်လာသောအချိန်တွင် တောင့်ပြန့်ပေါ်သို့ လှိုင်းတက်သံများ ကျောက်တောင် ကျောက်တုံးများကို လှိုင်းပုတ်သံများမှ လွဲ၍ အခြားအသံများ မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

တောနက်ထဲဆီမှ မျောက်မောင်းမနှင့် ညဥ့်ငှက်အော်သံအချို့ကတော့ တစ်ခါတရံ လေတိုးသံနှင့်အတူ ပြန့်လွင့်ပါလာတတ်လေသည်။ သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ တောနက်ထဲမှ လင်းနို့အော်သံကဲ့သို့ ကြောက်မက်ဖွယ်ရာကောင်းသော အော်သံအချို့ကို ကြားကြ ရသည်။

"ဘာသံတွေလဲ မောင်ထင်ကျော် ကြောက်စရာ ကောင်းလှချည်လား"

စက်လှေရပ်နားထားသော နေရာမှာ တောစပ်နှင့်က ဝေးလှသောကြောင့် တောထဲမှ အော်ဟစ်နေသော အသံများကို အတိုင်းသားကြား နေရသည်။

ဒေါက်တာမင်းထင်ကျော် အိပ်စင်နှင့် ကျွန်ုပ်၏အိပ်စင်မှာ မဝေး လှသဖြင့် သင်္ဘောပြတင်းပေါက်မှ တိုးဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com



အသံများကို နှစ်ယောက်စလုံးကြားနေကြရသည်။

"တောတိရိစ္ဆာန်တွေအော်တဲ့ အသံမျိုးဖြစ်မယ်ထင်တယ် ဒါပေမဲ့ ဒီအသံမျိုးတော့ တစ်ခါမှမကြားဖူးဘူး"

ဟု ပြောဆိုနေကြစဉ်မှာ တောနက်ထဲဆီမှ ကြားနေရသည့် အသံများက နီးလာလိုက် ဝေးသွားလိုက်နှင့် ရှိနေရာ ကျွန်ုပ်တို့လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ အိပ်ပျော်ရန်သာ ကြိုးစားကြလေတော့သည်။

နေ့လည်ဘက်က လှိုင်းမူးထားသည့်ဒဏ်၊ ပင်ပန်းမှုဒဏ်ကြောင့် မေးခနဲအိပ်ပျော်သွားစဉ်မှာ နားထဲ၌ ကြောက်မက်ဖွယ်ရာကောင်းသော အော်ဟစ်သံကြီးတစ်ချက် ကြားလိုက်ရသောကြောင့် အိပ်ပျော်နေရာမှ ခုန်နိုးလာကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ အစကတည်းက သတိနှင့်ရှိနေသူ တစ်ယောက်မို့ အော်သံကြားလိုက်ရသည်နှင့် နံဘေးနား၌ချထားသော သေနတ်နှင့် ဓါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုကောက်ယူကာ အသံကြားရာဘက်သို့ ပြေးထွက်သွားလေသည်။ အသံကြားရာဘက်မှာ သဘော်ပဲ့ပိုင်းစင်ဘက်မှဖြစ်သည်။

"ဘာဖြစ်တာလဲဟေ့"

သဘော်ပဲ့ပိုင်း၌ သဘော်သားသုံးလေးယောက်ရှိနေကြပြီး ကြောက်ရွံ့တုန်လှုပ်စွာ ရှိနေကြသည်။





"ဟေ့ ဘာဖြစ်တာလဲ"

ဒေါက်တာမင်းထင်ကျော်က အနားသို့သွားကာ မေးလိုက်သည်။

"ရေထဲက မည်းမည်းကြီး တက်လာပြီး လူတစ်ယောက်ကို တက်ဆွဲ ချသွားပြီဆရာ"

"ဟင်"

ထိုစကားကြောင့် အားလုံးအထိတ်တလန့်ဖြစ်သွားကြလေသည်။

"မင်းတို့က ဘယ်နေရာမှာနေလို့ ဘယ်လိုဖြစ်တာလဲသေသေချာချာပြောပြစမ်းပါ"

"ညတုန်းက ကျွန်တော်တို့ သဘော်သားတွေ လသာတာနဲ့ စက်လှေပဲ့စက်ပေါ်မှာ တက်အိပ်ကြပါတယ်၊ အိပ်ပျော်ကာစပဲရှိသေးတယ် စက်လှေတစ်ခုလုံး လှုပ်သွားတာနဲ့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ရေထဲက ကြောက်စရာကောင်းတဲ့ လူလိုလို သတ္တဝါကြီးတစ်ကောင် တက်လာပြီး သဘော်သားတစ်ယောက်ကိုဆွဲခေါ်သွားတယ်"

"ဘယ်ကိုခေါ်သွားတာလဲ"

"လသာပြင်ပေါ်ကနေဖြတ်ပြီး ဟိုတောထဲကိုဆွဲခေါ်သွားတာကို တွေ့လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငှင်းညှို့ပြသော တောစပ်မှာ ညဦးပိုင်းက ထူးထူးခြားခြား အော်သံများ ကြားနေရသော တောစပ်ဘက်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က စက်လှေကြမ်းပြင်ပေါ်သို့ လက်နှိပ် ဓာတ်မီးဖြင့်ထိုးကြည့်သောအခါ သွေးစက်အချို့ကို တွေ့ရလေသည်။

ထိုအချိန်တွင် တောထဲမှ စူးစူးဝါးဝါး အော်သံကြီးကို ကြား လိုက်ရလေသည်။

"အား"

အော်သံမှာ သဘော်သား၏အော်သံဖြစ်မှန်း သိလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်က စောထီးနှင့် မေအောင်တို့ကိုခေါ်ကာ အပေါ်သို့ တက်လိုက်ရန်ပြင်သောအခါ ဦးဘထော်က ဝင်တား လေသည်။

"မလိုက်နဲ့ ဆရာလေး ဒီလိုအချိန်မျိုးမှာ တောထဲကို လိုက် သွားရင် အားလုံးသေကုန်လိမ့်မယ်၊ သူတို့က သိပ်ပြီးကြောက် စရာကောင်းတယ်"

ဟုပြောသောအခါ ဒေါက်တာမင်းထင်ကျော်က....

"ဒါဖြင့် ဒီသတ္တဝါတွေကို ခင်ဗျားသိတယ်ပေါ့ ဘယ်လို သတ္တဝါမျိုး တွေလဲ"

ဟုမေးလိုက်သည်။





"လူတော့ လူတွေပဲဆရာလေး ဒါပေမဲ့ တစ်ကိုယ်လုံး အမွေး အမျှင်တွေရှိပြီး ဘီလူးမျက်နှာမျိုးလို ကြောက်စရာကောင်းတဲ့ လူတွေပဲ ဒီကျွန်းပေါ်ရောက်တဲ့လူအတော်များများ သူတို့ လက်ချက်နဲ့ သေကုန်တာပဲ"

"ခင်ဗျားက ဒါတွေကို ဘယ်လိုသိထားခဲ့သလဲ"

"ကျုပ်က ဒီကျွန်းပေါ်ကို ရောက်ခဲ့ပြီးပြီလေ ဒါကြောင့် သိတာပေါ့"

"ကဲ ဒါကထားပါလေ အခုဘယ်လိုဆက်လုပ်ရင် ကောင်း မလဲ"

"အခု တက်လိုက်လို့တော့ မသင့်ဘူး မနက်လင်းတော့မှပဲ အပေါ် တက်ရှာကြတာပေါ့"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း စိတ်လျှော့ လိုက် လေတော့သည်။

ထိုညက ဘယ်သူမှ ပြန်မအိပ်ကြတော့ပေ။

ꩩ ꩩ ꩩ



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

ကျောက်ဘီလူးရုပ်မှ လျှို့ဝှက်ချက်

ထိုညက တစ်ညလုံး ဘယ်သူမှ မအိပ်ကြပဲ ထိုင်စောင့်ကြသော်လည်း နောက်ထပ်အန္တရာယ်မလာတော့ပဲ မိုးစင်စင်လင်းခဲ့ရလေသည်။

နံနက်လင်းသောအခါ အစီအစဉ်များပြုလုပ်ကာ တောပေါ်သို့ တက်ကြရန် ပြင်ဆင်ကြလေတော့သည်။

တောင်ပေါ်သို့ သင်္ဘောသားများမှလွဲ၍ အားလုံးလိုက်ကြရန် ပြင်ဆင်ကြရန် ဒေါက်တာမင်းထင်ကျော်က ခင်မေကျော်ကို မလိုက်ရန် တားလေသည်။

"မေကျော် သင်္ဘောထဲမှာပဲ နေခဲ့ပါလား တောပေါ်မှာက အန္တရာယ်များလှတယ်"





"ရပါတယ် အစ်ကိုတို့မရှိပဲနဲ့ ကျွန်မတစ်ယောက်တည်း သင်္ဘောပေါ်မှာ မနေခဲ့ပံ့ပါဘူး နောက်ပြီး ကျွန်မကဖေဖေ့ကိုရှာဖို့ လာတာယ်ဆို တော့ သင်္ဘောထဲမှာ နေခဲ့လို့ဘာအကျိုးထူးမှာလဲ"

ဟု ပြောသဖြင့် မတားသာတော့ပေ။

ဦးကျော်ဟန်နှင့် သန်းထိုက်တို့ နှစ်ယောက်တွင် လိုင်စင်နှင့်ကိုင် သော သေနတ်များပါလာသောကြောင့် အတန်အသင့်အားရှိစရာပင်။

ကျွန်ုပ်တို့တစ်ဖွဲ့လုံးမှာလည်း လက်နက်ကိုယ်စီပါကြသောကြောင့် တော်ရုံအန္တရာယ်နှင့်တွေ့ရုံလောက်နှင့်တော့ မှုစရာမရှိတော့ပေ။

ထို့နောက် သင်္ဘောကို ဆိပ်ကမ်းနှင့်နီးသော သောင်စပ်၌ကပ်ပြီးနောက် တောပေါ်သို့တက်ကြလေသည်။

၎င်းတို့တောပေါ် ရောက်သောအခါ သင်္ဘောက ကမ်းစပ်မှ ပြန်ခွာပြီး ကျောက်ဆောင်များနှင့်ဝေးသောနေရာ၌ ကျောက်ချ ရပ်နားနေ သည်။

တောသည် လူသူအရောက်အပေါက်မရှိသောကြောင့် သာမန်ထက် ပို၍ ရှုပ်ထွေးလေသည်။ ဒီရေရောက်သောကမ်းစပ်တလျှောက်၌ ဗျူး ခြေထောက်တောများ ရှိလေသည်။

အချို့ဗျူးပင်ကြီးများ၏ ခြေထောက်ကိုင်းများမှာ



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ရပ်ကျော် နှစ်ရပ်နီးပါး အမြင့်ရှိသောကြောင့် ထိုကိုင်းများကြားမှ အဆင်ပြေသလို သွားကြရလေသည်။ ၎င်းနေရာတစိုက်တွင် လတာနွံများလည်း ရှိလေ သည်။

ဒေါက်တာမင်းထင်ကျော်က ညကသဘော်သားတစ်ယောက်ကို ဆွဲခေါ်သွားကြသော နေရာသို့ရောက်သောအခါ သောင်ပြင်ပေါ်သို့ ဂရု တစိုက်လိုက်လံကြည့်ရှုလေသည်။

ဒီရေကျချိန်ဖြစ်သောကြောင့် သောင်ပြင်ပေါ်၌ ထင်ကျန်ရစ်နေ သော ခြေရာများကို တွေ့ရလေသည်။ ခြေရာကွက်များထဲမှာ ရေများပြည့်နေသော်လည်း ခြေရာပုံသဏ္ဍာန်များကို ထင်ထင်ရှားရှား တွေ့ရ လေသည်။

ခြေရာမှာ လူ့ခြေရာနှင့် ဆင်ဆင်တူပြီး ရှေ့ဘက်ပိုင်း ဗျက်ကျယ် ပြီး ခပ်ကွေးကွေးသဏ္ဍာန်ရှိသည်။ အလျားမှာတော့ လူ့ခြေရာထက် အနည်းငယ်ပိုရှည်ပြီးကြီးလေသည်။

ခြေရာကြီးများသည် ရေထဲမှ ကမ်းပေါ်သို့တက်သွားဟန်ရှိပြီး ကမ်းစပ်နားရောက်သောအခါ လူတစ်ယောက်ကအရှုတ်တိုက်ဆွဲခေါ် သွားသော စွတ်ကြောင်းကြီးကိုပါ တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က ဦးဆောင်၍ ထိုစွတ်ကြောင်းကြီးအတိုင်း တက်လိုက်သွားကြရာ ကမ်းစပ်ရှိ သမန်းပျိုက်တော





များအစပ် သို့ရောက်ကြသောအခါ အပေါ်သို့ဆွဲခေါ်သွားသော စွတ်ကြောင်းကြီးကို တွေ့ရပြန်သည်။

အသက်မရှိတော့သော သို့မဟုတ် မေ့မျောနေသော လူတစ်ယောက်ကို အရှုတ်တိုက်ဆွဲခေါ်သွားသောကြောင့် သမန်းတောများမှာ ပိပြားလျက်ရှိနေသည့်အပြင် အချို့နေရာများတွင် သစ်ရွက်သစ်ကိုင်းများပေါ်တွင် သွေးစက် သွေးကွက်ကြီးများကို တွေ့ရသည်။

သွေးကွက်ကြီးများမှာ မခြောက်သေးသောကြောင့် ယင်မမည်း ရှင်းကြီးများက အုံခဲလျက်ရှိရာ လူများအနားရောက်ကာမှ ဝေါခနဲ ဂေါခနဲ ထပျံကြလေသည်။

အချို့နေရာများတွင် ရန်သူနောက်သို့ ပါသွားသော သဘော်သား၏ အဝတ်အစားများမှာ သစ်ကိုင်း၊ သစ်ခက်များနှင့် ချိတ်မိကာ စုတ်ပြဲ ကျန်ခဲ့ကြလေသည်။ အမှန်တော့ မိစ္ဆာကောင်ကြီးသည် လူတစ်ယောက်ကို သတ်ဖြတ်ကာ အရှုတ်တိုက်ကာ ဆွဲခေါ်သွားခြင်းဖြစ်၏။

တောပေါ်သို့ရောက်လာသောအခါ မြေသားကမာလာသောကြောင့် ခြေရာများကို သိပ်မတွေ့ရတော့ပဲ မြေပြင်ပေါ်၌ ကျခဲ့သော သွေးစက်များကိုသာကြည့်၍ တဖြည်းဖြည်းလိုက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကတော့ ပါလာသော သေနတ်များကို အရေးအကြောင်းရှိလျှင် အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ထားကြရုံမက ပတ်ဝန်းကျင်ကို လည်း မျက်စိကိုးပွင့်အားကိုးဖွင့်ထားကြလေသည်။ အတွင်းပိုင်းသို့ ရောက်လာလေလေ တောကပိုမိုနက်ရှိုင်းလာလေလေဖြစ်သော်လည်း ဦးဘထော်ပြောသည့် ကျောက်ရုပ်ကြီးများကိုတော့ တစ်ရုပ်မှတွေ့ရ သေးပေ။

တောနက်ပိုင်းရောက်လာလေလေ ကြီးမားသော ကနစိုပင် လဗပင်၊ ကမ္ဘလာပင်ကြီးများကို အပြိုင်းအရိုင်း တွေ့ရလေသည်။ တစ်နေရာ ရောက်သောအခါ ယင်မမည်းရိုင်းများ ဝေါခနဲ ဂေါခနဲ ထပျံနေသံကို ကြားရသဖြင့် ရှေ့ဆုံးမှသွားနေသော ဒေါက်တာမင်းထင်ကျော်က အားလုံးကို အချက်ပြကာ ရပ်လိုက်လေသည်။

ထို့နောက် အသံမထွက်စေရန် သတိပေးပြီး သေနတ်များကို အဆင်သင့်ပြင်ဆင်ခိုင်းလိုက်သည်။ ထိုအခြေအနေရောက်လာသောအခါမှ မိန်းမသားတစ်ဦးဖြစ်သော ခင်မေကျော်က ဘာမှ သိပ်မထူးခြားသော် လည်း ခင်မေကျော်တို့နှင့်အတူလိုက်လာသော သန်းထိုက်ဆိုသော လူရွယ်လေးမှာ ထိတ်လန့်ကြောက်ရွံ့နေဟန်ဖြင့် ကတုံကယင်ဖြစ်နေလေတော့သည်။

သူသည် ဆောက်တည်ရာမရဖြစ်နေဟန်ဖြင့် သေနတ်တပြင်ပြင်နှင့် ကျီးကန်းတောင်းမှောက် အမူအယာမျိုးဖြစ်နေ





တော့သည်။ သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ဘာမှ မကြောက်ရန် အမူအယာဖြင့် သတိပေးလိုက်ရသည်။ ထို့နောက် ခြေသံလုံလုံနှင့်ရှေ့သို့ ဆက်တိုးလာရာ တစ်နေ ရာသို့ ရောက်သောအခါ တောချုံတစ်ခုကို လှန်လိုက်သည်နှင့် ...

“အမယ်လေး”

“ဒိုင်း ... ဒိုင်း”

တောချုံအလွန်ရှေ့တွင် တွေ့လိုက်ရသော မည်းမည်းသဏ္ဌာန်ကြီးကြောင့် ခင်မေကျော်၏ စူးစူးဝါးဝါးအော်သံပေါ်လာပြီး မရှေးမနှောင်းမှာ သန်းထိုက်၏သေနတ်မှ ကျည်ဆံများ ထွက်သွားလေသည်။

သေနတ်သံနှင့် မရှေးမနှောင်းမှာပင် တောတွင်းတစ်နေရာမှ စူးစူးဝါးဝါးအော်သံများ နေရာအနှံ့မှ ပေါ်ထွက်လာပြီးနောက် တဖြည်းဖြည်း နှင့် ပျောက်ကွယ်သွားလေတော့သည်။ ကြည့်လိုက်တော့ သန်းထိုက်ပစ်လိုက်သော မည်းမည်းသဏ္ဌာန်ကြီးမှာ လူမဟုတ်ပေ။

ကြီးမားသော ကျောက်ရုပ်ကြီးတစ်ရုပ်သာဖြစ်လေတော့သည်။ ဒေါက်တာမင်းထင်ကျော်တို့က တအံ့တသြနှင့် ရှေ့သို့တိုးကပ်သွားပြီး အသေအချာ ကြည့်ကြလေသည်။ ကျောက်ရုပ်ကြီးမှာ ကိုးပေကျော် ဆယ်ပေခန့်အမြင့်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အလုံးအထည်ကလည်း ကြီးမားလှသည်။

ထိုလုပ်ထားပုံမှာ ခါးတစ်ပိုင်းမှအပေါ်ပိုင်းဖြစ်သည်။ လက်ကြီးများက ရင်ဘတ်ပေါ်တင်ထားပြီး ဦးခေါင်းပိုင်းက ကြောက်မက်ဖွယ်ရာ ကောင်းလှလေသည်။ နဖူးမောက်မောက် မျက်လုံးပြူးပြူးနှင့် နှာခေါင်းကြီးကြီးနှင့် သာမက ပါးစပ်ကြီးကိုအပေါ်သို့ ဟထားပုံမှာ ဘီလူးမျက်နှာနှင့်များစွာ တူလှလေသည်။

လူတစ်ယောက်က သူ့ရှေ့မှာရပ်လျှင် ရင်ဝလောက်သာ ရောက်နိုင်လေသည်။

"ဒီကျွန်းပေါ်မှာ ဒီလိုကျောက်ရုပ်ကြီးတွေက တကယ်ရှိနေတာပါလား"

"ဒီလိုဆိုရင် ဆရာကြီးသူရဇ္ဇပြောလိုက်တဲ့ ကျောက်ဘီလူးကျွန်းဆိုတာ ဒီကျွန်းဖြစ်ဖို့ သေချာပြီပေါ့"

"ကျုပ်အတွက်ကတော့ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းမှတ်တမ်းတွေရဦးတော့မှာပဲ"

"ဆရာ့အတွက် စာရေးဖို့အချက်အလက်တွေရသလို အသက်ကို အန္တရာယ်ပေးနိုင်တဲ့ လျှို့ဝှက်ရန်သူတွေကလည်း အများကြီးရှိနေမှာ မလွဲဘူး"

ဦးဗန်ကောင်းစကားကြောင့် ကျွန်ုပ်က ပုခုံးနှစ်ဖက်ကို





တွန့်ပြလိုက်လေသည်။

ကျွန်ုပ်တို့သည် ကျောက်ဘီလူးအရုပ်ကြီးတဝိုက်သို့ လိုက်လံကြည့်ရှုကြလေရာ ရုပ်တုကြီး၏ ကျောဘက်တစ်နေရာသို့ ရောက်သောအခါ ပိုမိုထိတ်လန့်ဖွယ်ကောင်းသော မြင်ကွင်းကဆီးကြိုနေလေသည်။

အခြားမဟုတ်ပေ ညကပါသွားသော သင်္ဘောသား၏ အလောင်းကို ပြန်တွေ့ကြရလေသည်။ သို့သော် အကောင်းပကတိတော့ မဟုတ်ပေ။ သတ္တဝါတစ်ကောင် ဒါမှမဟုတ် သတ္တဝါများ အုပ်စုလိုက်ဝိုင်းဖွဲ့အုံကာ ကိုက်ဖြတ်စားသောက်ခြင်း ခံထားရဟန်ဖြင့် မျက်နှာမှလွဲ၍ တစ်ကိုယ်လုံး အသားများ မရှိတော့ပဲ အရိုးစုမျှသာ ကျန်တော့လေသည်။

"အမယ်လေး"

ခင်မေကျော်က ကြောက်ရွံ့ထိတ်လန့်စွာ အော်ဟစ်ရှေ့တွင်ကာ ဒေါက်တာမင်းထင်ကျော်နောက်ဘက်မှာ မျက်နှာဝှက်ထားလေသည်။

"ဘယ်လိုသတ္တဝါတွေနဲ့များတွေ့ပြီးလောက်အချိန်လောက်အတွင်းမှာ လူတစ်ကိုယ်လုံးအရိုးစုချည်းကျန်ခဲ့တော့တာလဲ"

"တောခွေးအုပ်တွေနဲ့များတွေ့သွားရော့သလား"

"တောခွေးကတော့ စက်လှေပေါ်ကလူကို လာဆွဲမယူနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒီ ဘီလူးဆိုတဲ့ သတ္တဝါတွေရဲ့ လက်ချက်များဖြစ်လေမလား"

ဟု အမျိုးမျိုး ထင်မြင်ချက်ပေးနေကြစဉ် ဦးဘထော်က…

"ဒီ ကျောက်ဘီလူးတွေရဲ့ လက်ချက်ပါပဲ အရင်လာတဲ့လူတွေလည်း ဒီလိုပဲ ရုပ်ဖျက်ဆင်းပျက် အသက်ခံရပြီးသေကုန်ကြတာပါပဲ"

ဟု ဝင်ပြောလေသည်။

"ဒါဖြင့် ကျွန်မအဖေနဲ့ တွေ့ခဲ့တာ ဦးကြီးလားဟင်"

ခင်မေကျော်က ဝင်မေးလိုက်သည်။

"ဟုတ်ပါတယ်"

ဦးဘထော်က စိတ်မပါ့တပါအမူအယာဖြင့် ပြန်ပြောလိုက်သည်။

"ဒါထက် ဖေဖေ ဘယ်မှာလဲဟင် သူအသက်ရှင်ရက်နဲ့မှ ရှိသေးရဲ့လားဟင်"

"ကျုပ်နဲ့တွေ့တုန်းကတော့ သူအသက်ရှင်ရက် ရှိပါသေးတယ် ကံကောင်းရင်တော့ ဒီကျွန်းပေါ်မှာ ပြန်တွေ့မှာပါ"

ဒေါက်တာမင်းထင်ကျော်မှာ ခင်မေကျော်အတွက် စိတ်မကောင်း ဖြစ်သွားမိလေသည်။ ဦးဘထော်နှင့်တွေ့စက သူပြောပုံအရဆိုလျှင် ဦးကျော်ဖမှာ အသက်ရှင်ရက်နှင့် မရှိတော့ပေ။ သို့သော်လည်း ဦးဘထော်၏ စကားများမှာ ရှေ့စကား





နောက်စကားမညီသောကြောင့် ဘယ်လိုစဉ်းစားရမှန်းပင် မသိတော့ပေ။

ဒေါက်တာမင်းထင်ကျော်က သေဆုံးနေသူ၏ အလောင်းကို အသေအချာစစ်ဆေးကြည့်သောအခါ ချွန်ထက်နေသော သွားများဖြင့် ကိုက်ဖြတ်စားသောက်ထားသည့် လက္ခဏာများကို တွေ့ရလေသည်။ ထိုအနီးတဝိုက် မြေပြင်တဝိုက်သို့ကြည့်သောအခါ သွေးကွက်များပေါ်မှာ နင်းထားသော ခြေရာများကို တွေ့ရလေသည်။ ခြေရာများမှာ ရှုပ်ထွေးနေသောကြောင့် မိစ္ဆာကောင်များမှာ တစ်ကောင်မကပဲ အုပ်စုလိုက် ဝိုင်းရံစားသောက်သွားကြသည့် လက္ခဏာများကို တွေ့ရလေ သည်။

တစ်နေရာတွင် သွေးကွက်ပေါ်၌ နင်းထားသော ခြေရာတစ်ကွက်မှာ အတော်ကြီးပြီး လူ့ခြေရာထက် တဝက်ခန့်သာလေသည်။ ထို့နောက် စောထီးနှင့် ငမဲအောင်တို့ကို အလောင်းအားမြေမြှုပ်ပစ်ရန် ခိုင်းသဖြင့် နှစ်ယောက်သား အသားမာသော မဒမသားများကို အဖျားချွန်၍ တူရွင်းသဖွယ် အသုံးပြုကာ မြေတွင်းတူးကြလေသည်။

ထိုအချိန်မှာပင် ဒေါက်တာမင်းထင်ကျော်က ကျောက်ရုပ်ကြီး ပတ်ပတ်လည်ကို အသေအချာလိုက်လံကြည့်ရှုလေတော့သည်။

ကျောက်ရုပ်ကြီးများ ထုလုပ်ရန်အတွက် အသုံးပြုထား



www.burmeseclassic.com

www.burmeseclassic.com



သော ကျောက်တုံးများမှာ ကမ်းပေါ်ရှိ ကျောက်တောင်ကျောက်တန်းများမှ ရရှိနိုင်သော ကျောက်တုံးအမျိုးအစားမဟုတ်ပဲ ရေစူးနက်သည့် ပင်လယ်ရေအောက်၌သာ ရရှိနိုင်သော သန္တာကျောက်တန်းများ ရေအောက်မီး တောင်ပေါက်များ၌သာ ရနိုင်သော ကျောက်တုံးအမျိုးအစားပင်ဖြစ်သည်။

"ဒီလောက်ကြီးတဲ့ ကျောက်တုံးကြီးတွေကို ဘယ်နေရာက များ သယ်လာကြသလဲ မသိဘူး"

"ဒီအရုပ်ကြီးတွေထုထားတဲ့ ကျောက်အမျိုးအစားက မြေပေါ်မှာရှိတဲ့ ကျောက်အမျိုးအစားမဟုတ်ဘူးဆရာ"

"ဒါဖြင့် ဘယ်က သယ်ယူလာတာလဲ"

"ဟို ပင်လယ်ရေအောက်ကနေ သယ်ယူလာကြတာ"

"ဒီလောက်ကြီးတဲ့ ကျောက်တုံးကြီးတွေကို ဘယ်လိုများ သယ်ယူ လာကြတာလဲဟင်"

"ဘယ်လောက်အလေးချိန်များတဲ့ ကျောက်တုံးပဲဖြစ်ဖြစ် ပင်လယ် ဆားငန်ရေမှာ အလေးချိန်သိပ်မရှိတော့ဘူး တော်ရုံလေးတဲ့ ပစ္စည်းဆိုရင် ဆားငန်ရေထဲမှာ အပေါ်ကိုဗော လောပေါ်တက်နေတာပဲ ဒီလောက်ကြီးတဲ့ ကျောက်တုံးကြီးတွေကို ရေအောက်ကနေ ရေကူးရေငုတ်ကျွမ်းကျင်တဲ့ တစ်ယောက်နှစ်ယောက်လောက် သယ်ယူလာတာနဲ့ ကမ်းခြေ ကိုရောက်လာနိုင်





ပါတယ်။ အဲ ကမ်းစပ်ကနေတောထဲရောက်ဖို့ကတော့ လူအင်အား များများသုံးကြရလိမ့်မယ်"

ဟု ပြောပြလေသည်။

"ဒါဖြင့် ဘယ်သူတွေက သယ်ယူလာတာလဲ"

"ကျွန်တော့်အထင်ပြောရရင်တော့ ရေငုတ်ကျွမ်းကျင်တဲ့လူ ဒါမှ မဟုတ် ရေထဲမှာ အကြာကြီးနေနိုင်တဲ့လူတွေ ဖြစ်မှာပဲ"

"ရေထဲမှာ အကြာကြီးနေနိုင်တာကတော့ ရေဘီလူးလို့ခေါ်တဲ့ စမင် တွေရှိတယ် ရေငုတ်ကျွမ်းကျင်တာကတော့ ဆလုံတွေပဲ"

"ဆရာပြောတဲ့ အကြောင်းအရာနှစ်ခုစလုံးဖြစ်နိုင်ပါတယ်။ အခု လောလောဆယ်တော့ ကျွန်တော်သိချင်တာလေး လိုက်ရှာလိုက်ဦး မယ်"

ဟုပြောကာ ဒေါက်တာမင်းထင်ကျော်က ကျောက်ရုပ်ကြီး ဘေး ပတ်ပတ်လည်ကို လိုက်၍ကြည့်ရှုသောအခါ ရေညှိများ တက်နေသောကြောင့် အရောင်အဆင်းမပေါ်တော့သည်မှလွဲ၍ အခြားထူးထူးခြားခြား ဘာမှမတွေ့ရပေ။

သို့ကြောင့် နံဘေးနားမှာရှိသော အရှယ်တော်သစ်လုံးတစ်ခု ကို လှဲဖြတ်ကာ လေကားအထစ်များသဖွယ် ပြုလုပ်ကာ အရုပ်ကြီးကိုယ်ပေါ်သို့ ကပ်ထောင်ကာ အပေါ်ပိုင်းသို့ တက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကြီး၏ ပုခုံးပေါ် ရောက်သောအဂ္ဂုအနတက်ပြီး နောက် ဦးခေါင်းပိုင်းကို လိုက်လံကြည့်ရှုလေသည်။ အရုပ်ကြီး၏ မျက်လုံး နှာခေါင်း ပါးစပ်များသာမက ပါးစပ်အတွင်းမှ အစွယ်နှင့် သွားများကိုပါ အနီးကပ်မြင်ရသောအခါ စက်ဆုတ်ရွံရှာဖွယ်ဖြစ် သလို ကြောက်မက်ဖွယ်လည်း ကောင်းလှလေသည်။

အတန်ကြာသည်အထိ လိုက်လံကြည့်ရှုသောအခါ သွားအ နေနှင့် ကျနပ်လောက်သော အဖြေတစ်ခုကို ရှာဖွေတွေ့ရှိ သွား လေတော့သည်။

ဆူ ဆူ ဆူ





အခန်း (၁၀)

## ပင်လယ်ပြင်မှလာသော ထူးဆန်းသည့်လှေ

လဆုတ်ရက်ဖြစ်သောကြောင့် အတော်ညဉ့်နက်လာမှ လ ရောင်က ထွက်လာလေသည်။ လရောင်က ထက်ဝက်သာရှိသော ကြောင့် အလင်းရောင်က အားဖျော့နေလေ၏။

သို့သော်လည်း ပတ်ဝန်းကျင်ကိုတော့ ခပ်ဝါးဝါးလှမ်းမြင်နိုင် လေသည်။ ကမ်းခြေတလျှောက် ပြေးတက်လာနေသော လှိုင်း ခတ်သံနှင့် ပင်လယ်ပြင်မှ ဖြတ်သန်းတိုက်ခတ်လာသောလေ ကြောင့် ကမ်းခြေတဝိုက်ရှိ ဖျူးခြေထောက်တောများ ယိမ်းနွဲ့ လှုပ်ရှားလျက် ရှက်ချင်းခတ်သံများ ပေါ်ထွက်လျက်ရှိသည်။

ရေဘုတ်ငှက်အော်သံ လေတိုးသံနှင့် လှိုင်းခတ်သံတို့မှာ စည်းချက်ဝါးချက်မညီသော ဂီတသံစဉ်များသဖွယ် မှန်မှန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လျက် ရှိနေသည်။

ထိုညအဖို့ကော့ ကျွန်ုပ် ဒေါက်တာမင်းထင်ကျော်နှင့် စောထီးတို့ သုံးယောက်က ကင်းစောင့်ရန် တာဝနန်ယူပေးပြီး နောက် ကျန်အဖွဲ့ သားများကို သင်္ဘောအတွင်းပိုင်းသို့ဆင်းကာ အိပ်စေသည်။

သို့သော်လည်း မနေ့က ကြုံတွေ့လိုက်ရသော အဖြစ်ဆိုး ကြောင့် ဘယ်သူမှ စိတ်ချလက်ချမအိပ်ပုံကြပေ။

ကျွန်ုပ်တို့သုံးယောက်တွင် ပြောင်းတို့ ပြောင်းရှည်သေနတ် နှစ်လက်အပြင် ပစ်အားကောင်းလှသော ၃၇၅ မက်နမ်မော်ဇာလေ သေနတ်တစ်ပါရှိသောကြောင့် လက်နက်အနေနှင့် အားကိုးရ လောက်သော အခြေအနေဖြစ်သည်။ ထို့ပြင် အဝေးကြည့်မှန် ပြောင်းနှင့် ယက်နိုပ်မီး ဆလိုက်မီးတို့ကိုပါ အဆင်သင့်ဆောင် ထားခဲ့လေ၏။

ကျွန်ုပ်တို့သည် မနေ့ညက လူသတ်ကောင်ကြီးတက်ခဲ့သွား သော ပုံပိုင်း၌မနေကြပဲ အန္တရာယ်လာလျှင် အပေါ်စီးမှ မြင်နိုင် သော စက်လှေပဲ့စင်ပေါ်၌ နေရာယူကာ စောင့်နေကြလေသည်။

စက်လှေသမားတစ်ယောက်စီစဉ်ပေးသော ရေနွေးကြမ်း (လက်ဖက်ရည်ကြမ်း) ခါးခါးကို သောက်ရင်း ပတ်ဝန်းကျင်ကိုလည်း မျက်ခြည်မပြတ် သတိထားကြည့်ကာ နေ့လည်က အကြောင်း





များကို ပြန်လည် ပြောဆိုနေကြလေသည်။

“ဒါထက် မောင်ထင်ကျော် နေ့လည်က ကျောက်ဘီလူး ရုပ်ကြီးပေါ် ကို တက်ကြည့်တော့ ဘယ်လိုထူးခြားမှုတွေ့ခဲ့တယ်- ဆိုတာကိုလည်း ပြောပြပါဦး”

ကျွန်ုပ်က လေသံတိုးတိုးဖြင့် မေးလိုက်သောအခါ ဒေါက်တာ မင်းထင်ကျော်က ပတ်ဝန်းကျင်ကို စိတ်မချသလို တစ်ချက်ကြည့် လိုက်ပြီး စိတ်ချရတော့မှ လေသံတိုးတိုးဖြင့် ပြန်ပြောလေသည်။

“ကျွန်တော်တို့ ဆရာကြီးသူ့ရှေ့ဆီသွားပြီး ကြေးပြားပေါ် က လှို့ဝှက်ချက်ကို ဖော်ခိုင်းတဲ့အထဲမှာ တစ်ရာမှာတစ်ယောက်ဆို တဲ့ စာပိုဒ်ပါလာတာ ဆရာသတိထားမိလား”

“အင်း မှတ်မိတယ်လေ ကဗျာလိုလို ဘာလိုလို စာပိုဒ်ရဲ့ ထိပ်ပိုင်းမှာပါတာပဲ”

“ဒီကျွန်းနဲ့ ပတ်သက်တဲ့ ဂဏန်းအရေအတွက်နဲ့ ပတ်သက် တာ တွေဆိုရင် တခြားမရှိနိုင်ဘူး၊ ဒီအရုပ်ကြီးတွေပဲရှိတယ် မဟုတ်လား”

“ကျွန်းတစ်ကျွန်းလုံးကို နံ့စပ်အောင်[illegible]တော့ တ ခြားဘာတွေရှိတယ်ဆိုတာ မသိရသေးဘူး လောလောဆယ် တော့ ဒီအရုပ်ကြီးတွေပဲ တွေ့ရသေးတယ် မောင်သင်ကျော် ကြည့်လိုက်တော့ ဘယ်လို ထူးခြားချက်တွေတွေ့ရသလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အရပ်ကြီးရဲ့ နဖူးနေရာမှာ ရှေးခေတ်ကသုံးတဲ့ ဒူးဂဏန်း ကြေးဂဏန်းလို အက္ခရာမျိုးနဲ့ နံပါတ် (၃)ဆိုတဲ့ ဂဏန်းတစ်လုံး တွေ့ခဲ့ရတယ်"

"ဟင် ဒီလိုဆိုရင် ကြေးပြားပေါ်က သိုက်စာအညွှန်းဟာ မှန်နေပြီပေါ့"

"ဒီအတိုင်းမှန်ရင်တော့ ဒီကျွန်းပေါ်မှာ ကျောက်ဘီလူးရုပ်ကြီး တွေ တစ်ရာထက်မနည်းရှိမှာ သေချာတယ်။ တဖြည်းဖြည်းချင်း လိုက်ရှာယူရမှာပဲ ဒါထက်နေ့လည်က တောပေါ်မှာဆရာပြောတဲ့ ဆလုံတွေနဲ့ စမင်တွေအကြောင်းကို ထပ်ပြောပြပါဦး"

ထိုသို့ မေးသဖြင့် ကျွန်ုပ်က လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငုံ့ သောက်လိုက်ပြီးမှ...

"ဆလုံတွေဟာ ရေထဲမှာပဲပျော်ပြီး ပင်လယ်ရေပြင်မှာပဲ နေထိုင် အသက်မွေးဝမ်းကျောင်းပြုတယ်၊ မှတ်တမ်းတွေအရ တော့ ခရစ်နှစ် (၁၃၇၇) နှစ်လောက်က မလေးကျွန်းဆွယ် စူးမ တြားနဲ့ ဂျာဗားတို့ မသင့်မတင့်ဖြစ်နေချိန်လောက်က ပသျှူး ကုန်သည်တွေက ယိုးဒယားနဲ့ အဆက် အစပ်ရဖို့ မြန်မာနိုင်ငံထဲကို ဝင်ကြကတည်းက ဆလုံတွေဟာ မြိတ်၊ ထားဝယ်ဘက်တွေကို ဝင်ရောက်နေထိုင်ခဲ့ကြတယ်လို့ အဆိုရှိတယ်"

ဟု ပြောပြလိုက်သည်။





"ဒါထက် ဆရာပြောတဲ့ ရေဘီလူးလို့ခေါ်တဲ့ စမင်တွေ အကြောင်းလည်း ပြောပြပါဦးဆရာ"

"သံလွင်မြစ်ဝမှာရှိတဲ့ ဘီလူးကျွန်းဆိုတဲ့ အမည်ဟာ အကြောင်းမဲ့ မဟုတ်ဘူး ရှေးအခါက အဲဒီကျွန်းမှာ နီတရိုက် (နီဂရစ်တို)လို့ အသား မည်း ကပ္ပလီတွေ နေခဲ့ကြဖူးတယ်။ သူတို့ ကို စမင်လို့ ခေါ်ကြတယ်။ စမင် (Semin) တွေဟာ မလေး ရှား အင်ဒိုနီးရှားကျွန်းတွေဘက်က လာတာလို့ သိရတယ်"

"ဘာကြောင့် စမင်တွေကို ရေဘီလူးလို့ ခေါ်တာလဲ"

"အသားမည်းမည်း လူကောင်ထွားထွား စရိုက်ကြမ်းကြမ်းနဲ့ လူသားပါစားလို့ ဘီလူးလို့ခေါ်ကြတာပဲ စမင်တွေရဲ့ နောက် ဆုံးနေထိုင်ခဲ့တဲ့ နေရာဟာ ဘီလူးကျွန်းပဲ၊ ဘီစီ ၂၅၀ အထက်က ဘီလူးကျွန်း တဝိုက်မှာနေတဲ့ စမင်တွေကို လူသားစားတဲ့ ရေဘီ လူးတွေလို့ ရေးသား ဖော်ပြထားတယ်။ နောက်တော့ ခွန်တိုင်း ရင်းသားတွေ တိုက်ထုတ်ပစ် တာနဲ့ တောင်ဘက်ကျွန်းစုတွေဘက် ရွှေ့ပြောင်းသွားကြတယ်လို့ အဆိုရှိတယ်။ စမင်တွေဟာ ရေထဲမှာရော ကုန်းပေါ်မှာပါ နေလျှော့ရှိတယ်"

"ဆရာပြောသလိုဆိုရင် ဒီကျွန်းပေါ်ရောက်နေတဲ့ အန္တရာယ် ကောင်တွေဟာ အဲဒီစမင်တွေများ ဖြစ်လေမလား"

"ဖြစ်ချင်လည်း ဖြစ်မှာပဲ ဘာကြောင့်လဲဆိုတော့ လူစစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုဖမ်းသွားပြီး ချက်ချင်းစားပစ်လိုက်တယ်ဆိုတော့ ဖြစ်ဖို့များတယ်"

"ဒါဖြင့် ဒီကျောက်ရုပ်ကြီးတွေကရော သူတို့ထုထားတာ မဖြစ်နိုင် ဘူးလား"

"အဲဒါကတော့ အသေအချာမပြောနိုင်ဘူး မှတ်တမ်းတွေထဲမှာတော့ စမင်တွေဟာ ရိုင်းစိုင်းပေမယ့် မိတ်ဆွေဖွဲ့လို့ရတယ် ဆိုတာတော့ တွေ့ရတယ်"

"ဘယ်လိုရတယ်ဆိုတာ ဥပမာတစ်ခုလောက် ပြောပြပါလား"

"မွန်ပေစာတစ်ခုမှာပါတဲ့ အဖေတ္တကုမ္ပဝတ္ထုမှာ ဗာရာဏသီမင်းက ပုရပိုဒ်တွေမှာတွေ့တဲ့ ခေါင်းဆေးကျွန်းအောက်နားက ဝင်လယ်ရေအောက်တစ်နေရာမှာ နတ်မိမယ်ကိုယူဖို့ ရှက်သဘော်တွေကို (၇) ကြိမ်တိုင်တိုင် လွှတ်ခဲ့တာ (၇) ကြိမ်စလုံး ဘီလူးစားခံကြရတယ်"

"ပြောပါဦး"

" (၈) ကြိမ်မြောက်မှာ အဖေတ္တကုမ္မာကိုလွှတ်တော့ မုန့်ပဲသွားရေစာ အဖျော်ယမကာတွေတင်သွားပြီး ဘီလူးကျွန်းရောက်တော့ စမင်တွေနဲ့ မိတ်ဆွေဖွဲ့နိုင်ခဲ့လို့ အောင်မြင်သွားခဲ့တယ် အဲဒီမှတ်တမ်းအရ စမင်တွေဟာ သူတို့ကြိုက်တာနဲ့





မိတ်ဆွေဖွဲ့ရင် ရနိုင်တယ်ဆိုတဲ့ သာဓကပဲ"

ကျွန်ုပ်တို့ စကားပြောနေစဉ်မှာ ဒီရေတက်လာပြီဖြစ်သောကြောင့် ရေတက်လေက တဖြူးဖြူးတိုက်ခတ်လာလေသည်။ လရောင်ကလည်း တဖြည်းဖြည်း မြင့်တက်လာသောကြောင့် ပင်လယ်ရေမျက်နှာပြင်မှာ လှိုင်းကြက်ခွတ်လေးများက ငွေရောင်တလက်လက်တောက်ပနေလေသည်။

ထိုအခိုက်မှာပင် ပင်လယ်ပြင်တစ်နေရာမှာ ထူးခြားမှုတစ်ခုကို သတိပြုမိလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်က ကျွန်ုပ်တို့ကို အသံ မထွက်စေရန် အချက်ပြလိုက်သည်။ ပြီးလျှင် နံဘေးနားချထားသော လက်နှိပ်ဓာတ်မီးနှင့် သေနတ်ကိုကောက်ယူလိုက်သည်။

သို့ကြောင့် စောထီးနှင့် ကျွန်ုပ်တို့ကလည်း သေနတ်များကိုအဆင်သင့်ပြင်လိုက်ကြသည်။ ဒေါက်တာမင်းထင်ကျော်က လရောင်ခပ်ပါးပါးကနေသော ပင်လယ်ပြင်တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်သဖြင့် လှမ်းကြည့်လိုက်ရာ ရေပြင်ပေါ်သို့ ပေါ်လာလိုက် ပြန်မြုပ်သွားလိုက်နှင့် မည်းမည်းသဏ္ဍာန်တစ်ခုမှာ စက်လှေရှိရာသို့ ဦးတည်၍လာနေသည်ကို လှမ်းမြင်ရလေသည်။

ပထမတော့ ရေသတ္တဝါတစ်ကောင်ကောင်ဖြစ်လေမလားဟု ထင်လိုက်မိသေးသည်။ လရောင်အောက်မှာ စက်လှေနှင့်မလှမ်းမကမ်း ရောက်လာသောအခါမှ ရေသတ္တဝါတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်မတူပဲ ဆံပင်စုတ်ဖွား နှင့် လူတစ်ယောက်ကူးခတ်လာသည်နှင့် တူနေတော့သည်။

ကျွန်ုပ်တို့လည်း သေနတ်များကို ကြည့်ထိုးမောင်းတင်ကာ စက်လှေနောက်ပိုင်းဘက်သို့ အာရုံစိုက်ကာ စောင့်ကြည့်နေကြလေသည်။ ထိုစဉ်မှာပင် စက်လှေတစ်ခုလုံး သိမ့်ခနဲ ဖြစ်သွားသည်ကို သိလိုက်ပြီး ခဏကြာသောအခါ စက်လှေနောက်ပိုင်းဘက်မှ တွယ်တက်လာသော မည်းမည်းသတ္တဝါတစ်ခုကိုလှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်က စောဟီးကို လက်နှိပ်ဓာတ်မီး ပေးပြီး ထိုသတ္တဝါကို မီးထိုးပြရန် လက်ဟန်ခြေဟန်ဖြင့် အချက်ပြလိုက်လေသည်။ စက်လှေနောက်ပိုင်းမှ တွယ်တက်လာသော သတ္တဝါမှာ ဆံပင် စုတ်ဖွားနှင့် အဝတ်ဗလာ ကိုယ်ခန္ဓာနှင့် ထွားကျိုင်းလှသော လူတစ်ယောက်ပင်ဖြစ်၏။

သို့သော်လည်း လက်ကားယား ခြေကားယားနှင့် ၎င်း၏ သဏ္ဌာန် မှာ တောရိုင်းတိရိစ္ဆာန်တစ်ကောင်နှင့် တူနေတော့သည်။ ဒေါက်တာ မင်းထင်ကျော်က သေနတ်ကို အဆင်သင့်ပြင်ဆင်ပြီး စောထီးကို အချက် ပြလိုက်သောအခါ စောထီးက လက်နှိပ်မီးဖြင့် လှမ်းထိုးလိုက်သည်။

အမှောင်ထဲမှာ ဆလိုက်မီးကဲ့သို့ ဖြာဆင်းသွားသော လက်နှိပ်မီးရောင်က ထိုလူကိုယ်ပေါ်သို့ ကျသွားသည်။ ကိုယ်ပေါ်သို့ မီးရောင်ကျလာသည်နှင့် ထိုလူက မီးရောင်လာရာ





ဘက်သို့ မျက်နှာလှည့်ကာ ပါးစပ်ကြီးကို ဖြဲပြလေရာ ပါးစပ်ထဲမှာ အစွယ်လိုလို သွားလိုလို အရာများကို လှမ်းမြင်ရရုံမက ထိုလူ၏မျက်လုံးမှာ သာမန်လူများကဲ့သို့ ဖြူဖွေးမနေပဲ သဟာပြဒါးကဲ့သို့ ရဲရဲနီနေတော့သည်။

အသားအရောင်မှာ နက်မှောင်လျက်ရှိပြီး ကိုယ်ခန္ဓာမှာလည်း သာ မန်လူတို့ထက်ပိုမိုထွားကျိုင်းလေသည်။ ဆံပင်စုတ်ဖွားများက မျက်နှာတစ်ဝက်လောက်အထိ ကျိုးတို့ကျဲတဲဝဲကျနေသည်။

ခြုံ၍ပြောရလျှင် မီးရောင်အောက်၌ လှမ်းမြင်နေရသော လူမှာ လူတစ်ယောက်ဟုသာဆိုရသော်လည်း လူတစ်ယောက်နှင့် မတူတော့ပဲ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးတစ်ကောင်ပုံသဏ္ဌာန်မျိုးသာ ဖြစ်နေလေတော့သည်။

ကျွန်ုပ်က ဒေါက်တာမင်းထင်ကျော်သေနတ်နှင့်ပစ်လိမ့်မည်ဟု အထင်နှင့်စောင့်နေသော်လည်း ဒေါက်တာမင်းထင်ကျော်က မပစ်သဖြင့် လက်တို့ကာ သတိပေးလိုက်ရသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုးဖြင့်...

"အခြေအနေ စောင့်ကြည့်ပါဦး"

ဟု ပြောသဖြင့် ကျွန်ုပ်မှာ အသာငြိမ်နေလိုက်ရလေသည်။ ခဏကြာတော့ ဘီလူးလိုလိုလူမှာ ရေထဲသို့ ဝုန်းခနဲ ပြန်ခုန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားရာ စက်လှေပေါ် လူးသွားလေသည်။

"မောင်ထင်ကျော် ဘာကြောင့်မပစ်လိုက်တာလဲ"

"စောစောက ကျွန်တော်တို့တွေ့လိုက်တာ လူတစ်ယောက်ပဲ မဟုတ်လားဆရာရဲ့"

"လူတော့ လူပါပဲ ဒါပေမဲ့ ကျုပ်တို့ကို အန္တရာယ်ပြုဖို့လာတာ မဟုတ်ပေဘူးလား"

"ဒါလည်း အတိအကျ မပြောနိုင်ဘူး မနေ့ညက သင်္ဘောသား တစ်ယောက်ကို သတ်တဲ့တရားခံက သူဟုတ်ချင်မှဟုတ်မယ်ထင်လို့ပါ ဒါထက် စောစောက တွေ့လိုက်တဲ့လူဟာ လူနဲ့မတူပဲ ဘီလူးတစ် ကောင်ပုံစံမျိုးဖြစ်နေလေတော့ ဆရာပြောတဲ့ စမင်ဆိုတဲ့ ရေဘီလူးတွေများ ဖြစ်လေမလား"

"ဖြစ်မယ်ဆိုလည်း ဖြစ်နိုင်တာပဲ မုတ္တမပင်လယ်ကွေ့ ဘီလူးကျွန်းဘက်က စမင်တွေကို မွန်တိုင်းရင်းသားတွေက တိုက်ထုတ်ပစ်လိုက်တော့ တောင်ဘက်ပင်လယ်တွေထဲမှာရှိတဲ့ ကျွန်းတွေဘက်ကို ထွက်ပြေးသွားကြတယ်လို့ အဆိုရှိတယ် စောစောက တွေ့လိုက်တဲ့ ပုံစံကတော့ စမင်တွေဖြစ်ဖို့များတယ်"

ဟု ပြောဆိုကာ ဆက်၍စောင့်ကြသော်လည်း နောက်ထပ်ထူး ခြားမှု မတွေ့ရတော့ပေ။

ေျ ေျ ေျ





## အခန်း (၁၁)

### ပျောက်ဆုံးနေသည့် ဂမ္ဘီရနယ်မြေ

နောက်တစ်နေ့နံနက်ပိုင်းတွင် စက်လှေအစောင့်အဖြစ် သင်္ဘောသား အချို့သာကျန်ခဲ့ပြီး ကျွန်းပေါ်သို့တက်လိုက်ကြလေသည်။ ကျောက်ဘီလူးကျွန်းမှာ စတုရန်းမိုင်အတော်ကျယ်ဝန်းဟန်ရှိပြီး သဘာဝ သစ်တောကြီးများရှိသလို ကျောက်သားတောင်ကုန်းတောင်တန်းများလည်း ရှိလေသည်။

ကျွန်းတစ်ကျွန်းလုံးတွင် ကျောက်ဘီလူးရုပ်ကြီးများကနေရာအနှံ့ အပြား၌ ရှိနေကြသည်။ အချို့ ကျောက်ရုပ်များမှာ သုံးပေ၊ လေးပေခန့် သာရှိပြီး အချို့ကျောက်ရုပ်များကတော့ ပေ (၂၀) မှ (၃၀) ခန့်အထိ အမြင့်ရှိကြလေသည်။

အများအားဖြင့်တော့ ဆယ်ပေဆယ့်ငါးပေအမြင့်ရှိသော ကျောက ရုပ်များက ပိုများလေသည်။ ကျောက်ဘီလူးရုပ်များ၏



www.burmeseclassic.com

www.burmeseclassic.com



ထုလုပ်ပုံမှာ တစ်ပုံစံတည်းဖြစ်ပြီး လက်များကိုပိုက်ကာ ပင်လယ်ပြင်ဘက်သို့ မျက်နှာမူ၍ မျှော်ကြည့်နေကြသည့်ဟန်မျိုး ဖြစ်သည်။

"ဒီအရုပ်ကြီးတွေရဲ့ ဟန်က ပင်လယ်ပြင်က ရန်သူတွေလိုက်လာမှာကို စောင့်ကြည့်နေတဲ့ ပုံစံမျိုးပဲ ဒီအတိုင်းဆိုရင်တော့ မွန်တိုင်းရင်းသားတွေကို ကြောက်ပြီးထွက်ပြေးလာကြတဲ့ စမင်တွေ ထုလုပ်တယ်ဆိုတာ ဖြစ်နိုင်ချေ အတော်များတယ်"

"ဒီလောက်စရိုက်ကြမ်းတဲ့ လူတွေက ဒီလိုအရုပ်မျိုးတွေ ထုလုပ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"သူတို့ဟာ ဘီလူးကျွန်းတဝိုက်မှာ နေထိုင်ကြစဉ်ကတည်းက လူတွေနဲ့ အဆက်အသွယ်လုပ်လို့ရတယ်ဆိုတာ အဖွေ့ကျွန်းမှာ ဝတ္ထုမှာ သာဓကရှိတာပဲ နောက်ပြီး ကျောက်ဘီလူးရုပ်ကြီးတွေကို ထုလုပ်ထားတဲ့ ကျောက်တုံးကြီးတွေကလည်း ပင်လယ်ရေအောက်မှာသာရှိတဲ့ ကျောက်အမျိုးအစားဆိုတော့ သူတို့ဖြစ်ဖို့ အတော်ကလေးနီးစပ်တယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့အတွက် ကံကောင်းတာပေါ့"

"ဘာကြောင့်လဲ မောင်ထင်ကျော်ရဲ့"

"အခုဆိုရင် မျိုးတုံးပျောက်ကွယ်နေတဲ့ စမင်တွေကို တွေ့ခွင့်ရ တာပေါ့"





"အဲဒါက အရေးမကြီးဘူး သူတို့က အရိုင်းစိတ်တွေဝင်နေပြီး လူသားတောင်စားနေကြတာဆိုတော့ လူတစ်ပိုင်းဘီလူးတစ်ပိုင်းလောက် ဖြစ်နေပြီ သူတို့နဲ့ တွေ့ရတာ အန္တရာယ်တော့ အတော်များတယ်"

"ဒါထက် ကျောက်ရုပ်ကြီးတွေမှာ လေ့လာကြည့်တော့ မောင်ထင် ကျော်ရှာနေတဲ့ ဂဏန်းအက္ခရာတွေရော တွေ့ရဲ့လား"

"တွေ့တော့တွေ့တယ် ကျောက်ရုပ်တိုင်းမှာတော့ အက္ခရာတွေရှိ တယ်။ ဒါပေမဲ့ အစဉ်အတိုင်းရေးမှတ်ထားတာ မဟုတ်လေတော့ ကျွန်တော်တို့ တွေ့ချင်တဲ့ တစ်ရာမြောက်ရုပ်တုကို တွေ့ဖို့ကတော့ အတော် ကလေးကြိုးစားရှာကြရလိမ့်မယ်"

ဟု ပြောလေသည်။

ကျောက်ဘီလူးရုပ်ကြီးများမှာ တောနက်နေရာအနှံ့တွင် တစ်နေရာစီ တည်ထားသော်လည်း အားလုံးက ပင်လယ်ပြင်ဘက်သို့သာ မျက်နှာမူထားကြလေသည်။

အရုပ်တိုင်းမှာလည်း ဂဏန်းအက္ခရာများ တပ်ထားလေ၏။ သို့စေ ကာမူ အစဉ်အတိုင်းတော့ မဟုတ်ပေ။ အချို့အရုပ်များမှာ တြိဂံသဏ္ဍာန် အစဉ်အတိုင်းဖြစ်သော်လည်း အချို့အရုပ်များကတော့ အယ်လ်(L)ပုံစံ အက္ခရာအမှတ်စဉ်များ ရေးမှတ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောနက်ပိုင်းသို့ရောက်သောအခါ အရုပ်ကြီးများပတ်ဝန်းကျင်၌ ပြန့်ကျဲနေသောလူအရိုးစုများကို တွေ့ကြရသည်။ အချို့အရိုးစုများမှာ ကြာမြင့်ဟန်ရှိသော်လည်း အချို့အရိုးစုများကတော့ လတ်လတ်ဆတ်ဆတ်ပင် ရှိသေးသည်။

တောထဲသို့ရောက်သောအခါ ခင်မေကျော်က ဒေါက်တာမင်းထင်ကျော်ကို မေးသည်။

"အစ်ကို ဖေဖေတို့ကို တွေ့ခဲ့တာ ဒီကျွန်းပေါ်မှာလားဟင်"

ထိုအခါ မလှမ်းမကမ်းတွင် ရှိနေသော ဦးဘထော်က....

"ဟုတ်တယ် ဦးကျော်စံဆိုတဲ့လူကို ဒီကျွန်းပေါ်မှာ ကျုပ်တွေ့ခဲ့တာပါ သူအသက်ရှင်ရက်နဲ့ ရှိနေသေးရင်တော့ ဒီကျွန်းရဲ့ တစ်နေရာမှာ ရှိနေမှာပါ"

ဟု ဝင်ပြောလေသည်။

"ဖေဖေတော့ အသက်ရှင်ရက်မှ ရှိပါဦးမလားမသိဘူး"

ဟု ခင်မေကျော်က ငိုသံပါလေးနှင့် ပြောသဖြင့် ဒေါက်တာမင်း ထင်ကျော်က နှစ်သိမ့်မှုပေးရလေသည်။

"စိတ်လည်းသိပ်မပူပါနဲ့ မေကျော် ဒီနေရာတောင် ရောက်လာပြီးမှတော့ ဘယ်လိုပဲဖြစ်ဖြစ် ဦးကျော်စံတို့ကို တွေ့အောင်ရှာပြီးပြန်ကြ မှာပါ"

ဤသို့ဖြင့် တောနက်တွင်းသို့ လှည့်လည်ရှာဖွေကြသော်





လည်း ရုပ်တုကြီးများနှင့် လူအရိုးစုများမှလွဲ၍ လူသတ်ကောင်များကိုသော်လည်းကောင်း ဦးကျော်စံတို့အဖွဲ့သားများကိုသော်လည်းကောင်း တစ်ယောက်မှ မတွေ့ကြရသဖြင့် အံ့သြနေကြလေသည်။

တစ်နေရာသို့ရောက်သောအခါ မီးတောင်ဟောင်းတစ်ခုဆီသို့ ရောက်သွားကြသည်။ မီးတောင်မှာ အတော်မြင့်ပြီး တောင်ခြေ၌ ဂူပေါက်ဝများရှိလေသည်။ ထိုမီးတောင်တဝိုက်မှာလည်း ရုပ်တုကြီးများ ရှိသည်။

တောင်ခြေတဝိုက်သို့ ရောက်သောအခါ စောထီးကတောင်ထိပ် တစ်နေရာကို လက်ညှိုးထိုးပြသည်။

"ဆရာ ဟိုတောင်ထိပ်ပေါ်မှာ လူရိပ်လိုလိုမြင်လိုက်ရတယ်"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အဝေးကြည့်မှန်ပြောင်းဖြင့် လှမ်းကြည့်လိုက်သောအခါ ခါးထောက်လျက် ကျွန်ုပ်တို့ ရှိရာသို့ လှမ်းကြည့်နေသော လူတစ်ယောက်ကို လှမ်းမြင်ရလေသည်။

ထိုလူမှာ ဆံပင်စုတ်ဖွားဖွားနှင့် ညကတွေ့လိုက်ရသည့် ဘီလူးနှင့် တူသောလူတစ်ယောက်ပင်ဖြစ်၏။ သူသည် တောင်ထိပ်ပေါ်မှ အတန်ကြာအောင် ရပ်ကြည့်နေပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



လှစ်ခနဲပျောက်ကွယ်သွားလေတော့သည်။

"ဘာတွေ့သလဲဆရာ"

ဦးဗန်ကောင်းက မေးသည်။

"ဒီမီးတောင်ဟောင်းထဲမှာ သူတို့ရှိတယ်"

"ဝင်ကြည့်ကြရင် ကောင်းမလား"

"အန္တရာယ်တော့ များမယ်ထင်တယ်"

"ကျောက်ရုပ်ကြီးတွေက တောင်ထိပ်မှာလည်းရှိတယ်၊ ဒီမီးတောင်ဟောင်းထဲမှာလည်း ရှိချင်ရှိနိုင်တယ် ဒါမှ သိချင်တဲ့အဖြေ သိရမှာပေါ့"

"ဒီလိုဆိုရင်လည်း ဝင်ကြတာပေါ့ ဘယ်ကဝင်မလဲ"

"အောက်မှာ ဂူပေါက်တွေရှိတယ် အဲဒီကနေ အခြေအနေကိုကြည့်ကြမယ်"

ဟု ပြောဆိုတိုင်ပင်ကာ လက်နှိပ်မီး သေနတ်များကို အဆင်သင့်ပြင်ကာ အနီးဆုံးဂူပေါက်ဝဆီသို့ လာခဲ့ကြသည်။ ကျောက်ဂူကြီးမှာ အတော်ကြီးမားလှသလို အတွင်းမှာလည်း အမှောင်ထုက ပိတ်ဆီး လျက်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က အသင့်ယူလာသော ၂၅၀ ဝပ်အားရှိ ဓာတ်မီးကိုဖွင့်ကာ ဂူအတွင်းသို့ လှမ်းထိုးကြည့်လိုက်သောအခါ အတော်ဝေးဝေးနေရာအထိ မီးရောင်က ရောက်





သွားသော်လည်း ထူးခြားမှုတော့ မတွေ့ရပေ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ရှေ့ဆုံးမှ ဦးဆောင်ကာ ဂူအတွင်းသို့ ဝင်ကြလေသည်။ မီးတောင်ဟောင်းကြီးမှာ ဂူကြီးသဖွယ်ဖြစ်နေကာ အောက်ဖက်၌ ကျောက်သားများသာဖြစ်သည်။ အတွင်းရောက်သောအခါ နောက်ကျိုလျက်ရှိသော ရွှံ့နွံ ရေအိုင်များရှိလေသည်။ ထိုရေအိုင်များအနီးတွင် ရှုပ်ထွေးနေသည့် ခြေရာအချို့ကိုတွေ့ရသည်။

ထိုရေအိုင်များမှာ ပင်လယ်ဆားငန်ရေများဖြစ်ကာ ပုပ်အက်အက်အနံ့များက လှိုင်နေလေသည်။ အတွင်းဘက်သို့ ရောက်သောအခါ ဒီရေရောက်သော ချောင်းပေါက်တစ်ခုကို တွေ့ရသည်။

ထိုချောင်းသည် ဒီရေအတက်အကျရှိဟန်တူ၏။ အပြင်ဘက်မှ လှိုင်းပုတ်သံများကို အတိုင်းသားကြားနေရသည်။ ချောင်းစပ်တလျှောက်မှာလည်း အရိုးစုများကို တွေ့ကြရပြန်သည်။

"ဒါ ပင်လယ်ဘက်ကိုသွားလို့ရတဲ့ လိုဏ်ခေါင်းပေါက်ဖြစ်ရမယ်"

ကျွန်ုပ်တို့အဖွဲ့သည် ချောင်းကမ်းစပ်တလျှောက် အနည်းငယ် လိုက်ကြည့်သော်လည်း ဘာမှထူးထူးခြားခြား မတွေ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရပေ။

သို့ကြောင့် ချောင်းကိုဖြတ်၍ အတွင်းသို့ဝင်ကြရန် တိုင်ပင်ပြီးနောက် အကျဉ်းဆုံးနေရာတစ်ခုကို ရွေးချယ်၍ တစ်ဖက်ကမ်းသို့ ကူးရန်ပြင်ဆင်ကြသည်။

ထို့နောက် ကျောက်ဆောင်ကျောက်တုံးများရှိပြီး အနည်းငယ် ကျဉ်းသောနေရာကိုရွေးချယ်ပြီး ချောင်းရေအနက်ကို စမ်းစေရာ စောထီးက ရေထဲသို့ဆင်းကာ စမ်းကြည့်လေရာ ရေစူးအနက်မှာ အနက်ဆုံးနေရာမှပင် လူ့ခါးစောင်းခန့်ထက် မပိုလှပေ။

ရှေ့ဦးစွာ စောထီးနှင့် ငမဲအောင်က ရေကူးသွားပြီးနောက်မှ ကျန်တဲ့သူများက လိုက်ကြသည်။ ချောင်းမှာ ရေစူးမနက်လှသော်လည်း အနည်းငယ်ကျယ်သဖြင့် အတန်ကြာအောင် ကူးကြရသည်။ ခင်မေကျော့ကိုတော့ ဒေါက်တာမင်းထင်ကျော်က ၎င်း၏ရှေ့မှအရင်ကူးစေသည်။

သေနတ်နှင့် အခြားပစ္စည်းများကို ရေမစိုစေရန် လက်ဖြင့်မြှောက်ကာ ကူးရသောကြောင့် ထင်သလောက် ခရီးမတွင်လှပေ၊ ထိုသို့ ကူးနေစဉ် ရေလယ်လောက်ရောက်သောအခါ မမျှော်လင့်သော အန္တရာယ် ဝင်လာလေတော့သည်။

ရေလယ်သို့ရောက်နေသော ခင်မေကျော့နောက်နားမှ ဆံပင်ဖားလျားနှင့် ကြောက်မက်ဖွယ်ရာကောင်းသော မျက်နှာ





ကြီးတစ်ခုက ရုတ်တရက်ပေါ်လာပြီးနောက် ခင်မေကျော့အား ဆွဲချသွားလေတော့သည်။

"အမယ်လေး"

ထိုအဖြစ်အပျက်ကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်က သေနတ်နှင့်လိုးချိန်လိုက်သော်လည်း လုံးထွေးလျက် ရေထဲသို့ ပြန်မြုပ်သွားသောကြောင့် ပစ်ခွင့်မသာလိုက်ပေ။

"အစ်ကို ကယ်ပါဦး"

မလှမ်းမကမ်းတွင် နောက်တစ်ကြိမ်ပြန်ပေါ်လာသောအခါ ခင်မေကျော့အသံကြားရသဖြင့် ဒေါက်တာမင်းထင်ကျော်က ကမ်းစပ်သို့ ရောက်အောင်အလျင်အမြန်သွားလေသည်။ ကမ်းစပ်သို့ရောက်သောအခါ...

"ကျန်တဲ့လူတွေ ကမ်းပေါ်ရောက်အောင် အမြန်ပြန်တက်ကြ စောထီးနဲ့ ငမဲအောင်ဟိုဘက်ကမ်းကလိုက်ခဲ့ကြ"

ဟုအော်ကာ ပြေးလိုက်သွားလေသည်။

စောထီးနှင့် ငမဲအောင်တို့ကလည်း သေနတ်များကိုကိုင်ကာ တဖက်ကမ်းမှ ပြေးလိုက်လာကြသည်။

ခင်မေကျော့ကို ဆွဲခေါ်သွားသော အန္တရာယ်ကောင်သည် ရေစူး မနက်သောချောင်းထဲမှကိုယ်ကိုနှစ်ကာဆွဲပြေးသဖြင့် ခင်မေကျော့ကို သာ နှစ်တစ်ခါ ပေါ်တစ်လှည့်လှမ်းမြင်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



ငှင်းကိုမတွေ့ရသည်က တစ်ကြောင်း၊ ခင်မေကျော်အား ပစ်မိမည်စိုးသည်က တစ်ကြောင်း ကြောင့် ပစ်ခွင့်မသာကြပေ။

ဤသို့ဖြင့် အတွင်းပိုင်းသို့ ရောက်လာလေလေ ချောင်းက ပိုကျယ်လာသလို ရေစီးကလည်း နက်လာသောကြောင့် မတွေ့ရ သလောက် ဖြစ်လာသည်။

ထိုအခိုက်မှာပင် တဖက်ကမ်းမှလိုက်လာသော စောထီးနှင့် ငမဲ အောင်တို့ကို ကျောက်ဂူတစ်နေရာမှအသင့်စောင့်ဆိုင်းနေသော ရန်သူသုံးယောက်က ထွက်လာပြီး တိုက်ခိုက်ကြလေတော့သည်။

ထိုအခါ စောထီးနှင့် ငမဲအောင်တို့ကလည်း ၎င်းတို့လက်ထဲမှ သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြလေတော့သည်။ သေနတ်သံကြားသောကြောင့် နောက်၌ ကျန်နေသော အဖွဲ့သားများကလည်း ပြေးလိုက်လာကြသည်။

ထိုသို့လိုက်လာသည့် ကျောက်ဂူနံရံများကြား၌ ပုန်းအောင်းနေသော လူမည်းကြီးများက ထွက်လာပြီး တိုက်ခိုက်ကြပြန်သဖြင့် မိမိတို့၌ ပါလာသော လက်နက်များဖြင့် ခုခံတိုက်ခိုက်ကြလေတော့သည်။

လူမည်းကြီးများ၌ လက်နက်ဟူ၍ မယ်မယ်ရရ မပါပဲ ကျောက်တုံး ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ အပေါ်မှ





ကျောက်တုံးကြီးများ လှိမ့်ချခြင်း၊ အနီးသို့ အတင်းတိုးဝင်လာပြီး လူချင်းပူးသတ်ရန်ပြုလုပ်ကြ လေရာ သေနတ်ရှိသူများက တပန်းသာလေတော့သည်။

ကျွန်ုပ်တို့နှင့်ပါလာသော ဦးကျော်ဟန်နှင့် သန်းထိုက်တို့မှာလည်း သေနတ်ပစ်မခေကြသူများပေမို့ ကျွန်ုပ်တို့ဘက်မှ တပန်းသာလေတော့သည်။

ခင်မေကျော်ပါသွားရာနောက်သို့ ပြေးလိုက်သွားသော ဒေါက်တာ မင်းထင်ကျော်မှာ နောက်ဘက်မှ သေနတ်သံများ ကြားရသဖြင့် ကျောက်တုံးကွယ်တစ်နေရာသို့ကပ်၍ အခြေအနေကို စောင့်ကြည့်နေစဉ် မလှမ်းမကမ်းရေစပ်မှ တက်လာသော မည်းမည်းသဏ္ဍာန်ကို လှမ်းမြင်ရသဖြင့် ကျောက်တုံးနောက်ကွယ်တွင် ကပ်နေလိုက်လေသည်။

ရေထဲမှ တက်လာသော လူမည်းကြီးလက်ထဲမှာ သတိလစ်နေဟန်ရှိသော ခင်မေကျော်ပါလာသည်။ မလှမ်းမကမ်းနေရာဆီမှ သေနတ်သံများကြားရသဖြင့် လူမည်းကြီးမှာ ကြောက်လန့်တကြား တက်လာခြင်းဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်ကပ်နေသော နေရာနှင့် လူမည်းကြီးတက်လာသော နေရာမှာ အတော်ကလေး ဝေးနေသည်။

အပြင်ဘက်မှ ဝင်လာသော အလင်းရောင်ကြောင့် ၎င်းရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသော နေရာကို ကောင်းစွာလှမ်းမြင်နေရသည်။ ခင်မေကျော်ကို ပွေ့တက်လာသော လူမည်းကြီးက မလှမ်းမကမ်းရှိ ဂူပေါက်တစ်ခုတွင်းသို့ ခေါ်သွားဟန်ဖြင့် ခြေလှမ်းခပ်သုတ်သုတ်ဖြင့် ပြေးတက်သွားလေသည်။

ထိုအခွင့်အရေးသည် ဒေါက်တာမင်းထင်ကျော်အတွက် နောက်ဆုံးအခွင့်အရေးဖြစ်သည်။ သူသည် ကျောက်တုံးနောက်ကွယ်မှ သေနတ်ကို ကျည်ထိုးမောင်းတင်ပြီးနောက် အပြင်သို့ထွက်လိုက်သည်။ ထို့နောက် ဂူထဲသို့ပြေးဝင်တော့မည့်ဆဲဆဲဖြစ်နေသော လူမည်းကြီး၏ နောက်ကျောကိုချိန်ကာ မောင်းခလုတ်ကို ဖြုတ်ချလိုက်သည်။

"ဒိုင်း"

ကျည်ဆံကပစ်မှတ်ကို ထိမှန်သွားဟန်ရှိသည်။ ဂူပေါက်ဝဆီသို့ ပြေးတက်သွားသော လူမည်းကြီးမှာ ခြေလှမ်းတုံ့ခနဲဖြစ်သွားလေသည်။ ထိုအခွင့်အရေးကို လက်လွှတ်မခံပဲ ဒေါက်တာမင်းထင်ကျော်က နောက်တစ်ချက် ထပ်ပစ်လိုက်ပြန်သည်။

"ဒိုင်း"

ထိုအခါမှ လူမည်းကြီးမှာ ပွေ့ချီထားသော ခင်မေကျော်အားလွှတ် ချလိုက်ပြီးနောက် ဒယိမ်းဒယိုင်ဖြင့် ဂူပေါက်ထဲသို့





ပြေးဝင်ပျောက်ကွယ် သွားလေတော့သည်။ နေရာတွင်ရပ်ကာ အခြေအနေကို စောင့်ကြည့်သော်လည်း မထူးတော့မှ ခင်မေကျော်ရှိရာသို့ ပြေးသွားကာ ပွေ့ယူ လိုက်သည်။ ခင်မေကျော်မှာ အကြောက်လွန်သည့်အရှိန်၊ ရေမွန်းနေသည့် ဒဏ်ကြောင့် သတိမေ့နေလေသည်။ သို့ကြောင့် ပါးစပ်ထဲမှ လေမှုတ်သွင်းခြင်း၊ ရင်ဘတ်ကိုဖိ၍ ရေများအန်ထွက်အောက် လုပ်ခြင်းများကို အတန်ကြာအောင် ပြုလုပ်ပေးတော့မှ တအင်း အင်း၊ တအဲအဲနှင့် သတိ ပြန်ရလာသည်။ သတိရလာသည်နှင့် ....

"ကြောက်တယ် ကျွန်မ ကြောက်တယ်"

ဟု အော်ဟစ်နေသောကြောင့် ဒေါက်တာမင်းထင်ကျော်က

"မေကျော် ခင်မေကျော် သတိရပြီလား ဘာမှမကြောက်နဲ့ ကျွန်တော်တို့ရောက်လာပြီ"

ဟု သတိပေးတော့မှ ဒေါက်တာမင်းထင်ကျော်ကို မှတ်မိသွားပြီး ဒေါက်တာမင်းထင်ကျော်ကို ဖက်ထားလေသည်။ မကြာတော့ နောက်ဖက်မှ လိုက်လာသောအဖွဲ့သားများ ရောက်လာကြသည်။

"အခြေအနေ ဘယ်လိုရှိလဲ"

"ဒီမိစ္ဆာကောင်တွေက ကျုပ်တို့ကို လမ်းတဝက်ကနေ တိုက်ကြတယ်လေ၊ ဒီကလည်း ဘယ်လက်နှေးပါ့မလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆော်လိုက်ကြတာ ဝါးရုံတောမီးလောင်တဲ့ အတိုင်းပါပဲ”

ဟု ဦးဗန်ကောင်းက အားရပါးရပြောပြလေသည်။

“ကျွန်တော်တို့အဖွဲ့ရော အထိအခိုက်ရှိကြသေးလား”

“ဒဏ်ရာရတဲ့သူတွေတော့ရှိတယ် အသေအပျောက်တော့မရှိပါ ဘူး။ ဒါထက် မိန်းကလေးအခြေအနေကရော ဘယ်လိုလဲ”

“သူ ကံကောင်းပါတယ် လက်မောင်းလေးပဲ ကယ်လိုက်နိုင်တယ်”

“တော်သေးတာပေါ့ ကျုပ်တို့က ဒုက္ခဖြစ်ပြီအောင့်မေ့နေကြ ဘာ မောင်ထင်ကျော်လက်ဦးလို့သာပေါ့”

“ကဲ အချိန်လည်းမရှိတော့ဘူး ဒီမီးတောင်ကြီးထဲမှာ သူတို့ရှိနေမှန်း သိရင် နောက်တစ်နေ့မှ ဝင်တိုက်ကြတာပေါ့ အခု တော့ပြန်ကြစို့”

ဟု ပြောဆိုကာ ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြလေရာ စောစောက တိုက်ပွဲဖြစ်သောနေရာသို့ ရောက်သောအခါ ဂူကြမ်းပြင့်ပေါ်၌ လဲကျသေဆုံးနေသော လူမည်းကြီးနှစ်ယောက် သုံးယောက်ကိုမြင်သောအခါ ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့် ကျွန်ုပ်တို့သုံးယောက်က လက်နှိပ်ဓာတ်မီးများဖြင့်ထိုးကာ သေသေချာချာ ကြည့်ရှုကြလေသည်။

လူမည်းကြီးများမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်





ရှိနေကြပြီး အရပ်အမောင်းမှာ သာမန်လူတို့ထက် ဦးခေါင်းတစ်လုံးစာမျှ ပိုမြင့်လေ သည်။

အရပ်မြင့်သလောက် ခန္ဓာကိုယ်မှာလည်း ထွားကျိုင်းလှပြီး အသား အရောင်ကတော့ သပိတ်ရောင်ကဲ့သို့ တစ်ကိုယ်လုံးမည်းနက်လျက်ရှိသည်။ တစ်ကိုယ်လုံးမှာလည်း အဝတ်အစားမရှိကြပေ။ ခန္ဓာကိုယ်ကတော့ သာမန်လူတို့နှင့် မထူးခြားလှသော်လည်း မျက်နှာသွင်ပြင်ကတော့ ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

နီကြောင်ကြောင် ဆံပင်များက ကျိုးတို့ကျဲတဲနှင့် မျက်နှာပေါ် ကျနေပြီး နဖူးမောက်မောက် နှာယောင်ကောက်ကောက်နှင့် မျက်ခွင်းမှာ နက်လှသည်။ မျက်လုံးမှာ သွေးရောင်များလွှမ်းနေသောကြောင့် (ရေထဲ၌နေကြသူများ၏ မျက်လုံးမှာအနီရောင်ဖြစ်သည်) အနီရောင် ဖြစ်နေလေသည်။ မျက်နှာတစ်ခုလုံးတွင် အကျယ်ဆုံးမှာ ပါးစပ်ပေါက်ဖြစ်သည်။ နှုတ်ခမ်းသားထူထူနှင့် အတွင်းမှ မညီညာသော သွားများက အပြင် ဘက်သို့ ငေါထွက်နေသောကြောင့် အစွယ်များထွက်နေသကဲ့သို့ ရှိသည်။

ခြေဆံလက်ဆံရိုးများမှာလည်း သာမန်လူထက်ပိုမိုရှည်လျားလေ သည်။

“အမှန်ပါပဲ ဒီလူတွေဟာ ရှေးတုန်းက မုတ္တမပင်လယ်ထွေ့



www.burmeseclassic.com

www.burmeseclassic.com



ဘက် က ထွက်ပြေးသွားကြတဲ့ စမင်လို့ခေါ်တဲ့ ရေဘီလူးတွေပဲ ဒါကြောင့် သူတို့ လူသားစားကြတာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ဒေါက်တာမင်းထင်ကျော်က...

"ဒီလိုဆိုရင် ကျွန်းပေါ်က အရုပ်ကြီးတွေဟာ သူတို့ထုလုပ်ထားတယ်ဆိုတာ သေချာတာပေါ့"

"ဘာကြောင့်လဲ မောင်ထင်ကျော်ရဲ့"

"အရုပ်ကြီးတွေအားလုံးရဲ့ ပုံသဏ္ဍာန်ကိုကြည့်ရင် တစ်စုံတစ်ခုကို မျှော်ကြည့်နေတဲ့ပုံပဲ စမင်တွေဟာ နောက်က မွန်တွေ လိုက်လာမှာစိုးလို့ စောင့်ကြည့်နေတာ မဖြစ်နိုင်ဘူးလား"

"အင်း ဒါလည်း ဖြစ်တော့ဖြစ်နိုင်ပါတယ်။ ဒီကျွန်းဟာ ကျုပ်တို့ အတွက်ကတော့ ပျောက်ဆုံးနေတဲ့ ဂမ္ဘီရနယ်မြေတစ်ခုပါပဲ"

ဟု ပြောဆိုကာ ဂူထဲမှပြန်ထွက်ခဲ့ကြလေတော့သည်။

ေ၃ ေ၃ ေ၃





အခန်း(၁၂)

## *ပင်လယ်စုန်းလား မီးစုန်းလား*

စက်လှေသို့ ပြန်ရောက်သောအခါ ခင်မေကျော်မှာ ရေမွန်းသည့်ဒဏ် ကြောက်ရွံ့ထိတ်လန့်မှုအရှိန်ကြောင့် အပြင်းဖျားလေရာ ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် အနီးမှစောင့်၍ ဂရုတစိုက်ကုသပေးနေရသည်။

သို့ကြောင့် ထိုနေ့ညကင်းစောင့်ရမည့်တာဝန်ကို ကျွန်ုပ်နှင့် ဦးဇန် ကောင်းတို့မှာ တာဝန်ယူကြလေသည်။ ထိုညက ကျွန်ုပ်နှင့်အတူ ဦးကျော်ဟန်နှင့် သန်းထိုက်တို့နှစ်ယောက်လည်း လာရောက်စောင့်ပေးကြသည်။

"ကျုပ်တို့လည်း အစ်ကိုကြီးကိစ္စလည်းဖြစ် တူမတစ်ယောက်တည်း ခရီးသွားမှာလည်းမ မသင့်လို့ လိုက်လာကြ

www.burmeseclassic.com



တယ် တကယ် ဆိုရင် ဒီလောက်အန္တရာယ်များတဲ့ ခရီးမျိုးကို တစ်ခါမှ မသွားဖူးပါဘူး ဗျာ"

ဟု ဦးကျော်ဟန်က ပြောသည်။ ထိုအခါ သန်းထိုက်ဆိုသော လူရွယ်ကပါ ဝင်ပြောသည်။

"ကျွန်တော်လည်း ပင်လယ်ဘက်တွေကို တစ်ခေါက်မှ မရောက် ဖူးဘူး ဒါပေမဲ့ အခုလို စွန့်စားရတာမျိုးတော့ သိပ်ပြီးသဘောကျတာပဲ ဆရာမင်းထင် [illegible]ကိုကြည့်ရတာ သိပ်ပြီး အားကျဖို့ ကောင်းတာပဲ"

"ဒါဖြင့် မနေ့က ရေဘီလူးတွေနဲ့တွေ့တော့ မောင်သန်းထိုက် မကြောက်မိဘူးလား"

ဦးဗန်ကောင်းက မေးလိုက်သည်။

"တွေ့လိုက်စကတော့ ကြောက်တာပေါ့ ဒါပေမဲ့ ကိုယ့်အဖွဲ့သားတွေက တက်ညီလက်ညီဆော်ကြတာတွေ့တော့ မကြောက်တော့ဘူး လက်ထဲက သေနတ်နဲ့ဆော်လိုက်တာ ဘာပြောကောင်းမလဲ"

ဟု အားရပါးရပြောပြလေသည်။

"အန္တရာယ်နဲ့တွေ့လို့ ကြောက်နေတဲ့လူဟာ ကိုယ့်ဘက်က မတိုက် ခင်ကတည်းက တဝက်ရှုံးနေပြီ တိုက်ခိုက်ကြပြီဆိုရင် ကြောက်လို့ပဲဖြစ်ဖြစ် မကြောက်လို့ပဲဖြစ်ဖြစ် အဖြေကနှစ်လမ်း





ပဲရှိတယ်။ နိုင်တာနဲ့ ရှုံးတာပဲ ကြောက်နေရင်လည်း ဒီအဖြေထဲက တစ်ခုခုရမှာပဲ"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်း ပြောလေရာ သန်းထိုက်မှာ များစွာသဘောကျလှသည်။

"ဒါကြောင့် ထင်ပါရဲ့ ဟိုနှစ်ယောက်ဆိုရင် တိုက်ခိုက်တဲ့နေရာမှာ အတော်သွက်လက်ကြတာပဲ"

"ဘယ်နှစ်ယောက်လဲ"

"စောကြီးနဲ့ ငမဲထောင်"

"စောထီးနဲ့ ငမဲအောင်ပါကွာ"

ဟု ပြောဆိုနေကြစဉ်မှာပင် သန်းထိုက်က စီးကရက်ဗူးကို ထုတ်၍ ဆေးလိပ်သောက်ရန် ဟန်ပြင်သဖြင့် ဦးဗန်ကောင်းက တားရလေသည်။

"ညအချိန်တွေမှာ ပင်လယ်ပြင်ရောက်နေတဲ့လူတွေဟာ ဆေး လိပ်မသောက်ရဘူး မီးမသုံးရဘူး မောင်သန်းထိုက်ရဲ့"

"ဘာဖြစ်လို့လဲ ဘကြီး"

"ညအချိန်ပင်လယ်ပြင်မှာ မီးရောင်သေးသေးလေးဖြစ်ပေမယ့် အဝေးကြီးက လှမ်းမြင်နိုင်တယ် ကိုယ့်ကို ရန်မူမယ့်လူတွေရှိနေရင် လမ်းပြသလိုဖြစ်သွားမှာပေါ့"

ဟု အကျိုးအကြောင်းပြောပြတော့မှ စီးကရက်ဗူးကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းလိုက်လေသည်။

ထိုသို့ပြောနေစဉ် ပင်လယ်ပြင်အဝေးတစ်နေရာဆီမှ ကောင်းကင်သို့ ထိုးတက်လိုက် ပြန်ကျသွားလိုက် ထိုနေရာမှ ဒီနေရာ ဒီနေရာမှ ဟိုနေရာသို့ ကူးလူးသွားလာနေသော မီးရောင်များက လှမ်းမြင်ရသဖြင့် သန်းထိုက်က...

"ဟိုမှာ ဟိုမှာ မီးရောင်တွေလှမ်းမြင်ရတယ် ရန်သူတွေများလား"

ဟု ပြောလိုက်သည်။

"အဲဒါ ပင်လယ်စုန်းတွေပါ"

"ဗျာ ပင်လယ်စုန်းဆိုတာဘယ်လို သတ္တဝါမျိုးတွေလဲဟင်"

"ပင်လယ်မှာရှိတဲ့ မီးစုန်းဓာတ်တွေကို ပင်လယ်စုန်းလို့ ခေါ်ကြ တာပါ။ အမှန်တော့ ဆားငန်ရေဓာတ်များလို့ တောက်စားတဲ့ ဖော့စပရပ် ခေါ်တဲ့ မီးစုန်းဓာတ်တွေပါပဲ"

"တောက်စားတယ်ဆိုတာ ဘာကိုပြောတာလဲဟင်"

သန်းထိုက်က ဗဟုသုတလိုလားသော လူရွယ်တစ်ဦးဖြစ်ဟန်ရှိလေသည်။ သူသိချင်တာကို နှိုက်နှိုက်ချွတ်ချွတ်မေးမြန်းလေသည်။

"တောက်စားတယ်ဆိုတဲ့ အဓိပ္ပာယ်က ရှေးကလူတွေက စုန်းကဝေ တောက်စားတာကို ပြောကြတော့ တောက်စားတယ်





လို့ပြောရင် စုန်းတောက်စားတယ်လို့ပဲ ထင်ကြတယ် တောက်စားခြင်းဆိုတဲ့ နေရာ မှာ နှစ်မျိုးနှစ်စားရှိတယ်"

"ဘယ်လိုဟာတွေလဲ ဘကြီး"

"တစ်မျိုးက သာမန်လူတွေတွေ့မြင်နိုင်တဲ့သဘာဝပစ္စည်းတွေက တောက်စားတဲ့ အလင်းရောင်တစ်မျိုးနဲ့ နောက်တစ်နည်းကတော့ ဝိဇ္ဇာပညာရပ်ကြောင့် တောက်ပနိုင်တဲ့ ကိုယ်တွင်းအလင်းရောင်တစ်မျိုးပဲ"

"ပြောပြပါဦး ဘကြီး"

"သဘာဝဝတ္ထုပစ္စည်းက ထွန်းတောက်ပတယ်ဆိုတဲ့နေရာမှာ ဖော့စပရပ်လို့ခေါ်တဲ့ မီးစုန်းဓာတ်ကြောင့်ပါပဲ"

ဟု အစချီကာ မီးစုန်းဓာတ်နှင့် ပတ်သက်သော စိတ်ဝင်စားဖွယ်ရာများကို အောက်ပါအတိုင်း ပြောပြလေသည်။

ဖော့စပရပ်ခေါ် မီးစုန်းဓာတ်ကို (၁၆၆၉) ခုနှစ်တွင် ဂျာမနီပြည်မှ လောကဓာတ်ပညာရှင် ဒေါက်တာဟီနင်အရန်းဆိုသူက စတင်တွေ့ရှိ ခဲ့လေသည်။

မြန်မာနိုင်ငံ၌မူ ပုဂံခေတ်က ထင်ရှားကျော်ကြားခဲ့သော ရှင်မထီး (ခေါ်) ရှင်အဖွဲ့ဂေါဏဟူသော ထွက်ရပ်ပေါက်ဆရာတော်ဘုရားက စတင်တွေ့ရှိခဲ့သည်ဟု ယူဆရပေသည်။

ဂျာမနီလောကဓာတ်ပညာရှင် ဒေါက်တာဟီနင်ဘရန်းသည်



www.burmeseclassic.com

www.burmeseclassic.com



သတ္တု များကို ပေါင်းစပ်ကျိုနေရိုက်တွင် ထူးခြားသော အလင်းရောင်အချို့ကို စတင်တွေ့ရှိခဲ့ရသည်။

သူသည် ဓာတ်သတ္တုကျိုနေခိုက်တွင် အနည်းနည်းအဖုံဖုံ စမ်းသပ် ရာ သူကျိုနေသော သတ္တုရည်များထဲသို့ သဲများ၊ ကျင်ငယ်ရည်များ၊ မီးသွေးများ၊ အရိုးပြာများကို ပေါင်းစပ်ခြင်း အပူပေးခြင်းများ ပြုလုပ်နေ စဉ် ထူးခြားစွာ တောက်ပလာသော မီးစုန်းဓာတ်ကို စတင်တွေ့ရှိခဲ့ခြင်း ဖြစ်၏။

ပုဂံခေတ်က ရှင်မထီး (ခေါ်) ရှင်အဓိဂေါဏသည်လည်း ထွက်ရပ် ပေါက်အလုပ်စခန်းအတွက် ဓာတ်များကိုပေါင်းစပ်ကျို ချက်ကာ ကြိုး စားပါသော်လည်း မအောင်မြင်သောကြောင့် ပြည့်ရှင်မင်းက ဒေါသအမျက်ထွက်ကာ မျက်လုံးနှစ်ဖက်ကို ဖောက်ထုတ်ပစ်ခဲ့လေသည်။

ရှင်မထီးသည် မျက်မမြင် ဒုက္ခိတဘဝနှင့်ရှိနေစဉ် အဂ္ဂိရတ် ခေါ် သိပ္ပံလောကဓာတ်ပညာဖြင့် ထွက်ရပ်ပေါက်သော လမ်းစဉ် ကိုငြိငွေ့ ကာ ၎င်း၏ဓာတ်လုံးကို တပည့်များအား မစင်တွင်းသို့ ပစ်ချစေရာ ဓာတ်လုံးမှ ထူးခြားသောအလင်းရောင်များထွက် ကာ သိဒ္ဓိပေါက်ခြင်းသို့ ရောက်သဖြင့် ဆရာတော်လည်း သို့ ဓာတ်လုံးအစွမ်းဖြင့် မိမိမျက်စိနှစ်ဘက်အား နွားမျက်လုံး တစ်ဖက်ဆိတ်မျက်လုံးတစ်ဖက်ထပ်ကာ အကောင်းအတိုင်း





ဖြစ်စေကာ ပေါက္ကံရာမ (ပုဂံပြည်) တစ်ပြည်လုံး မုဆိုးမပါမကျန် ဘုရားစေတီတည်နိုင်အောင် အကူအညီပေးခဲ့သောကြောင့် ရှင်အဓိဂေါဏဟုထင်ရှားကျော်ကြားခဲ့လေသည်။

သို့ကြောင့် မီးစုန်းဓာတ်နှင့် ပတ်သက်၍ ထူးခြားမှုရှိသော ပုဂ္ဂိုလ်များ ရှင်အဓိဂေါဏဖြစ်နိုင်သည်ဟု အချို့ကပြောဆိုရေး သားကြလေသည်။

ဖော့စပရပ်အလင်းရောင်၌ မီးစုန်းနီနှင့် မီးစုန်းဝါဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ မီးစုန်းဓာတ်နှစ်မျိုးစလုံးမှာ အရိုး၊ ဆားငန်ရည်၊ ကျင်ကြီး ကျင်ငယ်ရည်တို့ ရှိတတ်ပေသည်။ ပင်လယ် ဆားငန်ရေတွင် ဆားငန်ဓာတ်လျော့သော မိုးအခါ၌ ဖော့စပရပ်ကို သိပ်မတွေ့ရပဲ ဆားငန်ဓာတ်ပြင်းသော နွေအခါတွင် ပိုမို တွေ့ရတတ်ပေသည်။

ပင်လယ်ပြင်၌ အနီရောင် အဝါရောင်အလင်းတန်းကြီးများ အလုံး ကြီးများဟိုမှ သည်မှ ရွေ့လျားသွားလာနေသည်ကို မြင်ကြ ရသောအခါ ပင်လယ်စုန်းများ မြူးထူးတောက်စားနေသည်ဟု အထင်မှား အမှတ် မှားတတ်ကြလေသည်။

အချို့ဘုန်းကြီးပျံများ လူများ၏အလောင်းများကို မီးသင်္ဂြိုဟ်ကြရာတွင် အရိုးပြာမှ မီးစုန်းဓာတ်များတောက်စား တတ်ပေရာ အရိုးပြာမှ အလင်းရောင်ထွက်လျှင် ထူးခြားသော



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်ဟု အမှတ် မှားကြသည်လည်း ရှိကြပေသည်။

မီးစုန်းဓာတ်နှစ်မျိုးစလုံးပင် အရိုး၊ ကျင်ငယ်၊ သဲ၊ ဆားငန်ရည်၊ မှို၊ သစ်ဆွေး၊ ဝါးဆွေး၊ တီကောင်၊ ပိုးစုန်းကြူး၊ ကင်း၊ မြွေများတွင် အချိုးအစားအလိုက် အမြဲတွေ့ရခြင်းရှိသလို တစ်ခါတရံတွေ့ရသည်များလည်း ရှိ၏။

မီးစုန်းဓာတ်သည် နေရောင်၊ လရောင်၊ အလင်းရောင်တို့အကူအညီမပါပဲ ၎င်း၏ပင်ကိုယ်အလင်းရောင်ဖြင့် ထွန်းလင်းတောက်ပနိုင်၏။

ရှေးလူကြီးများက ပိုးစုန်းကြူးများ ဖမ်းကစားပါကခြေလက်ပုပ် တတ်သည်ဟု ပြောဆိုဆုံးမသည်မှာ တမင်ခြောက်လှန့်၍ ပြောခြင်း မဟုတ်၊ အကယ်ဖြစ်၍သာ ပြောကြခြင်းဖြစ်၏။

လူကိုယ်၌ ခြေသည်းလက်သည်းမှာ အရိုးမှပေါက်ဖွားလာသဖြင့် မာကျောမှုရှိသည်။ မီးစုန်းဓာတ်ရှိသည်။ ပိုးစုန်းကြူးကိုဖမ်းသောအခါ ပိုးစုန်းကြူးမှ မီးစုန်းဓာတ်နှင့် လက်သည်းမှမီးစုန်းဓာတ်တို့ ပေါင်းမိ သောအခါ ထိုမီးစုန်းဓာတ်က ပျော့ပြောင်းသောလက်သည်းကြားမှ အသားကိုစားဝင်သွားသောကြောင့် လက်သည်းများပုပ်ရသည့်ဓာတ်သ ဘောပင်ဖြစ်ပေ၏။

အချို့လူကြီးများက ခြေသည်းလက်သည်းလှီးဖြတ်ပြီးပါက





အိမ်အောက်နှင့် အနီးပတ်ဝန်းကျင်ကို မစွန့်ပစ်ရန် တားမြစ်ကြသည်။

ခြေသည်းလက်သည်းများ၌ မီးစုန်းဓာတ်ရှိသဖြင့် အကယ်၍ ၎င်း တို့အပေါ်သို့ မီးပေါက်မီးပွားများကျသည်ရှိသော် အရိုးမှဖြစ်သော ခြေသည်းလက်သည်းမှ မီးစုန်းဓာတ်များကို မီးလောင်၍ ထွက်လာသော အခိုးအငွေ့ကို ရှူမိပါက လူအား မူးမေ့စေသည်။

အရိုး၌ မီးစုန်းဓာတ်များစွာရှိရာ လူကိုမီးသဂြိုဟ်ပါက အရိုးပြာမှ အလင်းရောင်ထွက်ခြင်းနှင့် အစိုင်အခဲများအဖြစ်သို့ ပြောင်းသွားခြင်းမှာ မီးစုန်းဓာတ်နှင့် ပြဒါးဓာတ်တို့၏ ဖြစ်ပေါ်တတ်သောသဘောပင် ဖြစ် သည်။

အချို့လူကြီးများက လက်သည်းကိုက်လျှင် ဝမ်းသွားတတ်သည်ဟု ပြောကြသည်မှာ လက်သည်းကြားမှ ချေးညှော်များဝင်၍ ဝမ်းပျက်တတ်သလို လက်သည်းမှ မီးစုန်းဓာတ်များ ဝမ်းတွင်းသို့ရောက်ပြီး ဝမ်းပျက်နိုင်သည်လည်းရှိ၏။

အရိုးပြာများရှိသော သင်္ချိုင်း၊ အိမ်သာတွင်းများ၌ ဒြပ်စင်ဘဝမှ အစိုင်အခဲဘဝသို့ရောက်ကာ အရွယ်အစားအမျိုးမျိုးဖြင့်ရွေ့လျားသွားလာနေသော မီးစုန်းဓာတ်များကိုတွေ့လျှင်ပင်လယ်ပြင်၌တွေ့လျှင် ပင်လယ်စုန်းဟုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ချိုင်းမြေမှ အနီရောင်အလုံးကြီးများတွေ့လျှင် ရွှေလျှားနေသည်ကိုမြင်သောအခါ သရဲမီးတောက်စားသည်ဟု ပြောကြသည်။ အိမ်သာတွင်းထဲ၌ ထိုအလုံးကြီးများရွေ့လျားနေသည်ကိုမြင်သောအခါ အိမ့်တလိမ့်စုန်း၊ ဒါမှမဟုတ် ချေးစားစုန်းဟု အထင်မှတ်လွဲကြလေတော့သည်။

ရွာတစ်ရွာမှ မီးစုန်းခါတ်များ တောက်စားနေသည်ကိုမြင်လျှင် စုန်းတောက်စားသည်ဟုထင်ကာ ထိုရွာ၌ စုန်းရှိသည်ဟု ယိုးစွပ်ကြသည်။ ထိုအခါ အရုပ်ဆိုးအကျည်းတန်သူများနှင့် စရိုက်ကြမ်းသူများမှာ နေရင်းထိုင်ရင်း စုန်းမအဖြစ်အထင်လွဲခံကြရသည်လည်းရှိသည်။

ဤသို့ဖြင့် မဖြစ်သင့်တာများဖြစ်ကာ အဖြစ်ဆိုးများနှင့် ကြုံခဲ့ရသည့် အဖြစ်ဆိုးများလည်း ရှိခဲ့လေသည်။ ဤသို့ဆိုရင် တောက်စားခြင်းဟူသော ဝေါဟာရနှင့် ပတ်သက်၍ အမှန်သို့ရောက်အောင် ကိုယ်ပိုင်ဉာဏ် ဖြင့်တွေးတောဆင်ခြင်နိုင်လောက်ပေပြီ။

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် ပြောပြလေရာ ဦးကျော်ဟန်နှင့် သန်းထိုက်တို့သာမက ကျွန်ုပ်တို့ပါ ဗဟုသုတရကြလေသည်။

"ကျွန်တော်တို့လည်း တောက်စားတယ်ဆိုရင် စုန်းတောက်





စားတယ်လို့ပဲ သိထားကြတာ အခုမှပဲ ကျကျနန သိရတော့တယ် ဘကြီးကို ကျေးဇူးတင်ပါတယ်"

ဟု ပြောဆိုနေကြစဉ် အဝေးမှ မောင်းလာသော သင်္ဘောစက်သံ ကို ကြားလိုက်ရသဖြင့် စကားသံများရပ်ကာ နားစွင့်လိုက်ကြသည်။ အသေအချာနားစွင့်ကြည့်သောအခါ ပင်လယ်ပြင်၌ မောင်းလာသော သင်္ဘောစက်သံကို ကြားကြရလေသည်။

"သင်္ဘောစက်သံမဟုတ်လား"

"ဟုတ်တယ်"

"တဖြည်းဖြည်းနီးလာပုံထောက်တော့ ဒီကျွန်းဘက်ကိုများ လာနေတာလား"

"ကျွန်းနားကကပ်ပြီး ခရီးသွားသင်္ဘောတစ်စင်းစင်းဖြစ်ချင်လည်း ဖြစ်မှာပေါ့ ကျုပ်တို့အဖွဲ့သားတွေ မီးရောင်မသုံးမိကြစေနဲ့"

ဟု ဦးဗန်ကောင်းက သတိပေးလိုက်သည်။ ထိုအခိုက်မှာပင် ဒေါက်တာမင်းထင်ကျော် ရောက်လာသည်။

"သင်္ဘောစက်သံ မဟုတ်လား"

"ဟုတ်တယ် ဆရာ"

"ဒီဘက်ကို ဦးတည်ပြီးလာနေတဲ့ အသံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသော စက်သံမှာလည်း တဖြည်းဖြည်းနှင့် နီးကပ်လာသယောင်ရှိသည်။

ထိုအချိန်တွင် သေဘာ်ဝမ်းထဲမှ ဦးဘထော်ပါ အပေါ်သို့တက်လာလေသည်။ သူသည် လက်ထဲမှာ လက်နှိပ်ဓာတ်မီး အလင်းတစ်လက် ကိုင်ထားပြီး ဟိုထိုးသည်ထိုးနှင့် တက်လာခြင်းဖြစ်သည်။ ထိုသို့ လက်နှိပ်မီးရောင်ကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်က...

"ဦးဘထော် ဘာကြောင့်လက်နှိပ်ဓာတ်မီးရောင်သုံးနေရတာလဲ အမြန်ပိတ်လိုက် အမြန်ပိတ်လိုက်"

ဟု လေသံတိုးတိုးဖြင့် လှမ်းပြောလိုက်တော့မှ မီးရောင်ပျောက်သွားတော့သည်။

"ကျုပ်မသိလို့ပါဗျာ မမြင်မစမ်းနဲ့မို့ လက်နှိပ်ဓာတ်မီးရောင်နဲ့ သုံးလာတာပါ သည်းခံကြပါ"

ဟု တောင်းပန်လေသည်။

"ပင်လယ်ပြင်မှာ ညအချိန်မီးရောင်သုံးတာ အန္တရာယ်ကိုဖိတ်ခေါ် သလိုဖြစ်တာ သိဖို့ကောင်းတာပေါ့ဗျာ"

"ဒီတစ်ခါတော့ ကျုပ်ကိုခွင့်လွှတ်ကြပါဗျာ"

ထိုသို့ ပြောဆိုနေကြစဉ်မှာပင် ကြားနေရသော သင်္ဘောစက်သံမှာ ကျွန်းတစ်ဖက်သို့ တဖြည်းဖြည်းဝေးကာ ပျောက်





ကွယ်သွားလေတော့သည်။

"ဟော ပျောက်သွားပြီ သူ့ဖာသာသွားတဲ့ သင်္ဘောစက်သံဖြစ်မှာပါ"

ဟု ဦးဘထော်ကပြောလိုက်ကာ သင်္ဘောဝမ်းထဲပြန်ဆင်းသွားလေရာ ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ အနည်းငယ် မကျေမနပ်ဖြစ်သွားလေသည်။

ေ၀ှ ေ၀ှ ေ၀ှ



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၃)

## ရုပ်တုတစ်ရာမြောက် ကျောက်ဘီလူး

နောက်တစ်နေ့တွင် အခြားသူများမခေါ်ပဲ ဒေါက်တာမင်းထင်ကျော်က တောပေါ်ပြန်တက်ရန် စီစဥ်နေတော့ စောထီးနှင့် ငမဲအောင်က စိတ်မချသဖြင့် လိုက်လာကြလေသည်။

သုံးယောက်သား သေနတ်နှင့် ကျည်ဆံအလုံအလောက်ယူကာ မီးတောင်ဟောင်းကြီးရှိရာသို့ တစ်ခေါက်ပြန်သွားကြလေသည်။ ထိုနေ့ ရာသို့ရောက်သောအခါ ဂူအတွင်းသို့ မဝင်တော့ပဲ အတက်အဆင်းသင့်သော နေရာဘက်မှ 'မီးတောင်ထိပ်သို့ တက်ကြလေသည်။

မီးတောင်မှာ ပေ (၃၀၀၀)ကျော်လောက် အမြင့်ရှိသဖြင့် သိပ်မြင့်လှသည်ဟု မဆိုသာပေ။ ဒေါက်တာမင်းထင်ကျော်တို့တွေမှာ မြန်မာပြည်အထက်ပိုင်းနေရာများ၌ ပေပေါင်းတစ်





သောင်း အထက်အမြင့်ရှိသော တောင်ကြီးများကို တက်ခဲ့ကြဖူးလေရာ ယခုကဲ့သို့ပေပေါင်း သုံးထောင်ကျော်အမြင့်ရှိသော တောင်လောက်တော့ စိတ်ထဲမှပင် မြင့်လှသည်ဟု မထင်ကြတော့ပေ။

တောင်ရင်ပြင်တလျှောက်မှာလည်း ကျောက်ရုပ်ကြီးအချို့ကို တွေ့ရသဖြင့် နမူးထိပ်၌ရှိသော အကွာရာဂဏန်းများကို တက်ရောက်ကြည့်သောအခါရင်းရှာဖွေနေသည့် အမှတ်အသားမဟုတ်ပေ။

တောင်ထိပ်ပေါ်ရောက်သောအခါ ပင်လယ်ပြင်နှင့် ပတ်ဝန်းကျင်ကို အပေါ်စီးမှ မြင်နေရသည်။ ဒေါက်တာမင်းထင်ကျော်က မီးတောင်ထိပ်မှနေ၍ ပင်လယ်ပြင်နှင့် ကမ်းခြေတဝိုက်သို့ အဝေးကြည့်မှန်ပြောင်း ဖြင့် လှည့်လည်ကြည့်ရှုနေလေသည်။

ထိုတောင်ထိပ်၌ ပေ (၃၀) ခန့်ရှိသော ကျောက်ရုပ်ကြီးတစ်ရုပ်လည်း ရှိနေသည်။ ထိုကျောက်ရုပ်ကြီးမှာ တောင်ထိပ်ပေါ်၌ ကျောက် တိုင်ကြီးစိုက်ထားသကဲ့သို့ ထီးထီးမားမားကြီး ရှိနေလေသည်။ ဒေါက်တာမင်းထင်ကျော်က ထိုကျောက်ရုပ်ကြီးသေးမှရုပ်ကာ မျက်စိတဆုံး မြင်နေရသော ကမ်းခြေတလျှောက်သို့ မှန်ပြောင်းတစ်လက်နှင့် သဲကြီး မဲကြီးလိုက်ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဘာလိုက်ရှာနေတာလဲ"

"ဌါစိတ်ထဲမှာ ညကကြားရတဲ့ သင်္ဘောစက်သံကို သိပ်မကျေနပ် လို့ ရှာကြည့်နေတာ"

"သူ့ဖာသာဖြတ်သွားတဲ့ ခရီးသွားစက်လှေတစ်စင်းရော မဖြစ်နိုင်ဘူးလား ဆရာ"

ဟု မေဲအောင်က မေးသည်။

"ညက ကြားရတဲ့ သင်္ဘောစက်သံဟာ ကျွန်းဆီကို ဦးတည်ပြီး မောင်းလာတဲ့ စက်သံလို့ထင်တယ် ဒါပေမဲ့ တစ်စုံတစ်ခုကြောင့် တစ်နေရာကို ရှောင်သွားတာပဲဖြစ်ရမယ်"

"ဘယ်လိုအနှောင့်အယှက်လဲ ဆရာ"

"မဟုတ်မှလွဲရော ဦးဘထော်လက်ထဲက လက်နှိပ်မီးရောင်တွေ့လို့ ရှောင်သွားတယ်လို့ ထင်တာပဲ"

"တိုက်ဆိုင်မှုတစ်ခုလည်း ဖြစ်ချင်ဖြစ်နိုင်တယ် ဒါပေမဲ့ သတိတော့ ထားရမယ် ဒီလူကြီးကြည့်ရတာ တစ်မျိုးပဲ အကြံအစည်ရှိနေတဲ့ပုံမျိုးပဲ"

စောထီးစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က

"မင်းက ဘယ်လိုသိတာလဲ ပြောပါဦး"

"ကျွန်တော်သူ့ကို မသင်္ကာလို့ သတိထားကြည့်နေတာကြာပြီ ဆရာတို့တတွေစုပြီး စကားပြောနေရင် တစ်နေရာ





ကနေ မယောင်မလည်နဲ့ရပ်ပြီး နားထောင်နေတာမျိုးတွေ မကြာခဏ တွေ့နေရတယ်"

"အေးလေ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာတော့ သတိဝီရိယနဲ့ နေကြရမှာပဲ ဘာကြောင့်လဲဆိုတော့ အန္တရာယ်တွေက တို့ရဲ့ လက်တစ်ကမ်းမှာပဲ ရှိနေတော့ အချိန်မရွေး ရောက်လာနိုင်တယ်။ တို့အခုလာတဲ့ ရည်ရွယ်ချက်က ရတနာပစ္စည်းတွေရှာဖို့တင်မဟုတ်ဘူး ဒီကျွန်းပေါ်မှာ သေသလားရှင်သလား အခုထိမသိသေးတဲ့ ဦးကျော်စံကို တွေ့အောင်ရှာဖို့ ကလည်း ရှိသေးတယ်"

ဟုပြောကာ ကမ်းခြေတလျှောက်သို့ လှည့်ပတ်ကြည့်ရှုသော်လည်း ဘာတစ်ခုမှ ထူးခြားမှုမတွေ့ရပေ။ အချို့နေရာများမှာ အတော်ဝေးဝေး နေရာရောက်သည်အထိ လှမ်းမြင်ရသော်လည်း အချို့နေရာများကတော့ သစ်တောများ၊ ကျွေ့များ၊ ကလိုင်များခံနေသောကြောင့် မမြင်ရပေ။

ကျောက်တောင်ထိပ်မှ စီးကြည့်သောအခါ သစ်ပင်များကြားမှ ထိုးထိုးထောင်ထောင် ထွက်နေသည့် ကျောက်ရုပ်ကြီးအချို့ကိုတွေ့ရလေသည်။ အချို့ကျောက်ရုပ်ကြီးများမှာ သစ်ပင်များကွယ်နေသဖြင့် မတွေ့ရသော်လည်း အချို့ကျောက်ရုပ်ကြီးများမှာ သစ်ပင်များပေါ်မှ ကျော်ထွက်နေသောကြောင့် သစ်ပင်သစ်တောများကြားမှာ ဦးခေါင်းကြီးများထွက်ကာ ပင်လယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ မျှော်ကြည့်နေသည့်ဟန်ရှိသည်။

"ကျွန်တော်အပေါ်က တက်ကြည့်မယ်ဆရာ"

ထိုသို့ပြောကာ ငမဲအောင်က သွက်လက်ဖျတ်လက်စွာဖြင့် ကျောက်ရုပ်ကြီးအပေါ်သို့ တက်သွားလေသည်။ ငမဲအောင်သည် သစ်ပင်တက် ကျွမ်းကျင်ရုံမက သွက်လက်ပေါ့ပါးသူတစ်ယောက် ဖြစ်သောကြောင့် အချိန်သိပ်မကြာခင်မှာပင် ကျောက်ရုပ်ကြီး ပုခုံးပေါ်သို့ ရောက်သွားလေသည်။

"ငမဲအောင်ရေ နဖူးကအမှတ်အသားကို အရင်ကြည့်ဟေ့"

ဟု ဒေါက်တာမင်းထင်ကျော်က အောက်မှလှမ်းအော်သဖြင့် ငမဲအောင်က ကျောက်ရုပ်ကြီးပုခုံပေါ် တက်ကာ နဖူးမှအမှတ်အသားကို ကြည့်လေသည်။

"ကိုးဆယ့်ကိုးလို့ ရေးထားတာတွေ့တယ်ဆရာ"

"ဟင်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ ဝမ်းသာသွားသည်။ အဘယ်ကြောင့်ဆိုသော် အမှတ်စဉ် (၉၉) ကို တွေ့ရပြီ ဆိုလျှင် တစ်ရာမြောက်ထုလုပ်ထားသည့် အရုပ်ကိုတွေ့ရန် မခဲယဉ်းလှတော့ပေ။

ထို့နောက် ငမဲအောင်က အရုပ်ကြီးပုခုံးပေါ်မှရုပ်ကာ ပတ်ဝန်းကျင်ကို ကြည့်လေသည်။ ကျောက်ရုပ်ကြီးအပေါ်မှ





ကြည့်ရသောအခါ အောက်ဘက်မှကြည့်ရသည်ထက် ပတ်ဝန်းကျင်ကို ပိုမိုထင်ရှားစွာ မြင်ရလေသည်။ သူသည် ကျွန်း၏က လိုင်ကွေ့တစ်နေရာတွင် ထူးခြားသောအရာတစ်ခုကို လှမ်းမြင် ရသဖြင့် လက်ဟန်ခြေဟန်ဖြင့် ပြလေသည်။

"ဘာလဲ ဘာမြင်လို့လဲ"

"ဟိုဘက်ကျွန်းရဲ့ ကလိုင်ထဲမှာ စက်လှေတစ်ဝင်းရဲ့ ခေါင်မိုး လိုလို မြင်ရတယ်ဆရာ"

"ဟင်"

"ဒီကနေနည်းနည်းဝေးနေတော့ သိပ်မသဲကွဲလှဘူး"

"အဲဒီလိုဆိုရင် ငါတက်လာခဲ့မယ်"

"ဒေါက်တာမင်းထင်ကျော်က သေနတ်ကို စောထီးအားပေး ထားခဲ့ပြီး အဝေးကြည့်မှန်ပြောင်းကိုယူကာ ကျောက်ရုပ်ကြီးအ ပေါ်သို့ တက်သွားလေသည်။ ကျောက်ရုပ်ကြီးမှာ လုံးချောကြီး မဟုတ်ပဲ အဖုအထစ်များရှိသောကြောင့် တက်ရတာ မခက်လှ ပေ။

ပုခုံးပေါ်သို့ရောက်သွားသောအခါ ငမဲအောင်လက်ညှိုးထိုး ပြရာ ဘက်သို့ အဝေးကြည့်မှန်ပြောင်းဖြင့် လှမ်းကြည့်လိုက်ရာ သစ်ပင်များကြားမှ စက်လှေတစ်စင်း၏ ခေါင်မိုးပိုင်းတစ်ခုကို လှမ်းမြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်လှေမှာ ကျွန်း၏ကလိုင်ကွေ့ထဲမှာ ဝင်ရောက်ရပ်ထားသောကြောင့် ရုတ်တရက်မမြင်နိုင်ပေ။

"စက်လှေတစ်စင်းကတော့ သေချာတယ် ဒီစက်လှေဟာ ညကစက်သံကြားတဲ့ စက်လှေဖြစ်နိုင်တယ် ခရီးသွားတဲ့ စက်လှေတစ်စင်း ဝင်နားနေတာလည်း ဖြစ်နိုင်တယ်"

ဒေါက်တာမင်းထင်ကျော်က ထိုသို့ကောက်ချက်ချပြီး အပေါ်သို့ ရောက်လက်စနှင့် ကျွန်းအနေအထားနှင့် ကျွန်းပေါ်မှ ထူးခြားသော အရာဝတ္ထုများကို အဝေးကြည့်မှန်ပြောင်းဖြင့် လှည့်ပတ်ကြည့်ရှုလေ ရာ ကျွန်း၏အလယ်နေရာလောက်တွင် အခြားကျောက်ရုပ်များထက် ပိုမိုမြင့်မားကာ တောပေါ်သို့ ထိုးထွက်နေသည့် ကျောက်ရုပ်ကြီးတစ်ရုပ် ကို လှမ်းမြင်ရသည်။

"ဟန်ကျတာပဲ ဒီကျွန်းရဲ့အလယ်လောက်မှာ ထူးထူးခြားခြား ကျောက်ရုပ်ကြီးတစ်ရုပ် တွေ့ရတယ် ကျောက်ရုပ်ကြီးက တခြား ကျောက် ရုပ်တွေထက် ပိုမြင့်တယ် ခေါင်းပေါ်မှာလည်း အနီရောင်ကျောက်တုံး ကြီးတစ်တုံးတင်ထားသလိုပဲ အဲဒီကျောက်ရုပ်ကြီးရှိတဲ့ နေရာကို အသေအချာမှတ်ပြီး သွားကြည့်ရအောင်"

ဟုပြောဆိုကာ နှစ်ယောက်သား အောက်သို့ပြန်ဆင်းခဲ့ကြသည်။ ထို့နောက် တောပေါ်မှ ပြန်ဆင်းပြီးနောက် ကျောက်ရုပ်ကြီးရှိရာဘက်သို့ ဦးတည်ကာ ထွက်လာကြလေသည်။





အချိန်မှာ နံနက် (၉) နာရီခန့်သာရှိသေးသောကြောင့် နေရောင်ခြည်က အရှေ့ဘက်မှာပင် ရှိနေသေးရာ နေရောင်ခြည်ကို အမှတ်အသားပြုကာ သွားကြလေသည်။ တောနက်အတွင်း၌ ခရီးသွားရာတွင် အရှေ့၊ အနောက်၊ တောင် မြောက် အမှတ်အသားများကို ကြည့်ရှုရန်အတွက် နေရောင်ခြည်သည် အကောင်းဆုံးအမှတ်အသားဖြစ်သလို အကောင်းဆုံးလမ်းပြလည်း ဖြစ်တော့သည်။

သုံးယောက်သား ကျောက်ရုပ်ကြီးရှိရာသို့ ခန့်မှန်းကာ တောနက်ထဲမှ လျှောက်လာကြရာ မွန်းတည့်ချိန်ရောက်ကာနီး အချိန်လောက်တွင် ကျောက်ရုပ်ကြီးရှိရာသို့ရောက်လာကြလေတော့သည်။ ကျောက်ရုပ်ကြီးမှာ အခြားကျောက်ရုပ်ကြီးများထက် ပိုမိုမြင့်မားကာ အလုံးအထည်ကလည်း ကြီးမားလှသည်။ အမြင့်မှာလည်း ပေလေးဆယ်ကျော် ငါးဆယ်ခန့်ရှိပေရာ ကျွန်းပေါ်ရှိ အရုပ်များအားလုံးထဲတွင် အကြီးဆုံးအမြင့်ဆုံး အရုပ်ကြီးဖြစ်ဟန်ရှိသည်။

ထိုအရုပ်ကြီးထုလုပ်ပုံမှာ အခြားအရုပ်များ ထုလုပ်ပုံနှင့်မတူပဲ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တင်ထားခြင်းမျိုးမဟုတ်ပဲ လက်ပိုက် ထားခြင်းမျိုးဖြစ်၏။

မျက်နှာမှာလည်း ခက်ထန်ကြမ်းတမ်းလှပြီး ဦးခေါင်းထိပ်၌



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါင်းကဲ့သို့ အနီရောင်ကျောက်တုံးကြီးတစ်လုံးတင်ထားလေသည်။

"ဒီအရုပ်ကြီးကြည့်ရတာတစ်မျိုးပဲ တခြားကျောက်ရုပ်တွေနဲ့ မတူဘူး ဒီကျွန်းပေါ်မှာ သူက ကျောက်ရုပ်တွေရဲ့ဘုရင်ဖြစ်မယ်ထင်တယ်"

ဟု စောထီးက မှတ်ချက်ချသည်။

"ဒါက အရေးမကြီးဘူး ဒီလောက်မြင့်တဲ့ ကျောက်ရုပ်ကြီးရဲ့အပေါ် ရောက်အောင် ဘယ်လိုတက်ကြမှာလဲ"

"ဒီအတွက်တော့ မပူပါနဲ့ဆရာရယ် တပည့်ကျော်တာဝန်သာ ထားစမ်းပါ"

ငမဲအောင်က ထိုသို့ပြောဆိုပြီး ၎င်း၏လက်စွဲတော် လက်နက်ဖြစ်သည့် ကပ်ပါး(ရဲဒင်းအကြီးစား)ကြီးကိုကိုင်ကာ ရုပ်တုကြီးနှင့် အနီးဆုံးနေရာရှိ သစ်ပင်များကို တစ်ပင်ချင်းလိုက်ကြည့်နေလေသည်။ ထို့နောက် ကျောက်ရုပ်ကြီးအနီး၌ရှိသော အနီးဆုံးအမြင့်ဆုံးလည်း အကိုင်းအခက်များဝေဆာလျက်ရှိသော ကနစိုပင်တစ်ပင်ကို ကပ်ပါးနှင့်ခုတ်ကာ ရုပ်တုကြီးအပေါ်သို့ လှဲချလိုက်လေသည်။ ကနစိုပင်ကို ခပ်စောင်းစောင်းအနေအထားဖြင့် ထက်ဝက်သာ ခုတ်ဖြတ်သ ဖြင့် ရုပ်တုကြီးကိုယ်ပေါ်သို့မှီကာ လဲကျသွားလေတော့သည်။





"ကဲ လောကားရပြီမဟုတ်လား ဒီသစ်ပင်ပေါ်ကတက်သွားရင် ရုပ် တုကြီးရဲ့ ခေါင်းမကဘူး ထိပ်ပေါ်အထိတက်လို့ရတယ်"

ငမဲအောင်က သူ့လုပ်ရပ်ကို ဂုဏ်ယူဝင့်ကြွားကာ ပြောနေလေသည်။

"တော်ပါပေတယ် ငမဲအောင်ရယ်"

ထို့နောက် သုံးယောက်စလုံး သစ်ပင်ပေါ်မှတစ်ဆင့် ကျောက်ရုပ်ကြီးအပေါ်သို့ တက်သွားကြသည်။ သစ်ပင်ပေါ်မှတက်၍သာ တော်ရော့သည်။ ဒီအတိုင်းသာ တက်ရလျှင်တော့ အပေါ်သို့ ရောက်နိုင်ရန် မလွယ်လှပေ။

ကျောက်ရုပ်ကြီးပုခုံးပေါ် ရောက်သောအခါ ကျွန်းတစ်ကျွန်းလုံးကို အပေါ်စီးမှ ကြည့်နေရသကဲ့သို့ လှမ်းမြင်ရလေသည်။ ဒေါက်တာ မင်းထင်ကျော်က ပုခုံးပေါ်မှတစ်ဆင့် နဖူးနေရာကို ကြည့်လိုက်သောအခါ ဂဏန်းအက္ခရာဖြင့် တစ်ရာ (၁၀၀) ဟူသော အမှတ်အသားကို တွေ့ရသဖြင့် ရင်ထဲမှာ တဒိန်းဒိန်းခုန်လာသည်အထိ ဝမ်းသာသွားလေတော့သည်။

"တွေ့ပြီကွ တို့ရှာနေတဲ့ တစ်ရာမြောက်ကျောက်ရုပ်ကြီးကို တွေ့ရပြီကွ"

"ဒါဖြင့် ဘယ်လိုဆက်လုပ်ကြမလဲ ဆရာ"

"ဆရာကြီး သုရဇ္ဇဘာသာပြန်ပေးလိုက်တဲ့ မြေပုံအညွှန်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ပင်လယ်ဓားပြတွေမြှုပ်ထားတဲ့ ရတနာတွေလိုက်ရှာရမှာပေါ့"

"ဒီလိုဆိုရင် ဦးဘထော်ဆိုတဲ့ လူကြီးပြောသလို ဒီကျွန်းပေါ်မှာ ရတနာပစ္စည်းတွေရှိတယ်ဆိုတာ အမှန်ပဲပေါ့"

"ဒါကတော့ လိုက်ရှာကြည့်မှပဲ အဖြေသိရမှာပေါ့"

ထိုသို့ပြောဆိုနေကြစဉ် မိမိတို့စက်လှေရှိရာဘက်မှ သေနတ်သံများ ကြားရလေသည်။

"ဘယ်ကသေနတ်သံတွေလဲ"

"ကျွန်တော်တို့ စက်လှေရှိတဲ့ဘက်ကပဲ"

"ဒီလိုဆိုရင် တစ်ခုခုဖြစ်ပြီထင်တယ် တို့အမြန်သွားကြစို့"

ဟု ပြောဆိုကာ သုံးယောက်သား ကျောက်ရုပ်ကြီးပေါ်မှ ပြန်ဆင်းကာ မိမိတို့၏စက်လှေရှိရာသို့ အမြန်ပြန်ကြလေသည်။

စက်လှေရှိရာသို့ ပြန်ရောက်ကြသောအခါ အခြေအနေမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသောကြောင့် အံ့သြသွားကြသည်။ စက်လှေထဲ ပြန်ရောက်သောအခါမှ သူတို့ထင်သလို မဟုတ်မှန်းသိရလေတော့သည်။

စက်လှေထဲ၌ ကျန်နေခဲ့သော မိမိတို့အဖွဲ့သားများရော စက်လှေသမားများပါ အားလုံးကြိုးဖြင့် အတုတ်ခံထားရသည်ကို တွေ့ရသဖြင့် လိုက်လံ၍ ဖြေပေးရလေသည်။





"ဘယ်လိုဖြစ်ကြတာလဲ"

"မပြောပါနဲ့တော့ကွယ် မောင်ထင်ကျော်တို့ တောပေါ်တက်သွားပြီး မကြာပါဘူး တောပေါ်က သေနတ်ကိုင်ထားတဲ့လူတွေ ရောက်လာပြီးတော့ အားလုံးကိုကြိုးနဲ့တုတ်တော့တာပါပဲ ကျုပ်တို့လည်း အလစ်ဆိုတော့ ခံလိုက်ရတာပေါ့"

ဟု ဦးဗန်ကောင်းက ပြောပြသည်။

"ဘယ်သူတွေလဲ ပင်လယ်ဓားပြတွေလား"

"ပင်လယ်ဓားပြတွေတော့ မဟုတ်ဘူး"

"ဟင် ဒါဖြင့် ဘာတွေသယ်ယူသွားကြသေးလဲ"

"ကျုပ်တို့လက်နက်တွေနဲ့ စားနပ်ရိက္ခာတွေ သယ်ယူသွားကြတယ်။ နောက်ပြီး ခင်မေကျော်ကိုလည်း ဖမ်းခေါ်သွားကြတယ်"

"ဟင်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ သဘော ပေါက်သလို ဖြစ်လာသည်။

"ဒါ အတွင်းသစ္စာဖောက် တစ်ယောက်ယောက်ရဲ့ လက်ချက်မဟုတ်လား ဒီလိုဆိုရင် တခြားသူမဖြစ်နိုင်ဘူး ဦးဘထော်ပဲ ဖြစ်ရမယ်"

"သူပဲပေါ့ တောပေါ်မှာ အသင့်စောင့်နေတဲ့ သူ့လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



မောင်ထင်ကျော်အတွက် စာတစ်စောင်ပေးသွားတယ်" ကို ရှေ့ကပ်ပြီး —

သူပဲ အချက်ပြပြီး ခေါ်လိုက်တာပဲ မိန်းကလေးဖမ်းခေါ်သွားပြီး မောင်ထင်ကျော်အတွက် စာတစ်စောင်ပေးသွားတယ်"

ဟုပြောကာ ဦးဗန်ကောင်းက စာရွက်ခေါက်တစ်ခုကို ပေးလေသည်။ ယူပြီး ဖြန့်ကြည့်လိုက်တော့...

"မိန်းကလေး အသက်မသေစေချင်ရင်

ရတနာတွေရှာလို့ရပြီးရင် ငါတို့လက်ကိုအပ်ပါ"

ကျောက်ဘီလူး

ဟူ၍ဖြစ်သည်။

"ကျောက်ဘီလူးဆိုတာ ဘယ်သူလဲ"

"တခြားဟုတ်ပါ့မလား သစ္စာဖောက်ဦးဘထော်ဆိုတဲ့လူကြီးပဲပေါ့ အခုမှသိရတယ် သူကအကြံအစည်နဲ့ ဒီသင်္ဘောပေါ်ကို လိုက်လာတာပေါ့"

"ဒါဖြင့် အခုဘယ်လိုဆက်လုပ်ကြမလဲ"

"မိန်းကလေးရဲ့ အသက်ကိုကယ်ဖို့အရေးကြီးတယ် ကျွန်တော်တို့ အစီအစဉ်တွေ လုပ်ကြရအောင်"

ဟု ပြောဆိုကာ ရှေ့အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေသည်။





အခန်း(၁၄)

## *ဘီလူးခံတွင်းမှ ထွက်လာသောလူ*

သူတို့တတွေအတွက် ယခုလောလောဆယ် အရေးအကြီးဆုံးမှာ ခင်မေကျော်ကို အမြန်ဆုံးကယ်တင်နိုင်ရန်အတွက်နှင့် ရတနာပစ္စည်းများကို ရှာဖွေကြရန် ဖြစ်လေသည်။ နောက်တစ်နေ့တွင် အစီအစဉ်များ ပြုလုပ်ပြီးနောက် တောပေါ်သို့ ပြန်တက်ကြပြန်လေသည်။

သူတို့အဖွဲ့၌ လက်နက်က များများစားစားမကျန်တော့ပေ။ ဒေါက်တာမင်းထင်ကျော်တို့ တောပေါ် ယူသွားသော သေနတ်သုံးလက်သာ ကျန်ခဲ့တော့သည်။ ရန်သူများတွင် လူအင်အားရော လက်နက်ပါသာသောကြောင့် ယခုအခြေအနေတွင် ရင်ဆိုင်တိုက်ခိုက်ရန် မလွယ်ကူလှပေ။

သို့ကြောင့် ခင်မေကျော်နောက်လိုက်သို့ လိုက်ကြရန် ကိစ္စကို နောက်မှစီစဉ်ပြီး လောလောဆယ် ရတနာများကို အရင်ရှာဖွေရန်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ပြီး တောပေါ် တက်လာကြသည်။

"ဘယ်လိုလဲ မောင်ထင်ကျော် မြေပုံအညွှန်းထဲမှာပါတဲ့ အချက်အလက်တွေ နေရာတွေ တွေ့ရပြီလား"

"အညွှန်းထဲမှာပါတဲ့ တစ်ရာမှာတစ်ယောက်ဆိုတဲ့ တစ်ရာမြောက် ရုပ်တုကြီးကိုတော့ တွေ့ခဲ့ပြီးပြီ"

"ဒီလိုဆိုရင် အဲဒီအရုပ်ကြီးရှိတဲ့နေရာကိုသွားပြီး အညွှန်းစာသားအတိုင်း လိုက်ရှာရုံရှိတာပေါ့။ ဒါထက် ဦးဘထော်ဆိုတဲ့ လူကြီးက ဘယ်လိုဘယ်လို သစ္စာဖောက်သွားတာလဲ မောင်ထင်ကျော်ပြောတုန်းက သူကဝါးဖောင်နဲ့မျောလာတဲ့ တောသားကြီးတစ်ယောက်ဆို မဟုတ် ဘူးလား"

"ကျွန်တော်လည်း သူပြောတာ နားထောင်ပြီး အစက ဒီလိုပဲ ထင် မိတာပဲ နောက်တော့ သူ့ရဲ့အမူအယာတွေကိုကြည့်ပြီးတော့ စိတ်ထဲကသင်္ကာမကင်း ဖြစ်ခဲ့မိတယ် ပထမဆုံးသူ့ကို သိမ်ကြီးဈေးနားမှာ အခြားအဝတ်အစားတွေနဲ့စပြီး တွေ့လိုက်ရကတည်းကဆိုပါတော့"

"အဲဒီတုန်းက သူ့အမှန်ပဲလား တခြားရုပ်ချင်းတူတဲ့ လူတစ်ယောက်ရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ် ဒါပေမဲ့ တခြားလူဆိုရင် ကျွန်တော်တို့ကို တွေ့ရုံနဲ့ ထွက်ပြေးမှာ မဟုတ်ပါဘူး"





"အင်း ဒါလည်းဟုတ်ပေတာပဲ"

"နောက်မသင်္ကာစရာကောင်းတဲ့အချက်က ဟိုတစ်ညတုန်းက သင်္ဘောတစ်စင်းရဲ့ စက်သံကြားလိုက်တဲ့အချိန်မှာ မီးရောင် တဝင်းဝင်းလုပ်နေတာပဲ အဲဒီစက်လှေဟာ သူနဲ့အဆက်အသွယ်ရှိ တဲ့ စက်လှေဆိုတာ သေချာပါတယ် ခင်မေကျော်ကို ဖမ်းခေါ် သွားတာလဲ သူတို့ပဲ ဖြစ်ဖို့ သေချာပါတယ်"

"ဒါဖြင့် သူတို့က ဘယ်မှာလဲ"

"သူတို့စက်လှေက ဒီကျွန်းရဲ့ တစ်နေရာမှာ ရှိပါတယ်"

"ဒီလိုဖြင့် အခုလိုက်သွားကြမလား"

"အခုအချိန်မှာ သူတို့နဲ့ ရင်ဆိုင်တိုက်လို့ မသင့်သေးဘူး ရတနာတွေကိုရှာပြီးမှ ဥပါယ်တမျဉ်နဲ့ ပြန်တိုက်ကြရမယ်"

ဟုပြောကာ တောနက်အတွင်းသို့ ခရီးဆက်ခဲ့ကြလေသည်။ ၎င်းတို့တွေ့ထားသော ကျောက်ရုပ်ကြီးရှိရာနှင့် မလှမ်းမကမ်းနေရာသို့ ရောက်သောအခါ ငြီးငြူသံကြီးတစ်သံကိုကြားရလေသည်။

"ဟင်း ..ဟင်း ...ဟင်း"

"ဘာသံကြီးလဲ"

"လူငြီးသံကြီးဖြစ်မယ်ထင်တယ်"

"ဒဏ်ရာရထားတဲ့ လူတစ်ယောက်ငြီးသံမျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့နားဆီလောက်ကပဲ သွားကြည့်ရအောင်"

"သတိဝီရိယလည်းထားကြ အကြောင်းရှိရင်တော့ လက်မနှေးကြနဲ့"

ဟုပြောကာ ရှေ့သို့တိုးဝင်လာကြရာ ကျောက်ရုပ်ကြီးအနီးသို့ ရောက်လာကြလေသည်။ ထိုနေရာသို့ ရောက်သည်နှင့် ကျောက်ရုပ်ကြီး နောက်ဘက်မှ မည်းမည်းသဏ္ဍာန်တစ်ယောက် ခုန်ထွက်လာရာ စမင်အမျိုးသမီးတစ်ယောက်ပင်ဖြစ်၏။

၎င်းသည် ခါးအောက်ပိုင်း၌သာ ဖျာသားရေချပ်ကလေးဝတ်ထား ပြီးအပေါ်ပိုင်းမှာ အဝတ်မပါကိုယ်ဗလာပင်ဖြစ်၏။ ဒေါက်တာမင်းထင်ကျော်တို့က သူ့ကိုမြင်သည်နှင့် သေနတ်များဖြင့် ချိန်ထားလိုက်သည်။

ထိုအခါ စမင်အမျိုးသမီးက ထိတ်လန့်ကြောက်ရွံ့သောအမူအရာဖြင့် ဂူးဂူးဝါးဝါးနှင့်ပြောဆိုနေလေသည်။ ၎င်းပြောဆိုနေပုံမှာ တစ်စုံတစ် ခုကို ဝမ်းနည်းကြေကွဲသော ဟန်အမူအရာဖြင့် ပြောဆိုနေခြင်းဖြစ်၏။

"သူ့ကိုကြည့်ရတာ ကျွန်တော်တို့ကို ရန်မူမယ့်လက္ခဏာ မရှိဘူး၊ တစ်ခုခု ဒုက္ခရောက်နေတဲ့ပုံပေါ်တယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ခပ်တိုးတိုးကပ်ပြောလိုက်သည်။ စမင်အမျိုးသမီးက ကျောက်ရုပ်ကြီးနောက်သို့ လက်ညှိုး





ထိုးပြကာ တစ်စုံတစ်ခုပြောဆိုနေရာ သတိထား၍ နားထောင်ကြည့်လိုက်သောအခါ စောစောက ကြားနေရသော ငြီးငြူသံကြီးမှာ ထိုအရုပ်ကြီး နောက်နားဘက်ဆီမှ ဖြစ်လေသည်။

သို့ကြောင့် တစ်ယောက်နှင့်တစ်ယောက်တိုင်ပင်ပြီးနောက် ကျောက်ရုပ်ကြီးနောက်သို့ တိုးဝင်သွားကြရာ နောက်ဘက်တောစပ်တစ်နေရာ၌ လဲကျနေသော စမင်ကြီးတစ်ယောက်ကို တွေ့ရလေသည်။

စမင်ကြီးမှာ ပြင်းထန်သော ဒဏ်ရာဒဏ်ချက်တစ်ခုခုရထားဟန်ဖြင့် နေရာမှမထနိုင်ပဲ အော်ဟစ်ငြီးငြူနေခြင်းဖြစ်သည်။ သူသည် ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ ထိတ်လန့်ကြောက်ရွံ့ဟန် ဖြင့် ဂူးဂူးဝါးဝါး အော်ဟစ်ပြောဆိုနေလေသည်။

"သူ ဒဏ်ရာတစ်ခုခုရထားပုံရတယ်"

ဟုပြောကာ ဒေါက်တာ မင်းထင်ကျော်က သေနတ်ကို ကျော၌ လွယ်ထားလိုက်ပြီး ရှေ့သို့ခပ်ဖြည်းဖြည်း တိုးဝင်သွားလေသည်။ ပထမတော့ စမင်ကြီးမှာ ထိတ်လန့်ကြောက်ရွံ့ဟန်ဖြင့် လှုပ်လှုပ်ရှားရှားဖြစ်နေသော်လည်း ဒေါက်တာမင်းထင်ကျော်က သူ့ကိုရန်မမူမှန်းသိ သောအခါ တဖြည်းဖြည်းငြိမ်ကျသွားလေတော့သည်။

စမင်ကြီးမှာ ကိုယ်ခန္ဓာကြီးမားတုတ်ခိုင်သလောက် ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်မှ ချဉ်စူးစူး ပုပ်အက်အက်အနံ့များ အောက်သိုးသိုး အနံ့အသက်များ ထွက်နေလေသည်။

၎င်းမှာ ဒဏ်ရာပြင်းထန်စွာ ရထားဟန်ဖြင့် အသက်ကို ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အတော်ကြီး ကြိုးစားရှူနေရလေသည်။ ဒေါက်တာမင်းထင်ကျော်က အနားမှာထိုင်ပြီး အခြေအနေကို ကြည့်လိုက်သောအခါ စမင်ကြီး၏ ပခုံးစွန်းတဝိုက်တွင် သေနတ်ကျည်ဆံထိမှန်ထားဟန်ရှိသော ဒဏ်ရာကြီးတစ်ခုတွေ့ ရလေသည်။

ဒဏ်ရာမှာ ခဲဆိပ်များကြောင့် ညှိုမည်းနေကာ ထိုဒဏ်ရာကြောင့်ပင် အဖျားဝင်နေဟန်ရှိသည်။

"ဟိုတစ်နေ့က ကျုပ်တို့နဲ့ တိုက်ကြတဲ့ပွဲမှာ ဒဏ်ရာရသွားတဲ့ စမင်ကြီးဖြစ်မယ်ထင်တယ်"

"ဟုတ်မယ်ထင်တယ် အဲဒီဒဏ်ရာကြောင့် သူဖျားနေတယ် ဘယ်လိုလုပ်ရင် ကောင်းမလဲ"

တိုက်ကြခိုက်ကြတုန်းကတော့ သူအသက်ကိုယ့် အသက်လုကြရတာဆိုတော့ ရန်သူပေါ့ အခုအချိန်မှာတော့ သူကလူနာဖြစ်နေပြီ မောင်ရင့်မှာ ဆေးလွယ်အိတ်ပါတယ် မဟုတ်လား"

"ပါလာတယ်"

"သူ့ကို ဆေးကုပေးလိုက်ပါ ကုသိုလ်ရပါတယ်"





ဟု ဦးဗန်ကောင်းက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ကျောခွလွယ်ထားသော အိတ်ကိုအောက်သို့ချကာ ထိုအထဲမှ ဆေးပစ္စည်းအချို့ကိုထုတ်ကာ စမင်ကြီးအား ဆေးထိုးခြင်း၊ အနာကို ဆေးလိမ်းပေးခြင်းများ ပြုလုပ်ပေးသောအခါ ကျေးဇူးတင်သည့် မျက်လုံးများဖြင့် မော့ကြည့်နေလေသည်။ အတန်ကြာအောင် ဆေးဝါးကုသပေးသောအခါ ငြီးငြူသံများလျော့ပါးသွားပြီး အနည်းငယ်သက်သာလာဟန် ရှိလေသည်။ စမင်လူရိုင်းကြီးသည် စကားပြန်မပြောတတ်သော်လည်း ဒေါက်တာမင်းထင်ကျော်က လက်ဟန်ခြေဟန် အမူအယာဖြင့် ပြောဆိုသည်ကိုတော့ အနည်းငယ်နားလည်သဘောပေါက်ဟန်ရှိလေသည်။

နံဘေးနားမှ ရပ်ကြည့်နေသော စမင်လူရိုင်းမကြီးကလည်း ကျေးဇူးတင်နေသောမျက်နှာ ဝမ်းသာကျေနပ်နေသော အမူအရာဖြင့် ကြည့် နေလေသည်။

ထိုအခိုက်မှာပင် တောတိုးလာသံများကို အနီးကပ်မှကြားလိုက်ရမှ အလန့်တကြားကြည့်လိုက်တော့ စမင်လူရိုင်းများက ကျွန်ုပ်တို့တတွေ ကို ဝိုင်းထားကြသည်။ ၎င်းတို့လက်ထဲမှာလည်း လက်နက်များပါလာပြီး အခုပင်စေ့စေ့ညက်ညက်ကြေအောင် ထုချေသတ်တော့မည့်ဟန်မျိုး ဖြစ်သည်။

ကျွန်ုပ်တို့တတွေမှာ အင်အားများသော စမင်လူရိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းခံ လိုက်ရသောကြောင့် ဘယ်လိုလုပ်ရမှန်းမသိအောင် ဖြစ်နေကြစဉ် ဒေါက်တာမင်းထင်ကျော် ဆေးကုပေးထားသော စမင် သူကြီးကလဲနေရာမှ ကျိူးထလာပြီး စူးစူးဝါးဝါး အော်လိုက်သောအခါမှ ကျွန်ုပ်တို့အား ရန်မူရန် ဝိုင်းကပ်လာသော စမင်လူရိုင်းများမှာ အနည်းငယ်တန့်သွား လေသည်။

စမင်လူရိုင်းကြီးက နောက်ထပ်ပြောလိုက်သောအခါ စမင်လူရိုင်းအချို့က ရှေ့သို့တိုးထွက်လာပြီး ဒဏ်ရာရနေသော စမင်လူရိုင်းကြီးကို ပွေ့ထမ်းကာ တောထဲသို့ပြန်ဝင်သွားကြလေတော့သည်။

၎င်းတို့နောက်မှ စမင်လူရိုင်းမကြီးက လိုက်သွားရင်း ကျွန်ုပ်တို့ကို လှည့်ကြည့် လှည့်ကြည့်လုပ်သွားလေသည်။ ခဏကြာတော့ တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ ဒီတော့မှ ကျွန်ုပ်တို့ တတွေလည်း သက်ပြင်းချနိုင်ကြတော့သည်။

"အင်း စမင်လူရိုင်းတွေနဲ့ ရင်ဆိုင်တိုးတာတောင် ဘာမှမဖြစ်တာ ကျုပ်တို့တတွေကံကောင်းတယ်လို့ဆိုရမယ်"

"ဒါကတော့ ကိုယ့်စေတနာကိုယ်အကျိုးပေးတယ်ထင်ပါရဲ့ ကျွန်တော်တို့ကမှ သူတို့အပေါ်မှာ ရန်မမူတော့ သူတို့ကလည်း ဘယ်ရန်မူပါ့မလဲ"

"ဒါထက် စောစောက စမင်လူရိုင်းကြီးဟာ စမင်လူရိုင်းတွေ





ခေါင်းဆောင်ဖြစ်မယ်ထင်တယ် ဒါကြောင့်ရန်မမူကြတာလည်း ဖြစ်ချင်ဖြစ်မှာ"

"ဘာပဲဖြစ်ဖြစ် စမင်လူရိုင်းတွေနဲ့ မတိုက်ရတော့ ကျုပ်တို့တတွေ အလုပ်လုပ်ဖို့ အချိန်ပိုရတာပေါ့ ကိုင်း လူရိုင်းတွေလည်း မရှိတော့ဘူး ဆိုတော့ ကျုပ်တို့လုပ်ငန်းစလိုက်ကြရအောင်"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဆေးပစ္စည်းများကိုပြန်ထည့်လိုက်ပြီ မြေပုံအညွှန်းစာရွက်ကလေးကို ထုတ်လိုက်လေသည်။

ထို့နောက် စာရွက်ပေါ်မှာ ရေးထားသော စာများကိုတစ်ခေါက် ပြန်ဖတ်ကြည့်လိုက်သည်။

"တစ်ရာမှာတစ်ယောက်ပေမို့
ဘယ်ခြောက်ကာ ညာချိ
မြောက်သို့ဦးတည်
မှန်းမနည့်မိ
ရောင်ခြည်က ပြာလွှမ်း
ဆံမြိတ်ဦးမှာလ
မောင်တူးကာ ယူပေတော့
အလယ်လူ ဘယ်သူဖြစ်မယ်
ချင့်တွက်ဉာဏ်စွမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်သည်။

"ကဲ အဖြေဘာယ်လိုရှာကြမလဲ"

"လှို့ဝှက်ချက်တိုင်းမှာ အဖြေတစ်ခုရှိသလို ဖော်ထုတ်တတ်မယ်ဆိုရင် လှို့ဝှက်ထားတဲ့ ပဟေဠိတိုင်းမှာ အဖြေက ပါပြီးသားပါ အဲ တစ် ခုတော့ရှိတယ် ကောက်ချက်ချတာ လွဲရင်တော့ အဖြေမှန် မရနိုင်ဘူး ပေါ့"

ကျွန်ုပ်ပြောသော စကားကိုအားလုံးက စိတ်ဝင်စားကြလေသည်။

"ရှေးတုန်းက လင်္ကာလေးတစ်ပုဒ်ရှိခဲ့ဖူးတယ်"

တပြား ၂ ပြား ပဲလင်ပြား<br>
ပြားလောစက္ကူ ဖလံဖြူ<br>
ပလုပလဲ ပိုးတောင့်တဲ<br>
၃ ရင်ကောက် နို့ရေသောက်<br>
တောက်တီးတောက်တာ ပဲလဝါ<br>
ပဒါပတီး အောက်ကဆီး<br>
ညီးညီးပြောင်ပြောင် ပိုးရွှေတောင်<br>
ရွှေတောင်ခပဲ လက်ဝဲပေါက်၏<br>
တူတင်နင်တဘက် ထွက်လေရဲ့ ဘိတ်ဆုံး။

(မှတ်ချက် – မူရင်းစာသား သတ်ပုံရေးနည်းအတိုင်းဖော်ပြ





ထား ခြင်းဖြစ်ပါသည်) (စာရေးသူ)

"ဒီကဗျာလေးဟာ ရှေးကတည်းက ကလေးတွေဆော့ကစားတဲ့ နေရာမှာဆိုတဲ့ ကဗျာလေးပါပဲ"

"နို့မဟုတ်ဘူးလားဗျ"

"မဟုတ်ပါဘူး တောင်တွင်းကြီးနယ် မိုးကောင်းတိုက်ဆိုတဲ့ ရွာကလေးတစ်ရွာက ငထင်လို့ခေါ်တဲ့ ပသီကုလားတစ်ယောက်ရဲ့ ငွေဖြစ်အောင်လုပ်တဲ့ ငွေဖြစ်နည်း လှို့ဝှက်ချက်ပါပဲ"

"စိတ်ဝင်စားစရာပဲဗျို့ နည်းသိရင်ပေးပါဦး စိတ်ဝင်စားလို့ပါ"

ဟု ဦးဗန်ကောင်းက ဝမ်းသာအားရပြောလေသည်။

"အခုတော့ အလုပ်ကိစ္စတစ်ဖက်နဲ့မို့ အေးအေးဆေးဆေး မရှိသေး ဘူး ရန်ကုန်ပြန်ရောက်တော့မှ ပြောပြပါ့မယ်"

ထိုအခါ ဦးဗန်ကောင်းက မရှိသွားဖြ အမူအယာဖြင့် ...

"ကောင်းပါပြီဗျာ ကောင်းပါပြီ"

ဟု ပြောလိုက်လေသည်။

"ဒီလိုပဲ နောက်တစ်နည်းလည်းရှိသေးတယ်ဗျ (အင်တိုင်းငယ်သာ မာလာကပွင့်ဖူး တစ်ပင်ကိုနှစ်ပင်ယှက်တယ် ကျေးငှက်ကမြူး) ဆိုတဲ့ကဗျာပဲ အဲဒါလည်း ငွေဖြစ်နည်း လုပ်ထုံးတစ်ရပ်ပဲ"

"ကျုပ်က အင်္ဂရိတ်သမားဆိုတော့ ခင်ဗျားပြောပြတဲ့နည်း



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ တကယ်ကို သွားရည်ယိုစရာတွေပဲမို့ ရန်ကုန်ပြန်ရောက်ရင်တော့ အဲဒီနည်းတွေကိုပြောဖြစ်အောင် ပြောပြစမ်းပါဦး"

"စိတ်ချပါ ပြောပြပါ့မယ်"

"ကဲ အခုတော့ ဒီလျှို့ဝှက်ချက်ကို အရင်ဖော်ထုတ်ပေးပါဦး"

"လျှို့ဝှက်ချက်တိုင်းမှာ အဖြေကပါပြီးသားပါ သူ့စာသားမှာပါတဲ့ အရေးကြီးတဲ့ စာလုံးတွေကို အရင်ဖယ်ထုတ်ကြည့်ကြရအောင်"

ဟုပြောကာ ကျွန်ုပ်က စာရွက်ပေါ်မှ အရေးကြီးသော စာလုံးများ ကို ဖောင့်တိန်ဖြင့် ရေးခြစ်လိုက်ရာ အောက်ပါအတိုင်း တွေ့ကြရလေသည်။

တစ်ရာ မှာတစ်ယောက်ပေမို့
ဘယ်ချောက် ကာ ညာချို
မြောက်သို့ ဦးတည်
မွန်းမတည့်မီ
ရောင်နီ ကဖြာလွှမ်း
ဆံမြိတ်ဦး မှာလ
မောင် တူးကာယူ ပေတော့
အလှယ်လှ ဘယ်သူဖြစ်မယ်





ချင့်တွက်ကာဉာဏ်စွမ်း။

ကျွန်ုပ်မှင်ဖြင့်ခြစ်ထားသော စာလုံးများကို သီးသန့်ထုတ်လိုက်ပါက အောက်ပါအတိုင်း တွေ့ရလေသည်။

တစ်ရာ၊ ဘယ်ချောက်၊ ညာချို၊ မြောက်သို့၊ ရောင်နီ၊ မွန်းမတည့်မီ၊ ဆံမြိတ်ဦး၊ တူးကာယူ၊ အလယ်လှုပ်ဟူသော စာသားများကို တွေ့ကြ ရသည်။

"တစ်ရာမှာတစ်ယောက်ဆိုတော့ ဒီကျွန်းပေါ်မှာရှိတဲ့ ကျောက်ရုပ် တွေထဲက တစ်ရာမြောက်ရုပ်တုဖြစ်မယ်ဆိုတာ ထင်ရှားပါတယ်"

"ဟုတ်ပြီ"

"ဘယ်ခြောက်ကာ ညာချိုဆိုတာကတော့ ကျောက်ရုပ်ရဲ့ ဘယ် ဘက်ကနေ ညာဘက်ကိုသွားရမယ့် အဓိပ္ပာယ်ပါပဲ"

"ဘယ်နေရာကို ဘယ်လိုသွားရမှာလဲ"

"စာရဲ့အဓိပ္ပာယ်က မွန်းမတည့်မီ ရောင်ခြည်ကဖြာလွှမ်း ဆံမြိတ်ဦးမှာလဆိုတဲ့ အဓိပ္ပာယ်တွေကို ကောက်ကြည့်ရမယ်ဆိုရင် မွန်းတည့်ကာနီးမှာ ကျလာတဲ့နေရောင်ခြည်ကြောင့် ဒီကျောက်ရုပ်ကြီးထိပ်ရဲ့ အရိပ်ဘယ်နေရာကိုကျမလဲဆိုတာ စောင့်ကြည့်ကြတာပေါ့ ကျူပ်ထင်တာ မှန်မယ်ဆိုရင်တော့ အဖြေတစ်ခု သိရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုကာ ကျောက်ရုပ်ကြီးအနီးတွင်ထိုင်ကာ အမောဖြေရင်း စောင့်ကြလေသည်။

နေရောင်ခြည်က သစ်တောများအပေါ်မှ ကျော်တက်လာပြီးနောက် တဖြည်းဖြည်းနှင့် ရုပ်တုကြီးတည့်တည့်သို့ ရောက်လာလေတော့သည်။ လက်မှနာရီကိုကြည့်လိုက်တော့ နေ့လည် (၁၂) နာရီထိုး ကာနီးနေပြီ။

မှန်းတည့်ချိန်ရောက်လာသောအခါ ကျောက်ရုပ်ကြီး၏ အရိပ်က ဘယ်ဘက်သို့ ခပ်စောင်းစောင်းထိုးကျနေရာမှ (၁၂) နာရီအချိန်လောက်တွင် ညာဘက်သို့ သိသိသာသာကြီး စောင်းကျသွားကာနောက်တော့ ၎င်း၏အရိပ်မှာ ဂူပေါက်ဝတစ်ခုဆီသို့ကျကာ ခဏကြာတော့ သစ်ရိပ်များနှင့်ကွယ်ကာ ပျောက်သွားလေတော့သည်။

နေရောင်ခြည်နှင့် အရိပ်ပေါ်လာသည်မှာ အချိန်မကြာလှပေ၊ ခဏလေးမျှသာ တွေ့လိုက်ရခြင်းဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ ဝမ်းသာသွားကြပြီး ကျောက်ရုပ်ကြီး၏ ဦးခေါင်းအရိပ်ထိုးကျရာ ဂူပေါက်ဝနေရာကို မှတ်သားကာ ထိုဂူပေါက်ဝရှိရာသို့ သွားကြလေသည်။ ကျောက်ဂူပေါက်ဝရှိသောနေရာမှာ အရုပ်ကြီးရှိသော နေရာနှင့် မဝေးလှပေ။

ဂူပေါက်ဝမှာ အပြင်ဘက်မှ သင်ပင်ချုံနွယ်များ ပိတ်ဆီး





ကာထားသောကြောင့် ဂူပေါက်ဝရုတ်တရက်မတွေ့နိုင်ပေ။

"ကိုင်း ဒီနေရာမှာ ဂူပေါက်ဝတစ်ခုရှိတဲ့ပုံပဲ အပေါက်ကပိတ်နေတဲ့ သစ်ချုံတွေရှင်းလိုက်ကြရအောင်"

ဟုပြောကာ ဓား၊ ရဲဒင်းများဖြင့် ခုတ်ထွင်ရှင်းလင်းကြလေသည်။

ထိုသို့ရှင်းရာမှာ ကျွန်ုပ်တို့ လူကြီးများက ဝင်ရောက်ရှင်းစရာမလိုပဲ စောထီး၊ ငမဲအောင်နှင့် သန်းထိုက်တို့ လူငယ်သုံးယောက်သာအား ကြိုးမာန်တက်ခုတ်ထွက်ရှင်းလင်းကြလေသည်။ ထိုသို့ရှင်းနေစဉ် အတန်ကြာတော့ ...

"အမယ်လေး"

သန်းထိုက်အော်သံကြားရပြီး ကျွန်ုပ်တို့ရှိရာဘက်သို့ ပြန်ပြေးလာသည်။

"ဘာဖြစ်တာလဲ ဘာမြင်ခဲ့လို့လဲ"

"ဟိုမှာ ... ဟိုမှာ"

သန်းထိုက်က လက်ညှိုးထိုးပြသဖြင့် အနီးသို့သွားကြည့်ကြသောအခါ ဂူပေါက်ဝ၌ ကြီးမားသော ကြောက်မက်ဖွယ်ကောင်းလှသည့် မျက်နှာကြီးတစ်ခုကို တွေ့ကြရလေသည်။ အခြားမဟုတ်ပေ။ ဂူအပေါက် ဝမှာ ပါးစပ်ပေါက်ကြီးဖြစ်ပြီး ဂူမျက်နှာပြင်တစ်ခုလုံးမှာ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးမျက်နှာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်တော့သည်။

အသေအချာကြည့်ပါက ဘီလူးတစ်ကောင် ပါးစပ်ဟထား သောပုံကို ကျောက်ဂူမျက်နှာပြင်တစ်ခုလုံးကို ထုဆစ်ပုံဖော်ထား ခြင်းပင် ဖြစ်တော့သည်။

"ကြောက်စရာကောင်းလိုက်တာ ဘယ်လိုပုံကြီးလဲ"

"ဘီလူးမျက်နှာကြီးလေ ဂူမျက်နှာပြင်တစ်ခုလုံးကို ဘီလူး မျက်နှာကြီး ထုထားတာ"

"ဂူပေါက်ဝက ပါးစပ်ပေါက်နေရာဆိုတော့ ဘီလူးခံတွင်း ပေါက်ထဲကို ကျုပ်တို့တွေက ဝင်ရမလိုဖြစ်နေပြီ"

"မတတ်နိုင်ဘူး အညွှန်းအတိုင်းဆိုရင်တော့ ဒီဂူပေါက်ထဲကို ပင် ဝင်ကြရမှာပဲ"

စောထီးတို့ သုံးယောက်တက်ညီလက်ညီရှင်းလိုက်ကြရာ အတန် ကြာသောအခါ ဂူပေါက်ဝနှင့် မျက်နှာပြင်တစိုက်မှာ အတန်အသင့်ရှင်း လင်းသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ဂူပေါက်ဝမှ အတွင်းဘက်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ အတော်ဝေးဝေးနေရာ ရောက်သည်အထိ လှမ်းမြင်ရသော်လည်း အတွင်းဘက်၌ ထူး ထူးခြားခြား ဘာမှမမြင်ရပေ။

သို့ကြောင့် အတွင်းသို့ဝင်ကြည့်ကြရန် တိုင်ပင်ကြပြီးနောက်





လက်နက်များကို အဆင်သင့်ပြင်ကာ အတွင်းသို့ ဝင်ခဲ့ကြလေ သည်။ ဂူမှာ အတွင်းဘက်၌ အတန်အသင့်ကျယ်ဝန်းသော်လည်း လူသူအရောက်အပေါက်ရှိဟန်တော့ မတူပေ။

"ကျုပ်တို့မြေပုံအညွှန်းအရဆိုရင် ရတနာတွေရှိမယ်ဆိုရင် ဒီဂူထဲမှာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ် အညွှန်းထဲမှာပါတဲ့ အတိုင်းဆိုရင် ဒီအတိုင်းတော့တွေ့မယ်မထင်ဘူး တူးယူရလိမ့်မယ်ထင်တယ်"

"ဒီလိုပဲ စိတ်ရှည်လက်ရှည်လိုက်ရှာကြည့်ရမှာပေါ့"

ဟု ပြောဆိုကာ ဂူအတွင်းဘက်နေရာအနှံ့သို့ လက်နှိပ်မီး ရောင်များဖြင့် လိုက်လံထိုးကြည့်ကြရာ တစ်နေရာရောက်သော အခါ ဂူနံရံတစ်နေရာရှိ ကျောက်တုံးတစ်တုံးနံဘေးတွင် ကပ်နေ သော လူတစ် ယောက်ကို တွေ့ရလေသည်။

"ဟင်"

ထိုလူမှာ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ဆံပင်စုတ် ဖွားဖွားနှင့်ရှိနေကာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကျောက်တုံး နောက်ကွယ်၌ ပုန်းကွယ်နေခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့က ပထမတော့ ရန်သူတစ် ယောက်ဟုထင်ကာ သေနတ်များဖြင့် ချိန်ထားကြသော်လည်း အတန်ကြာသော အခါ မိမိတို့အား ရန်မူမည့် ရန်သူမဟုတ်မှန်း



www.burmeseclassic.com

www.burmeseclassic.com



သိရတော့မှ အနီးကပ်သွားပြီး အခြေအနေကို မေးရလေသည်။

"ခင်ဗျားဘယ်သူလဲ ကျွန်တော်တို့ကို မကြောက်ပါနဲ့ ခင်ဗျားကို ရန်ပြုမယ့်သူတွေ မဟုတ်ပါဘူး"

ဟု အကျိုးအကြောင်းပြောပြတော့ ကြောက်ကြောက်ရွံ့ရွံ့နှင့် နေရာမှထလာလေသည်။

"ဟင် ခင်ဗျားဘယ်သူလဲ"

ထိုလူမှာ လူရိုင်းတစ်ယောက်မဟုတ်ပေ။ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော်လည်း မြန်မာလူမျိုးတစ်ယောက်မှန်း သိသာပေသည်။ သူသည် အားအင်ချိနဲ့နေဟန်ဖြင့် ကယိမ်းကယိုင်ဖြစ်နေသောကြောင့် ဒေါက်တာမင်းထင်ကျော်တို့က တွဲခေါ်လာကြလေသည်။





အခန်း(၁၅)

ရတနာများကိုတွေ့ရလေပြီ

ဝူအပြင်တစ်နေရာပြန်ရောက်တော့ ထိုလူကိုပါလာသောရေနှင့် အစားအစာများကိုကျွေးတော့ အားရပါးရစားပြီးမှ အားရှိလာပုံရသည်။

"ကျွန်တော်တို့က မြန်မာပြည်ကလာကြတာပါ ခင်ဗျားဘယ်သူလဲ ဘယ်ကနေ ဘယ်လို ဒီကျွန်းပေါ် ရောက်နေတာလဲ"

"ကျုပ်လည်း မြန်မာပြည်ကပဲလာတာပါ ကျုပ်နာမည် ဦးကျော်ဖံလို့ ခေါ်ပါတယ်"

"ဟင်"

"ခင်ဗျားကြောင်တစ်ရာလမ်းက ဦးကျော်ဖံလား"

"ဟုတ်ပါတယ် ခင်ဗျားတို့က ဘယ်လိုသိကြတာလဲ"

"အခုလိုပြန်တွေ့ရတာ ဝမ်းသာစရာပဲ ကျွန်တော်တို့က



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို ရှာဖို့လာကြတဲ့လူတွေပါ။ ခင်ဗျားရဲ့သမီး ခင်မေကျော်တောင် ပါလာသေးတယ်"

ထိုစကားကြားသောအခါ ဦးကျော်ဖံဆိုသော လူကြီးမှာ လှုပ်လှုပ် ရှားရှားဖြစ်သွားလေသည်။

"ဟင် သမီး ခင်မေကျော်ပါလာတယ်ဟုတ်လား အခု သူ ဘယ် မှာလဲဟင်"

"သူရှိပါတယ် နောက်တော့တွေ့ရမှာပါ အခုလောလောဆယ် ခင်ဗျား ဘယ်လိုဒုက္ခတွေနဲ့ ကြုံခဲ့ရတယ်ဆိုတာ ပြောပြပါဦး"

ဟု မေးတော့မှ ရေတစ်ကျိုက်မော့သောက်လိုက်ပြီးမှ ၎င်း၏ အကြောင်းများကို အကျဉ်းချုပ်ကာ ပြောပြလေသည်။

"ကျုပ်နဲ့ဦးကျင်စွမ်းနဲ့ အတူတူပူးပေါင်းပြီးတော့ စက်လှေတစ်စင်းနဲ့ ဒီကျွန်းပေါ်ကိုလာပြီး ရတနာတွေရှာကြတာပါ"

"ရတနာတွေ ရကြလား"

"မရသေးပါဘူး ဒါပေမဲ့ ဘယ်နေရာမှာရှိတယ်ဆိုတာတော့ သိရပါပြီ"

"ခင်ဗျားက တစ်ယောက်တည်း ဒီကျွန်းပေါ်မှာ ဘယ်လို ကျန်နေတာလဲ ဦးဘထော်ဆိုတဲ့လူက ခင်ဗျားသေပြီလို့ပြောတယ်"

"ဦးဘထော် ဘယ်ကဦးဘထော်လည်း ကျုပ်လည်းတစ်ခါမှ





မသိရပါလား"

"ခင်ဗျားနဲ့ ဒီကျွန်းပေါ်မှာ တွေ့ခဲ့ကြတဲ့လူလေ၊ သူ့ဆီမှာ ခင်ဗျားရဲ့ မှတ်တမ်းစာအုပ်နဲ့ ကြေးပြားတစ်ချပ်တောင်ပါလာသေးတယ်"

ထိုစကားကြားသောအခါ ဦးကျော်ဖံမှာ တအံ့တဩဖြစ်သွားဟန် ရှိလေသည်။

"ခင်ဗျားတို့ တစ်ခုခုတော့ မှားနေပြီထင်တယ် ကျုပ်ဆီက မှတ်တမ်းစာအုပ်နဲ့ ကြေးပြားကိုယူသွားတာ ဦးဘထော်မဟုတ်ပါဘူး၊ ဦးကျင်စွမ်းဆိုတဲ့လူပါ"

"ဟင်"

"ဒီလိုဗျ ဦးကျင်စွမ်းနဲ့ ကျုပ်နဲ့က ဒီကျွန်းပေါ်မှာ ရတနာတွေရှိတယ်ဆိုတာ သိရလို့ ရှာရအောင်လာကြတာပါ ဒီကျွန်းပေါ်ရောက်တော့ ကျုပ်တို့နဲ့ ပါလာတဲ့ လူအတော်များများက လူရိုင်းတွေလက်ချက်နဲ့ သေကုန်ကြတယ်၊ ကျုပ်တို့မှာ ရတနာမြေပုံအညွှန်းကြေးပြားချပ်ပါလာ ပေမယ့် အဓိပ္ပာယ်မဖော်တတ်ကြလို့ ဘယ်လိုမှ ရှာလို့မတွေ့ကြဘူး"

"ဆက်ပြောပါဦး"

"တစ်နေ့တော့ လူရိုင်းတွေနဲ့ တိုက်ကြခိုက်ကြရင်း ကျုပ်တို့နှစ်ယောက်က လွတ်သွားလို့ ဂူထဲမှာ ဝင်ပုန်းနေကြရတယ်။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကြေး ပြားချပ်သာရှိပြီး အစိပ္ပာယ်မဖော်နိုင်လို့ ရတနာတွေကို မရခင်မှာ ကျင်စွမ်က ကျုပ်ဆီက ကြေးပြားနဲ့ မှတ်တမ်းစာအုပ်ပါ ယူပြီး ပြန်ပြေးသွား တော့ ကျုပ်တစ်ယောက်တည်း ကျွန်းပေါ်မှာ ကျန်ခဲ့ရတာပါ"

"ဒါဖြင့် ကျွန်တော်တို့နဲ့တွေ့တဲ့ ဦးဘထော်ဆိုတာ ဦးကျင် စွမ်ပဲပေါ့"

ဒေါက်တာမင်းထင်ကျော်က ဦးဘထော်၏ ပုံပန်းသဏ္ဍာန်ကို ပြောပြလိုက်လေသည်။

"အမှန်ပါပဲ ခင်ဗျားပြောတဲ့ ပုံသဏ္ဍာန်အတိုင်းဆိုရင် ကျင် စွမ်ရဲ့ ပုံပါပဲ ဒီလူက သစ္စာမရှိပဲ ကြေးပြားပေါ်က အစိပ္ပာယ်ကို သူဖာသာ သိအောင်ကြိုးစားပြီး ရတနာတွေကို သူတစ်ယောက် တည်း အပိုင်စီးချင်လို့ ကြံစည်တာပါပဲ"

ဦးကျော်ဖံ ပြောပြတော့မှ ဦးဘထော်တဖြစ်လည်း ဦးကျင်စွမ်၏ အကြံအစည်ကို သိရလေတော့သည်။

"ဒီလူကြီးက အကြံတော့အတော်ကြီးတယ်၊ ကျွန်တော်တို့ နှစ်ယောက်နဲ့ အဆက်အသွယ်ရပြီးကတည်းက လျှို့ဝှက်ချက် တွေကို ကျွန်တော်တို့ကို ရှာခိုင်းပြီး သူကနောက်ကနောက်ယောင်ခံ လိုက်နေတာကိုး အခုလည်း ဒီကျွန်းပေါ်မှာ ကျွန်တော်တို့ရတနာ တွေကိုရအောင် ရှာပြီးရင် အပိုင်ယူဖို့ ကြံစည်နေပြန်ပြီ"





"အခုလိုသိထားတော့လည်း ကိုယ့်ဘက်က ပြင်ဆင်သင့် တာတွေ ပြင်ဆင်ရတာပေါ့ မောင်ထင်ကျော်ရယ်"

ဒေါက်တာမင်းထင်ကျော်က ဦးကျော်ဖံကို ဆက်မေးသည်။

"သူက စက်လှေယူပြီးပြန်သွားတော့ ဦးကျော်ဖံက ဒီကျွန်း ပေါ်မှာ ဘယ်လိုနေသလဲ"

"ကျုပ်လည်း ကိုယ့်အသက်ကိုကြံဖန်မွေးရတာပေါ့ဗျာ၊ ဒီကျွန်းပေါ်မှာ လူသားစား လူရိုင်းတွေကရှိတော့ သူတို့နဲ့ မတွေ့ အောင် ရှောင်ရင်းရတဲ့ အစားအစာကို ရှာဖွေစားသောက်ရ တာပေါ့။ ဒီလို ပုန်းအောင်းရင်းမှာပဲ ပင်လယ်ဓားပြတွေဝှက်ထား တဲ့ ရတနာတွေဝှက်ထားတဲ့ နေရာကို အမှတ်မထင်ရှာဖွေတွေ့ရ တော့တယ်"

"ဘယ်နေရာမှာလဲ"

"ကျုပ်နဲ့တွေ့တဲ့ လိုဏ်ဂူရဲ့ အတွင်းဘက်မှာရှိတယ် အဲဒီ နေရာကို လူရိုင်းတွေကလည်း မကြာခဏလာကြတယ်"

"သူတို့က ဘယ်မှာနေတာလဲ"

"သူတို့က မီးတောင်ဟောင်းကြီးရဲ့ အတွင်းဘက်မှာ နေကြတယ်ထင်တယ်၊ လိုဏ်ဂူတွေရဲ့ အောက်မှာ မြေအောက် တွင်းလမ်းတွေရှိလို့ တစ်နေရာနဲ့တစ်နေရာ မြေအောက်ကသွား လာလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်ဖံ ရတနာတွေကို ယူထားပြီးပြီလား"

"ကျုပ်က ကိုယ့်အသက်ရှင်ဖို့တောင် မနည်းကြိုးစားနေရတာဆိုတော့ဘာမှ မယူရသေးပါဘူးဗျာ ဒီကျွန်းပေါ်မှာလည်း ရတနာတွေက အစားအစာတစ်ခုလောက် အသုံးမဝင်လှပါဘူး"

ဟု ပြောပြသဖြင့် ဦးဘထော်တဖြစ်လည်း ဦးကျင်စွမ်ဆိုသော လူ၏ယုတ်မာပတ်စက်သလောက် အကြံကြီးပုံများကို သိကြရလေတော့သည်။

ခရီးစဉ်တလျှောက်လုံး မိမိတို့ကို ကောင်းစွာအသုံးချခဲ့ပြီး ယခု လည်း ရတနာပစ္စည်းတွေရလျှင် အဆင်သင့်ယူရန်အတွက် ခင်မေကျော်ကို ဖမ်းထားကြပြန်လေပြီ။

ဒေါက်တာမင်းထင်ကျော်က ဦးကျော်ဖံအား အကြောင်းအရာများကို အကျဉ်းချုပ်ကာ ပြောပြလိုက်လေသည်။

"ဟင် ဒါဖြင့် ကျုပ်သမီးလေးကို သူတို့ဖမ်းထားကြပြန်ပြီပေါ့ ဘယ်လို လုပ်ကြမလဲဟင်"

"စိတ်မပူပါနဲ့ ကျွန်တော်တို့ရအောင် ကယ်ပေးပါ့မယ်"

ဦးကျော်ဖံကို ပြန်တွေ့ရသောကြောင့် ဦးကျော်ဟန်နှင့် သန်းထိုက်တို့ကလည်း ဝမ်းသာကြလေသည်။

ထို့နောက် ဂူထဲသို့နောက်တစ်ကြိမ်ပြန်ဝင်ပြီး ရတနာများကိုယူရန် တိုင်ပင်ကြလေသည်။





"ရတနာရှိတဲ့နေရာမှာ လူရိုင်းတွေလည်းရှိတယ် သူတို့ မသိအောင် ဝင်ယူမှရမယ် သိရင်တော့ အားလုံးသေကုန်ကြမှာပဲ"

"ဦးကျော်ဖံနေရာသိတယ်မဟုတ်လား"

"သိတယ် ဘီလူးမျက်နှာနဲ့တူတဲ့ ဂူကြီးရဲ့အတွင်းဘက် ကျောက်ဂူ တစ်ခုထဲမှာ ထည့်ထားတာပါ"

"ကိုင်း ဒါဖြင့် ဒီလိုလုပ်ကြမယ်"

ဟု ဒေါက်တာမင်းထင်ကျော်က အစီအစဉ်များပြောပြလေသည်။ ထို့နောက် အချို့ကို ဂူအပြင်ဘက်၊ အချို့ကို ဂူအတွင်းဘက်များတွင် နေခဲ့စေပြီး ဂူအတွင်းကိုတော့ (၆) ယောက်သာ ဝင်ကြလေသည်။

ကျွန်ုပ်၊ ဒေါက်တာမင်းထင်ကျော်၊ စောထီး၊ ငမဲအောင်၊ ဦးဗန်ကောင်းနှင့် ဦးကျော်ဖံတို့ဖြစ်ကြလေသည်။ သည်တစ်ကြိမ်မှာ ဦးကျော်ဖံက လမ်းပြပေးသောကြောင့် အခက်အခဲမရှိဝင်နိုင်ကြလေသည်။

ဂူအတွင်းပိုင်းသို့ရောက်သောအခါ ကျောက်ချပ်ကြီးဖြင့် ပိတ်ဆို့ထားသော ဂူပေါက်ဝတစ်ခုကို တွေ့ရလေသည်။

"ဒီကျောက်ပြားချပ်ကို ဖွင့်လိုက်ရင် အတွင်းဘက်မှာ ရတနာပစ္စည်းတွေ ရှိသလို လူရိုင်းတွေလည်း ရှိနိုင်တယ် ဒါပေမယ့် သူတို့က အမြဲတော့ မရှိကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးကျော်ဖံက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒီလိုဆိုရင်တော့ သူတို့မရှိတဲ့အချိန် စောင့်ဝင်ရမှာပဲ"

ဦးကျော်ဖံက ငြိမ်ငြိမ်နေရန် အချက်ပြလိုက်ပြီး ကျောက်ဂူနံရံကိုကပ်ကာ နားထောင်နေလေသည်။ အတန်ကြာမှ ...

"အထဲမှာတော့ အသံမကြားရဘူး သူတို့မရှိကြဘူးနဲ့တူတယ်"

"ဒါဖြင့် ဝင်ကြမလား"

"အခြေအနေကောင်းရင် ဝင်ကြတာပေါ့"

ဟုပြောဆိုတိုင်ပင်ကာ နောက်ထပ်တစ်ကြိမ် နားကပ်ထောင်ကြည့်သောအခါမှာလည်း အတွင်းဘက်၌ ဘာသံမှမကြားကြရသဖြင့် ပိတ်ထားသော ကျောက်ချပ်ကြီးကို လူအားဖြင့်ဘေးသို့ တွန်းဖယ်လိုက်ကြသည်။

ဂူ၏အတွင်းဘက်မှာ တမျှော်တခေါ် ရှည်လျားသော လိုဏ်ခေါင်းလမ်းကြီးဖြစ်ပြီး လူရိုင်းများကိုမူ တစ်ယောက်တလေမှ မတွေ့ရပေ။ ဂူပေါက်ဝမလှမ်းမကမ်းမှာတော့ သံသေတ္တာကြေးသေတ္တာနှစ်လုံးချထားသည်ကို တွေ့ရသည်။

သေတ္တာအဖုံးများမှာ ရိုက်ချိုးဖျက်ဆီးထားပြီး အတွင်းမှ ရွှေငွေ ရတနာများကို တွေ့မြင်ကြရလေသည်။ သေတ္တာအဖုံးများကို ရိုက်ချိုးဖျက်ဆီးထားကြဟန်ရှိပြီး ရွှေငွေရတနာပစ္စည်းများမှာ





၎င်းတို့အတွက် ဘာမှအသုံးမဝင်သောကြောင့် ဒီအတိုင်းထားကြဟန်ရှိပေသည်။

ထို့နောက် ကျွန်ုပ်တို့တစ်တွေသည် ရတနာသေတ္တာနှစ်လုံးကို အပြင်သို့ သယ်ထုတ်ကြပြီးနောက် ဂူပေါက်ဝကို ကျောက်ပြားဖြင့်ပြန် ပိတ်ထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၆)

## မစ္စရိုယ်ရောင်ပြန်

မျှော်လင့်ထားသည့် အတိုင်းပါပေ။ ကျွန်ုပ်တို့တစ္တေ ဂူပေါက်ဝအပြင်ဘက်သို့ ပြန်လည်ထွက်လာကြသောအခါ ဂူပေါက်ဝ၌ စောင့်ဆိုင်းနေသည့် လူများကလာရောက် သတင်းပေးလေသည်။

"ဂူအပြင်တောထဲမှာ ရန်သူတွေရောက်နေကြပြီ"

"လူရိုင်းတွေလား"

"မဟုတ်ဘူး ဟိုတစ်နေ့က စက်လှေပေါ်ရောက်လာပြီး ကျုပ်တို့ တစ္တေကို ဖမ်းခဲ့ကြသူတွေပဲ"

"ဒါဖြင့် တောထဲမှာစောင့်ကျန်ခဲ့ကြတဲ့ စောထီးနဲ့ ငမဲအောင်တို့ကရော တွေ့သေးလား"

"အင်း ဒီအတိုင်းဆိုရင်တော့ သူတို့ရန်သူတွေရဲ့ စက်လှေဆီ





ကို သွားကြပြီနဲ့တူတယ်"

ဒေါက်တာမင်းထင်ကျော်က ဂူအတွင်းသို့မဝင်မီက စောထီးနှင့် ငမဲအောင်တို့အား အပြင်မှာစောင့်နေစေပြီး အကယ်၍ ရန်သူများက ရတနာများရှိရာသို့ လာရောက်ရှာဖွေနေကြစဉ် ၎င်းတို့၏ စက်လှေရှိရာသို့သွားကာ အပိုင်စီးယူငင်ဖို့ရန် မှာထားခဲ့သဖြင့် ထိုသို့မှတ်ချက်ချ လိုက်ခြင်းဖြစ်သည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ မောင်ထင်ကျော် ဒီအတိုင်း ဂူအပြင်ဘက်ကိုထွက်သွားပြီး ကျုပ်တို့ရှာဖွေထားတဲ့ ရတနာတွေကို သူတို့လက်ထဲ အပ်လိုက်ကြမှာလား"

ဟု ဦးဇန်ကောင်းက မေးလိုက်သည်။

"ဒီအတိုင်းတော့ မအပ်ပါဘူး ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်ကြပါ"

ဟုပြောကာ ရတနာသေတ္တာများကို ဂူအတွင်းဘက်သို့ ပြန်သယ် သွားပြီး သေတ္တာနှစ်လုံးထဲမှ ရတနာပစ္စည်းများကို အခြားအထုပ်များ အတွင်းသို့ ပြောင်းထည့်ကာ သေတ္တာနှစ်လုံးထဲသို့ ကျောက်ခဲများ အပြည့်ပြန်ထည့်စေသည်။

ပြီးမှ အပေါ်ယံမှ ရတနာပစ္စည်းအချို့တင်ကာ အဖုံးကိုပြန်ပိတ်ထားလိုက်လေသည်။ ထို့နောက် မူလနေရာတွင် ဟန်မပျက်ပြန်တင် ထားလိုက်ကြသည်။ အားလုံးပြီးစီးတော့မှ မိမိအဖွဲ့သား



www.burmeseclassic.com

www.burmeseclassic.com



များအား အစီအစဉ်များပြောကာ ဂူအတွင်းသို့ ဝင်ကာ ခြေရာဖျောက်ခိုင်းလိုက်လေတော့သည်။

အတန်ကြာတော့ ဂူအပြင်ဘက်မှ ဆူဆူညံညံအသံများကြားရသဖြင့် ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း ဂူအပြင်သို့ ထွက်လာလေသည်။

ဂူပေါက်ဝအနီးရောက်တော့ ဦးဘထော်တို့တတွေကို တွေ့ရလေသည်။ အားလုံး ဆယ်ယောက်ခန့်ရှိပြီး သေနတ်ကိုယ်စီနှင့်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်ကိုမြင်တော့ သေနတ်နဲ့ချိန်ထားကြသည်။

မလှမ်းမကမ်းမှာ လူနှစ်ယောက်က ခင်မေကျော်ကို ဖမ်းထားကြသည်ကိုလည်း တွေ့ရသည်။ ဒေါက်တာမင်းထင်ကျော်ကိုမြင်တော့ ဦးဘထော်က သေနတ်ဖြင့်ချိန်ထားရင်း ရှေ့သို့တိုးလာသည်။

"ခရီးသွားဖော် အချင်းချင်းတွေပဲဗျာ ဘာကြောင့် သေနတ်ကြီး တကားကားနဲ့ ရန်မူချင်နေရတာလဲ"

"အပိုစကားတွေပြောမနေနဲ့ ကျန်တဲ့လူတွေဘယ်မှာလဲ"

"ဂူထဲမှာ ရတနာတွေဝင်ရှာခိုင်းရင်းနဲ့ လူရိုင်းတွေနဲ့တွေ့လို့ သေ ကုန်ကြပြီ"

"ဦးဘထော်က ဒေါက်တာမင်းထင်ကျော်စကားကြားသော





အခါ ဖဝေဖဝါဖြစ်သွားဟန်ရှိသည်။

"မင်းတို့ဒီဂူထဲမှာ ရတနာတွေတွေ့ထားကြပြီမဟုတ်လား"

"ဟုတ်တယ် တွေ့ထားပြီ"

"ဒါဖြင့် ဘယ်မှာလဲ"

"ဒီအတိုင်းတော့ ဘယ်ပြနိုင်ပါ့မလား ဦးဘထော်ရယ် ခင်ဗျားကတိအတိုင်း အလဲအလှယ်လုပ်မှ ပြပေးလို့ဖြစ်မှာပေါ့"

ထိုစကားကြားသောအခါ ဦးဘထော်က အတန်ကြာအောင် စဉ်းစားနေလေသည်။

"အေးလေ တို့အတွက်က ဒီမိန်းကလေးက ဘာမှအရေးမကြီးပါဘူး ရတနာပစ္စည်းတွေသာ ပြပေးမယ်ဆိုရင် ချက်ချင်း လွှတ်ပေးပါ့မယ်"

"ကောင်းပြီလေ ဒီလိုဆိုရင်လည်း လိုက်ပြပေးမယ် ကျုပ်နောက်က လိုက်ခဲ့ကြပေတော့"

ဟုပြောကာ ရှေ့မှ ဦးဆောင်ခေါ်သွားလေရာ ဦးဘထော်တို့တတွေမှာ နောက်မှ ဝင်လိုက်လာကြသည်။ သေတ္တာနှစ်လုံးရှိရာသို့ ရောက်သောအခါ ...

"ဟောဒီမှာ ခင်ဗျားညာထိနီညာထ်နက် အမျိုးမျိုးသုံးပြီး ရှာဖွေနေတဲ့ ရတနာသေတ္တာနှစ်လုံးပဲ"

ဟု ပြောလိုက်ရာ ဦးဘထော်မှာ ဖဝေဖဝါဖြစ်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းပြောတဲ့စကား အဓိပ္ပာယ်ကဘာလဲ"

"ကျုပ်ပြောတဲ့စကားအဓိပ္ပာယ်ကို ခင်ဗျားသိပါတယ် တကယ်တော့ ခင်ဗျားဟာ ဦးဘထော်မဟုတ်ပဲ ဦးကျင်စွမ်ဆိုတာရယ် လုပ်ဖော်ကိုင်ဖက် ဦးကျော်ဇံကို ရက်ရက်စက်စက် ဒီကျွန်းပေါ်မှာထားခဲ့တာတွေရော ကျုပ်တို့ကို နည်းအမျိုးမျိုးနဲ့ လှည့်စားပြီး ရတနာတွေကို မတွေ့တွေ့အောင်ရှာနိုင်းပြီးမှ အနုလိုအပိုင်စီးယူဖို့တွေပါ အားလုံး သိပါတယ်"

"ဒါတွေကို ဘယ်လိုသိတာလဲ မင်းစုံထောက်လား"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပဲ ပြုံးနေလေသည်။

"အေးလေ ဒီအကြောင်းတွေကို မင်းသိလို့လည်း ဘာမှအရေးမကြီးတော့ပါဘူး ဘာကြောင့်လည်းဆိုတော့ မင်းဟာတစ်ယောက်တည်း ကျန်ခဲ့ပြီး လူရိုင်းတွေသတ်လို့သေရတော့မယ့်လူပဲ"

ဟုပြောကာ သဘောကျစွာ ရယ်မောနေလေရာ ၎င်း၏ရယ်သံမှာ ဂူထဲ၌ ဟိန်းထွက်နေတော့သည်။

"ဒါကတော့ ကံတရားပေါ့ဗျာ ကဲ ရတနာတွေကိုအပ်ပြီ ခင်မေကျော်ကိုသာ ကျုပ်ဆီကိုလွှတ်လိုက်ပါ"





"ရတနာသေတ္တာတွေကို အရင်ဖွင့်ပြပါ"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က သေတ္တာအဖုံးနှစ်ချပ်ကို ဖွင့်ပြလိုက်ရာ အပေါ်ယံ၌ တင်ထားသော ရွှေငွေရတနာများက အရောင်တဝင်းဝင်းလက်နေတော့သည်။

"ဟာ ဒီတစ်ချီတော့ဖြင့် အကြံအောင်ပြီဟ တစ်သက်လုံးကြိုးစား ရှာခဲ့တဲ့ ရတနာတွေ ဒီတစ်ခါတွေ့ရပြီဟ ဟေ့ကောင်မလေးကို လွှတ်ပေးလိုက် ပြီးတာနဲ့ရတနာပစ္စည်းသေတ္တာတွေကို အမြန်သယ်ထုတ်ကြပေတော့"

ဟုပြောလိုက်ရာ လူနှစ်ယောက်က ခင်မေကျော်ကို လွှတ်ပေးလိုက်လေသည်။ ခင်မေကျော်က ဒေါက်တာမင်းထင်ကျော်ရှိရာသို့ ပြေးလာလေသည်။

ထိုအနိုက်မှာပင် ပိတ်ထားသော ဂူပေါက်ဝတံခါး ကျောက်ပြားမှာ ဝုန်းခနဲ ပွင့်ထွက်သွားပြီးအတွင်းမှ စမင်လူရိုင်းများထွက်လာကြလေတော့သည်။

၎င်းတို့ထွက်လာသည်ကိုမြင်သောအခါ ဒေါက်တာမင်းထင်ကျော်က ခင်မေကျော်ကိုဖက်ကာ ကျောက်နံရံ၌ ကပ်နေလိုက်လေသည်။

စမင်လူရိုင်းများက သူတို့နှစ်ယောက်ကိုတွေ့သော်လည်း ရန်မမူ ပဲ သေတ္တာနှစ်လုံးယူသွားသော ဦးဘထော်တို့နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



သဲကြီးမဲကြီး လိုက်သွားကြလေတော့သည်။ စမင်လူရိုင်းများလက်ထဲ၌ ကျောက်လက်နက်များအပြင် အဆိပ်လူးမြှားများ ထည့်ပစ်သည့် မှုတ်ပြောင်း များလည်း ပါလာကြလေသည်။

ဦးဘထော်တို့က လူရိုင်းများကိုမြင်သောအခါ သေနတ်များဖြင့် ပစ်ခတ်ကြသလို လူရိုင်းများကလည်း မြှားများဖြင့်ပစ်ခတ်ခြင်း၊ နောက်ဘက်မှ ဆူညံစွာ အော်ဟစ်လျက် ပြေးလိုက်သွားကာ ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ဦးဘထော်တို့က သေနတ် (၁၀) လက်နှင့် လူ (၁၀) ယောက်သာရှိပြီး စမင်လူရိုင်းတို့က များပြားလှသောကြောင့် တစ်ယောက်ပြီး တစ်ယောက် လဲကျသေဆုံးကြလေတော့သည်။ ဂူအတွင်းမှာလည်း သေနတ်သံနှင့် အော်ဟစ်သံများက ဆူညံလျက် ရှိနေတော့သည်။

လူရိုင်းများက ဦးဘထော်တို့နောက်သို့ သဲကြီးမဲကြီးလိုက်သွားကြစဉ် ဒေါက်တာမင်းထင်ကျော်က ပုန်းအောင်းနေသည့် မိမိအဖွဲ့သားများကိုခေါ်ကာ ဂူအတွင်းဘက်သို့ဝင်ကာ မီးတောင်ထိပ်မှ အပေါ်သို့ ရောက်အောင်တက်ကြလေတော့သည်

ဦးဘထော်တို့တတွေမှာ ရတနာသေတ္တာနှစ်လုံးကိုပင် မယူနိုင်တော့ပဲ မိမိတို့ သင်္ဘောရှိရာဆိပ်ကမ်းရောက်အောင် အသက်လုကာ ပြေးကြရလေတော့သည်။





သင်္ဘောရှိရာဆိပ်ကမ်းသို့ ရောက်သောအခါ သင်္ဘောကို မတွေ့ရတော့ပေ။ အဘယ်ကြောင့်ဆိုသော် စက်လှေပေါ်၌ ကျန်ခဲ့သော အ စောင့်နှစ်ယောက်၊ သုံးယောက်တို့မှာ စောထီးနှင့် ငမဲအောင်တို့ လက်ချက်ဖြင့် သေဆုံးသွားကြပြီးနောက် စက်လှေကို ၎င်းတို့ကယူဆောင် သွားကြပြီဖြစ်သောကြောင့် ဖြစ်သည်။

၎င်းတို့အဖွဲ့မှာလည်း စမင်လူရိုင်းများ လက်ချက်ကြောင့် နောက်ဆုံးနှစ်ယောက် သုံးယောက်မျှသာကျန်သည့်အပြင် သေနတ်များထဲမှာလည်း ကျည်ဆံကမရှိတော့ပေ။ ပင်လယ်ကမ်းစပ်ဘက်သို့ ရောက်သောအခါ သူတို့အတွက် ပြေးလမ်းမရှိတော့သဖြင့် နောက်ဆုံးလူရိုင်းအုပ်စုများက မီလာပြီးနောက် ဖမ်းဆီးသတ်ဖြတ်ခြင်း ခံလိုက်ကြရလေတော့ သည်။

ဦးဘထော်အမည်ခံ ဦးကျင်စွမ်ခမျာ သူမက်မောလှသည့် ရတနာ ပစ္စည်းများကို မရခဲ့သည့်အပြင် အသက်ပါဆုံးရှုံးခဲ့ရပြီး သူ၏ကောက် ကျစ်ယုတ်မာမှုကို ခံခဲ့ရသည့် ဦးကျော်ဓံ တစ်ယောက် သေကံမရောက် သက်မပျောက်ခဲ့သော အဖြစ်ကိုပင် သိခွင့်မရနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၇)

<u>*သိင်္ဂါရှနိဒါန်းအစ*</u>

ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ မီးတောင်ထိပ်ဝမှ အောက်သို့ဆင်းကာ မှိုမိတို့စက်လှေရှိရာသို့ ရောက်အောင်ပြန် နိုင်ခဲ့ကြလေသည်။

ကမ်းစပ်ပြန်ရောက်တော့ စက်လှေနှစ်စင်း ယှဉ်တွဲ ရပ်ထားသောကြောင့် စောထီးနှင့် ငမဲအောင်တို့ ပြန်ရောက် ကြောင်း သိရလေသည်။ ထို့ထက် ဦးကျော်ဖံနှင့် သမီးဖြစ်သူ ခင်မေကျော်တို့ ပြန်တွေ့ကြရာ ဝမ်းသာအားရဖြစ်ရသော မြင်ကွင်းကလည်း အားလုံးအတွက် စိတ် ချမ်းမြေ့ဖွယ်ရာမြင်ကွင်း ပင်ဖြစ်တော့သည်။ ခင်မေကျော်ကမူ ဒေါက်တာမင်းထင်ကျော် အား ကျေးဇူးတင်ကြောင်း တဖွဖွပြောဆိုနေ လေသည်။

ထိုအခိုက်မှာပင် တောနက်ထဲမှ လူရိုင်းများ၏ အော်ဟစ်သု ည်သံများကို ကြားကြရလေသည်။





"ဆရာ ကျွန်တော်တို့ ဒီကနေအမြန်သွားမှဖြစ်မယ် လူရိုင်း တွေ လိုက်လာကြပြီ"

ထိုသို့ပြောပြီး ကမ်းစပ်ရောက်အောင် ဆင်းနေကြစဉ်မှာပင် တောထဲမှ လူရိုင်းအုပ်စုများ ရောက်လာရုံမက အချို့က ပင်လယ် ထဲမှပင် တက်လာကြသောကြောင့် ပြေးပေါက်မရှိအောင် ဖြစ် သွားကြလေတော့သည်။

ယခုအနေတွင် ကျွန်ုပ်တို့အဖွဲ့တွင် သေနတ်သုံးလက်သာ ကျန်ပြီး ကျည်ဆံကလည်း များများစားစား မကျန်တော့ပေ။ အားလုံးဘယ်လိုလုပ်ရမည်မသိအောင်ဖြစ်နေကြစဉ် လူရိုင်း များက စက်ဝိုင်းသဏ္ဍာန် ပတ်ဝိုင်းလာကြသည်။

၎င်းတို့လက်ထဲတွင် လက်နက်များအပြင် ဦးဘထော်တို့ လက်မှ ပြန်ယူလာသော သေတ္တာနှစ်လုံးလည်း ပါလာကြသည်။ နောက်ဆုံး အခြေအနေရောက်ကာမှ လူရိုင်းများ ပတ်ဝိုင်းခြင်းကို ခံရသော ကြောင့် ထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

ဒေါက်တာမင်းထင်ကျော်က မိမိအဖွဲ့သားများကို ဘာမှ မလုပ်ကြ ရန်ပြောပြီး အဖွဲ့ခေါင်းဆောင်ပီပီရှေ့သို့ထွက်သွားလေ သည်။ ထိုအခါ လူရိုင်းခေါင်းဆောင်ကလည်း ရှေ့သို့ထွက်လာ သည်။ အခြားမဟုတ်ပေ တောသဲ၌ သူဆေးကုပေးလိုက်သည့် လူရိုင်းကြီးပင်ဖြစ်သည်။

လူရိုင်းကြီးက ဒေါက်တာမင်းထင်ကျော်ရှေ့သို့ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဦးညွတ်ကာ အရိုအသေပေးလိုက်လေသည်။ ထိုအခါ လူရိုင်းအားလုံးက မြေပေါ်သို့ဝပ်ကာ မျက်နှာအပ်ပြီး အရိုအသေပေးကြလေသည်။

"ဟင်"

ထိုအပြုအမူကိုတွေ့သောအခါ အားလုံးမှာ အံ့ဩဝမ်းသာဖြစ်သွား ကြလေသည်။

ထို့နောက် လူရိုင်းခေါင်းဆောင်က ၎င်းတို့ဘာသာစကားဖြင့် လှမ်းအော်ပြောလိုက်သောအခါ လူရိုင်းလေးယောက်က သေတ္တာနှစ်လုံးကို ယူလာပြီး ဒေါက်တာမင်းထင်ကျော်ရှေ့သို့ လာချပေးသည်။ လူရိုင်းခေါင်းဆောင်က လက်ဟန်ခြေဟန်ဖြင့် လက်ဆောင်ပေးခြင်းဖြစ်၍ ယူသွားရန်ပြောပြလေသည်။

BURMESE CLASSIC .com

ထိုအခါ ဒေါက်တာမင်းထင်ကျော်ကလည်း မိမိလူများကို သင်္ဘောနှစ်စင်းထဲ၌ရှိသော အစားအသောက်များ အဝတ်အထည်များနှင့် ဓား၊ လှံ၊ ရဲဒင်းစသော လက်နက်များအပြင် အသုံးအဆောင်ပစ္စည်းများကို လက်ဆောင်ပြန်ပေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းကိုင်ဆောင်သောဓားကို လူရိုင်းခေါင်းဆောင်လက်သို့ ထည့်ပေးလိုက်သောအခါ များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားလေတော့သည်။

ထို့နောက် လူရိုင်းများကို နှုတ်ဆက်ပြီး သင်္ဘောပေါ်သို့ တက်ကာ ရတနာဒီပကျွန်း သို့မဟုတ် ကျောက်ဘီလူးကျွန်းမှ ပြန်





လည်ထွက်ခွာလာကြရာ စမင်လူရိုင်းများက ကျွန်းပေါ်မှ အော်ဟစ်ခုန်ပေါက်ကာ နှုတ်ဆက်ရင်း ကျန်ခဲ့ကြလေသည်။

"အင်း ကျုပ်တို့တတွေ ဘယ်လောက်များ ကံကောင်းသလဲဆို ရင် ရတနာပစ္စည်းတွေကို လှို့လှို့ဝှက်ဝှက် ယူလာရုံမကဘူး ကျောက်ခဲတွေထည့်ထားတဲ့ သေတ္တာနှစ်လုံးတောင် အဆစ်ရလိုက်သေးတယ်"

"ဟုတ်ပါ့ဗျာ တကယ်လို့သာ ဒီသေတ္တာနှစ်လုံးကို ဦးဘထော်တို့ ရသွားလို့လမ်းရောက်မှ ကျောက်ခဲတွေဖြစ်နေရင်တော့ ယူကျုံးမရဖြစ်တော့မှာပဲ"

"ဒါကတော့ စေတနာမှန်တဲ့ ကံတရားပေါ့ဗျာ ကျုပ်တို့အဖွဲ့ထဲမှာ ကံအကောင်းဆုံးလူတစ်ယောက်လည်း ရှိသေးတယ်ဗျ"

"ဘယ်သူလဲဗျ"

"ဘယ်သူရှိမလဲ ကျုပ်တို့ဆရာမင်းထင်ကျော်ပေါ့ဗျာ"

"ဘာတွေများ ကံကောင်းလို့လဲဗျ"

"ရတနာတွေရတာနဲ့ ပိုပြီးကံကောင်းတဲ့အချက်ပေါ့ဗျာ ကျုပ်တို့ သင်္ဘောပေါ်မှာ ပါလာတဲ့ ခင်မေကျော်ဆိုတဲ့ မိန်းကလေးရဲ့ အသက်ကို နှစ်ကြိမ်တိုင်တိုင် ကယ်ထားခဲ့ရတယ်လေဗျာ လူရိုင်းတွေလက်ထဲက တစ်ကြိမ် လူဆိုးတွေလက်ထဲက တစ်ကြိမ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေဗျာ"

"ကျုပ်တို့ မြန်မာခေလှေမှာ ထိမ်းမြားခြင်းမြောက်တဲ့ မိန်းမ (၁၂) မျိုးထဲမှာ ဓဇပဋ စစ်တိုက်ရာ ရန်သူ့လက်အတွင်း ကယ်ခဲ့တဲ့ မိန်းမဟာ ထိမ်းမြားခြင်းမြောက်တယ်ဆိုတော့ ဒီမိန်းကလေးကိုလည်း ကျုပ်တို့ ဆရာမင်းထင်ကျော်က ပိုင်ဆိုင်ခွင့်ရှိနေပြီပေါ့ဗျာ ဒါထက်ကံကောင်း တာ ဘာရှိသေးသလဲ"

ကျွန်ုပ်တို့စကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ ပြာပြာသလဲဖြစ်သွားပြီး ....

"ဆရာရယ် မတော်လို့ ကြားသွားရင် ကျွန်တော့်အပေါ် တစ်မျိုးတမည်ထင်နေပါဦးမယ်"

ဟု တောင်းပန်လေသည်။

"မောင်ရင်က အတိုက်အခိုက်နဲ့ ကြံရည်ဖန်ရည်ကောင်းသလောက် အချစ်ရေးကိစ္စတွေမှာတော့ အတော်ကလေးလိုသေးတာပဲ ကျုပ်လည်း အခုထက်ထိ မိန်းမမရသေးတဲ့လူပါပဲ ဒါပေမဲ့ ဒီလောက်တော့ လူကဲခတ်တာ မညံ့လှပါဘူး"

"ဆရာက ဘယ်လိုများ အကဲခတ်မိလို့လဲ"

"မိန်းကလေးတစ်ယောက်ရဲ့ အမူအယာကိုအကဲခတ်ကြည့်တတ်ရင် မြင်သာနိုင်ပါတယ်။ တခြားမကြည့်နဲ့ ဟိုဘက်စက်လှေတစ်စင်းပေါ်မှာ သူ့အဖေနဲ့ အခြားလူတွေပါလျက်နဲ့ သူက ဒီစက်လှေပေါ်မှာ လိုက်လာကတည်းက မောင်ကမရိပ်မိသေးဘူးလား"





ထိုအခါမှ မိမိစက်လှေပေါ်မှာ ပါလာသော ခင်မေကျော်ကို သတိ ရမိတော့သည်။

"ကိုင်းသိပြီမဟုတ်လား အခု မိန်းကလေးက စက်လှေဦးပိုင်းမှာ တစ်ယောက်တည်း ရှိနေတယ်။ စကားပြောဖော်မရှိလို့ တစ်ယောက်တည်း ပျင်းနေရှာမှာပေါ့ မောင်ရင်က အဖော် သွားလုပ်ပေးသင့်တာပေါ့"

"ဟာ ဆရာကလည်း"

ဒေါက်တာမင်းထင်ကျော်က ရှက်ကိုးရှက်ကန်းဖြစ်နေလေရာ ကျွန်ုပ်အပါအဝင် ကျန်အဖွဲ့သားအားလုံးက ဝိုင်းဝန်းတိုက်တွန်းပြီး စက်လှေဦးပိုင်းရောက်အောင် ပို့ဆောင်ပေးလိုက်ကြရလေတော့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် ခင်မေကျော်တို့နှစ်ယောက်၏နောက် ပိုင်းစာတ်လမ်းကိုတော့ စာဖတ်သူနှစ် သက်သဘောကျသလိုသာ စာတ်သိမ်းပေးပါတော့ဟု ပန်ကြားရင်း ကျွန်ုပ်ရေးသားထားသော (ကျောက် ဘီလူးကျွန်း) အမည်ရှိ ဂန္တိရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သည်။

*အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု*

ဖြိုးစစ္ဆာ



www.burmeseclassic.com